ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 20 June 2018 ၄၃၂၃

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေ ပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ် မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

# ထာဝရငြိမ်းချမ်းရေးစေတီတော် သတ္တဋ္ဌာနမူလဋ္ဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညို

နေပြည်တော် ဇွန် ၁၉

**နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီး၌ တည်ထားကိုးကွယ်မည့် ထာဝရငြိမ်းချမ်းရေးစေတီတော် သတ္တဋ္ဌာနမူလဋ္ဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညို၍ သတ္တဋ္ဌာနမူလဋ္ဌာပနာ ဗုဒ္ဓရုပ်ပွားတော်များအား မူလဋ္ဌာပနာတိုက်အတွင်း ထည့်သွင်းပူဇော်ကြသည်။**

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနား မစတင်မီ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍



ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထာဝရငြိမ်းချမ်းရေးစေတီတော် သတ္တဋ္ဌာန မူလဋ္ဌာပနာတိုက်အတွင်း ထည့်သွင်းပူဇော်မည့် ဋ္ဌာပနာပစ္စည်းများအား ဖူးမြော်ကြည်ညိုကြစဉ်။

**(၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲ ၃၆၀၊ ကျောက်မျက် ၃၃၆ တွဲ၊ ကျောက်စိမ်း ၆၇၉၅ တွဲ ရောင်းချမည်**

စာမျက်နှာ - ၈

**ထိုင်း-မြန်မာ သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အခမ်းအနား ကျင်းပ**

စာမျက်နှာ - ၁၁

**တရားမဝင် ရွှေ့ပြောင်းအခြေစိုက်သူများ၏ ခိုလှုံရာစခန်းအဖြစ် အမေရိကန်ကို အရောက်မခံနိုင်ဟု သမ္မတထရန့်ပြော**

စာမျက်နှာ - ၁၂



# ကြေးမုံ

## နိုင်ငံ့ပုံရိပ်လှပအောင် ဝိုင်းဝန်းမြှင့်တင်

နိုင်ငံတစ်နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နေနိုင်ရန်အတွက် နိုင်ငံကို နိုင်ငံတကာ ဂုဏ်ဒြပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ထားရမည်ဖြစ်သလို နိုင်ငံ၏ပုံရိပ် စဉ်ဆက်မပြတ် မြင့်မားတောက်ပနေစေရန်အတွက် နိုင်ငံသူ နိုင်ငံသားအားလုံးအနေဖြင့် ကိုယ်စီကိုယ်စီ စည်းကမ်းတကျ ပြုမူနေထိုင်တတ်ရန် အရေးကြီးသည်။

နိုင်ငံသူ နိုင်ငံသားများ စည်းကမ်းတကျပြုမူနေထိုင်သည်ဆိုရာ၌ အမှိုက်စွန့်ပစ်သည့် အသေးအဖွဲကိစ္စမှအစ အရာရာတွင် စည်းကမ်းလိုက်နာသည့် အလေ့အကျင့်ကောင်းများ မွေးမြူကြရန် လိုအပ်ပေသည်။ ယင်းနှင့်ပတ်သက်၍ မွန်ပြည်နယ် မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ်၌ ကျင်းပခဲ့သော ငြိမ်းချမ်းရေးစကားဝိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "နေရာတကာ သွားလေရာ အမှိုက်ပစ်တဲ့သူဟာ ကိုယ့်တန်ဖိုးကို ကိုယ်ပြတာဖြစ်ပြီး ကိုယ့်ရဲ့ပတ်ဝန်းကျင်ကိုလည်း တန်ဖိုးမထားရာရောက်ကြောင်း၊ ကိုယ့်ပတ်ဝန်းကျင်ကို တန်ဖိုးမထားတာဟာ ကိုယ်နေထိုင်တဲ့နိုင်ငံကြီးကို တန်ဖိုးမထားတာ ဖြစ်ပါကြောင်း၊ အဲဒီလို အသေးအဖွဲလေးတွေကအစ တာဝန်သိစိတ်နဲ့ နေရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို တန်ဖိုးရှိချင်ရင် ကိုယ့်ပတ်ဝန်းကျင်ကို တန်ဖိုးရှိအောင်ထားရမည် ဖြစ်ပါကြောင်း၊ ကိုယ့်ရဲ့အသိုင်းအဝိုင်းအတွင်းမှာ စိတ်ဓာတ်တွေပြောင်းဖို့ဆိုတာ ကိုယ့်စိတ်ဓာတ်ကို ပထမဆုံးပြောင်းရမည်ဖြစ်ပါကြောင်း" မှာကြားခဲ့သည်။

မြန်မာနိုင်ငံရှိ မြို့ပြဒေသများတွင် နိုင်ငံသူ နိုင်ငံသားများအပိုင်း၌ စည်းကမ်းလိုက်နာမှု အားနည်းနေသည်ကို တွေ့ရသည်။ ရန်ကုန်မြို့ကဲ့သို့ မြို့ကြီးများတွင် မြို့သူ မြို့သားများ အသိစိတ်ဓာတ်ရှိစွာဖြင့် လုပ်ကိုင်ဆောင်ရွက်ရသည့် အမှိုက်စွန့်ပစ်ခြင်း၊ ဈေးရောင်းဈေးဝယ်ပြုလုပ်ခြင်းအပိုင်းတွင် စည်းကမ်းလိုက်နာမှု အားနည်းသည်ကို တွေ့ရသည်။ အထူးသဖြင့် ကွမ်းတံတွေးထွေးခြင်း၊ အရက်သေစာရောင်းချခြင်းတို့ကို နေရာအနှံ့တွင် မြင်တွေ့နိုင်ပြီး နိုင်ငံ့ပုံရိပ်၊ မြို့ပြပုံရိပ်မှာ အကျည်းတန်အရုပ်ဆိုးနေသည်။

သက်ဆိုင်ရာ စည်ပင်သာယာရေးမှ ဝန်ထမ်းများက မြို့ပြသန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို နေ့စဉ်နှင့်အမျှ ဆောင်ရွက်ပေးနေသော်လည်း ပြည်သူအချို့၏စည်းကမ်းလိုက်နာမှု အားနည်းသောကြောင့် မြို့ပြပုံရိပ်ကို ထိခိုက်စေသောမြင်ကွင်းများ ဆက်လက်မြင်တွေ့နေရဆဲဖြစ်သည်။ အဓိကမှာ မိမိကိုယ်ကိုတန်ဖိုးထားသည့်စိတ်ဓာတ်၊ မိမိပတ်ဝန်းကျင်ကို တန်ဖိုးထားသည့်စိတ်ဓာတ်များ ပါးလျားနေသောကြောင့်ဖြစ်သည်ဟု ဆိုနိုင်သည်။ စည်းကမ်းကြပ်မတ်သော်လည်း ဖြစ်မလာခြင်းမှာ မိမိတို့၏ အသိစိတ်ဓာတ်များကို မပြောင်းလဲနိုင်သောကြောင့် ဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်မှာကြားသကဲ့သို့ မိမိတန်ဖိုးကို မိမိကိုယ်တိုင်ပြသရမည် ဖြစ်သည်။ မိမိကိုယ်ကို တန်ဖိုးမထားလျှင် မိမိပတ်ဝန်းကျင်ကိုလည်း တန်ဖိုးမထား၊ မိမိနိုင်ငံကိုပင် အလေးမထားရာရောက်ပေသည်။ ထို့ကြောင့် မိမိနိုင်ငံကို အလေးထားပြီး မိမိပတ်ဝန်းကျင်ကို မြှင့်တင်နိုင်ရန်အတွက် မိမိကိုယ်ကို တန်ဖိုးရှိသူတစ်ယောက်ဖြစ်အောင် အလေးထားပြုပြင်ပြောင်းလဲဖို့ လိုအပ်ပေသည်။ ဈေးရောင်းလျှင် စည်းကမ်းတကျဈေးရောင်း၊ အမှိုက်ပစ်လျှင် စည်းကမ်းတကျအမှိုက်ပစ်၊ စည်းကမ်းတကျ ကွမ်းစားခြင်း၊ အရက်သေစာသောက်စားခြင်းတို့ ပြုသင့်ပေသည်။

ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် နိုင်ငံသားတိုင်း စည်းကမ်းတကျပြုမူနေထိုင်ကြသည်ကို တွေ့ရပေမည်။ မြို့ပြစည်းကမ်းဥပဒေများကို အလေးထား လေးစားလိုက်နာကြသည်ကို တွေ့ရပေသည်။ ထိုအခါ ၎င်းတို့၏ မြို့ပြဒေသပတ်ဝန်းကျင်များမှာ အစဉ်အမြဲသန့်ရှင်းသပ်ရပ်လှပပြီး နိုင်ငံ့ပုံရိပ်မှာ မြင့်မားကာ နိုင်ငံတကာအလယ်တွင် အထင်ကြီးလေးစားခြင်းခံရသော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေကြပေသည်။

သို့ဖြစ်ရာ နိုင်ငံ့ပုံရိပ်မြင့်မားပြီး နိုင်ငံတကာမှ အထင်ကြီး လေးစားသော နိုင်ငံကြီးသားများဖြစ်လာစေရန်အတွက် မိမိကိုယ်ကို တန်ဖိုးရှိသူများဖြစ်အောင် မိမိတို့၏စိတ်ဓာတ်များကိုမိမိကိုယ်တိုင်ပြုပြင်ပြောင်းလဲနိုင်အောင် ကြိုးပမ်းအားထုတ်ကြပါရန် လေးစားစွာ တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ခြင်းအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်ပါကြောင်းနှင့် ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အစဉ်ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် ခုနစ်ရက်သားသမီး အလှူရှင် ဘုရားဒါယကာ ဒါယိကာမများ စုပေါင်း၍ "ထာဝရငြိမ်းချမ်းရေးစေတီတော်"ကို တည်ဆောက်ပူဇော်လျက်ရှိပါသည်။

အဆိုပါထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ၁-၇-၂၀၁၈ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီ တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပမည်ဖြစ်ပါသဖြင့် အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် ရွှေပါရမီတောရဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်ဆန္ဒာဓိက က ရေစက်ချအနုမောဒနာတရား ချီးမြှင့်မည်ဖြစ်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**ထာဝရငြိမ်းချမ်းရေးစေတီတော်တည်ဆောက်ရေးဦးစီးကော်မတီ**

## မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော် မွမ်းမံပြင်ဆင်ရေး

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက အလှူငွေများ လှူဒါန်း

**မော်လမြိုင် ဇွန် ၁၉**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ လမ်းညွှန်မှုဖြင့် မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော် ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီဖွဲ့စည်းရေးအတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် စေတီတော် ဂေါပကအဖွဲ့များသည် ဇွန် ၁၈ ရက်တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ညှိနှိုင်းဆွေးနွေးခဲ့ကြရာ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများတွင် အကြံဉာဏ်များ ပေးနိုင်ရန်အတွက် ပညာရှင်များပါဝင်သော ကော်မတီဖွဲ့စည်းရေးကို ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။



ယနေ့တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ပညာရှင်များ၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များသည် ကျိုက်သလ္လံစေတီတော်သို့ ရောက်ရှိပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ဖြစ်ပေါ်ခဲ့သောပျက်စီးမှု အခြေအနေများကို ကြည့်ရှုလေ့လာသုံးသပ်ကြပြီး ပြန်လည်ပြုပြင်ရေး အကောင်အထည်ဖော်ရန် ညှိနှိုင်းခဲ့ကြရာ ဘုရားရင်ပြင်တော် အရှေ့မြောက်ထောင့်နှင့် အနောက်ဘက် မြေပြိုမှုကို ယာယီထိန်းသိမ်းရန်အတွက် ရင်ပြင်တော်ပေါ်ရှိ အက်ကွဲကြောင်းများအား ရေလုံဘိလပ်မြေဖြင့် ဖာထေးပေးခြင်း၊ သေးငယ်သော အက်ကွဲကြောင်းများအား ဆီလီကွန်ထိုးခြင်းနှင့် ရေဆင်းကောင်းမွန်စေရေးတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြေပြိုမှုဖြစ်သည့် မြေသားများအား မိုးရေဝင်ပြီး ထပ်မံ မပြိုကျစေရန် လတ်တလောတွင် မိုးကာစများဖြင့် ဖုံးအုပ်ထားရန် လိုအပ်ပါကြောင်း၊ မြေပြင်လျှောစောက်တည်ငြိမ်စေရေးအတွက် အဓိက ဆောင်ရွက်ရမည်ဖြစ်၍ လောလောဆယ်တွင် ကျောက်စီခြင်းများ ချထားပေးခြင်းဖြင့် ကာကွယ်ရန်ဖြစ်ကြောင်း၊ အဓိက မြေပြိုသည့် အရှေ့မြောက်ထောင့်နှင့် အနောက်ဘက်နေရာများတွင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ထို့နောက် ကျိုက်သလ္လံစေတီတော် ပြန်လည်ပြုပြင်ရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက လှူဒါန်းသော ငွေကျပ် သိန်း ၁၀၀၀ ကို ကော်မတီ၏ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ပေးအပ်လှူဒါန်းရာ **(အပေါ်ပုံ)** ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၁၉**

ရန်ကုန်(ရွှေဈေး) ၉၃၆၀၀၀ - ၉၃၆၀၀၀ မန္တလေး(ရွှေဈေး) ၉၃၆၀၀၀ - ၉၃၆၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၉၀/၉၀၅ ကျပ်၊ | ၉၃၀/၉၄၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၀/၉၃၀ ကျပ်၊ | ၉၇၀/၉၈၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၅/၈၈၀ ကျပ်၊ | ၉၁၅/၉၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၅/၉၂၀ ကျပ်၊ | ၉၄၀/၉၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၄၅/၈၅၃ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၅၅/၈၆၃ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၈၀/၈၀၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၈၇.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁.၉၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁.၇၇၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၁.၄၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၀၆၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၃၉.၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၃.၄၀ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၂.၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၀.၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၃၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်ဩဝါဒါစရိယ အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပေါက်မြိုင်ဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အောင်ခြင်းရှစ်ပါး အောင်တော်မူဟန်ရုပ်ပွားတော်၊ ဓာတ်တော်ရွှေကြုတ်၊ ရွှေကြာပန်းတို့ကို ဆက်ကပ်လှူဒါန်းစဉ်။

**❍ ရှေ့ဖုံးမှ**

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော သမန္တာမှစ၍ မေတ္တသုတ်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို နာယူကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို စေတီတော်ပရိဝုဏ်တွင် ပက်ဖျန်းကြဲဖြန့်ကြသည်။

ယင်းနောက် ထာဝရငြိမ်းချမ်းရေးစေတီတော် မူလဌာပနာတိုက်အတွင်း ထည့်သွင်းပူဇော်မည့် အပရာဇိတပလ္လင်၌ မာရ်နတ်ကို အောင်တော်မူဟန် ရုပ်ပွားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို နိုင်ငံတော်ဩဝါဒါစရိယ အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရထံ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့က ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မူလဌာပနာတိုက်အတွင်း ထည့်သွင်းပူဇော်မည့် အောင်ခြင်းရှစ်ပါး အောင်တော်မူဟန်ရုပ်ပွားတော်၊ ဓာတ်တော်ရွှေကြုတ်၊ ရွှေကြာပန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ပေါက်မြိုင်ဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒနှင့် ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကတို့ထံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ မူလဌာပနာတိုက်အတွင်း ထည့်သွင်းပူဇော်မည့် အနိမိသပဋ္ဌိမာ ရုပ်ပွားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို မဟာလယ်တီစံကျောင်းတိုက် ဆရာတော်ထံ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က ဆက်ကပ်လှူဒါန်းကြသည်။



မဟာလယ်တီစံကျောင်းတိုက်ဆရာတော်ထံ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က အနိမိသပဋ္ဌိမာ ရုပ်ပွားတော်အား ဆက်ကပ်လှူဒါန်းစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များထံ ဌာပနာထည့်သွင်းပူဇော်မည့် ရုပ်ပွားတော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် သတ္တဌာန မူလဌာပနာတော်သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘုရားဒါယကာ၊ ဒါယိကာမများက သတ္တဌာန မူလဌာပနာ ရုပ်ပွားတော်များနှင့် ဗုဒ္ဓဖြစ်တော်စဉ် ရုပ်ပွားတော်များကို ပင့်ဆောင်ကာ စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ပြီး သတ်မှတ်နေရာသို့ ပင့်ဆောင်ပေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အမှူးပြုသော ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် သတ္တဌာန မူလဌာပနာ ရုပ်ပွားတော်များနှင့် ဗုဒ္ဓဖြစ်တော်စဉ် ရုပ်ပွားတော်များကို မူလဌာပနာတိုက်သို့ လက်ဆင့်ကမ်းပင့်ဆောင်ပေးကြသည်။ မင်္ဂလာအချိန်တွင် ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အလှူရှင်များက သတ္တဌာန မူလဌာပနာ ရုပ်ပွားတော်များနှင့် ဗုဒ္ဓဖြစ်တော်စဉ် ရုပ်ပွားတော်များကို မူလဌာပနာတိုက်တော်အတွင်းသို့ ထည့်သွင်းပူဇော်ကြသည်။

ဆက်လက်၍ မူလဌာပနာတိုက်တော်အတွင်း ကျောက်မျက်ရတနာများ ထည့်သွင်းကြဲဖြန့်ပူဇော်ကြပြီး မူလဌာပနာတိုက်တော်ကိုပိတ်၍ ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်ကြသည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ ဇယန္တော ဗောဓိယာ မူလေ အစချီသော ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဖတ်ပူဇော်ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ သတ္တဌာန မူလဌာပနာရုပ်ပွားတော်များနှင့် ဗုဒ္ဓဖြစ်တော်စဉ် ရုပ်ပွားတော်များကို ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ငြိမ်းချမ်းရေးချိုးဖြူငှက်များ လွှတ်ပေးစဉ်။

(သတင်း-ကျော်ဖုံး)

ဓာတ်ပုံ-Hein Htet(EPA)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ (၇၃) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အခမ်းအနား ရန်ကုန်မြို့နှင့် မြို့နယ်များတွင် ကျင်းပ

**ရန်ကုန် ဇွန် ၁၉**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အခမ်းအနားများကို ယနေ့တွင် ရန်ကုန်မြို့၌ ပြည်သူများနှင့် အဖွဲ့အစည်းများက နေရာအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ယနေ့နံနက် ၆ နာရီခွဲတွင် ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဌာနချုပ်ရုံး)ရှေ့၌ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် စတုဒိသာ ကျွေးမွေးခြင်းအလှူများကို ပြုလုပ်ခဲ့သည်။

ထိုသို့ပြုလုပ်ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ အဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် အလှူရှင်များက သံဃာတော်အပါး ၂၀၀ နှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူကြပြီး အလှူရှင်များက ဧည့်ပရိသတ်များအား စတုဒိသာများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြသည်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အခမ်းအနား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဌာနချုပ်ရုံး) ရန်ကုန်မြို့၌ ကျင်းပစဉ်။**

ယင်းနောက် နံနက် ၉ နာရီတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဌာနချုပ်ရုံး)၌ မွေးနေ့အခမ်းအနားကိုကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃)နှစ်ပြည့် မွေးနေ့ကိတ်ကို လှီးဖြတ်ကာ တက်ရောက်လာကြသူများက စုပေါင်း၍ ဆုမွန်ကောင်း တောင်းခဲ့ကြသည်။

အလားတူ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ အနီးရှိ မဟာဗန္ဓုလ ပန်းခြံအတွင်း၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် စတုဒိသာကျွေးမွေးခြင်းနှင့် ကဗျာရွတ်ဆိုခြင်းများကို ပြည်သူများက စုပေါင်း ပြုလုပ်ခဲ့ကြသည်။

ထိုသို့ပြုလုပ်ရာတွင် တက်ရောက်လာကြသူများက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အတွက် ရေးစပ်ထားကြသည့် ကဗျာများကို တစ်ဦးချင်း ရွတ်ဆိုကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ကာ ဆုမွန်ကောင်းတောင်းခြင်းများ ပြုလုပ်ကြသည့်အပြင် အလှူရှင်များက စတုဒိသာကျွေးမွေးခြင်းကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ညပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃) နှစ်ပြည့် မင်္ဂလာအထိမ်းအမှတ်အဖြစ် ပြည်သူများ စုပေါင်းကာ ဆီမီး ၇၃၀၀ ကပ်လှူပူဇော်ပြီး မွေးနေ့ဆုမွန်ကောင်း တောင်းမှုများ ပြုလုပ်ကြသည်။

အလားတူ ရန်ကုန်မြို့၏ ရပ်ကွက်များတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏

**စာမျက်နှာ ၅ သို့ ✳**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့၌ ကျင်းပစဉ်။**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် သွေးလှူဒါန်းပွဲကို ကရင်ပြည်နယ် ဘားအံမြို့၌ ကျင်းပစဉ်။**





ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အလှူရှင်များ မူလဌာပနာတိုက်အတွင်း ဌာပနာများထည့်သွင်းပူဇော်စဉ်။ (ဝဲပုံ) နှင့် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ဌာပနာပစ္စည်းများကို ကြည့်ရှုစဉ်။ (အပေါ်ပုံ) (သတင်း-ရွှေဖုံး)

✱ စာမျက်နှာ ၄ မှ

(၇၃) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် စတုဒိသာကျွေးမွေးခြင်းများကို ပြည်သူများ စုပေါင်းပြုလုပ်ကြသည်။ ယနေ့ နံနက်ပိုင်းက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြု စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနရုံးဝင်းအတွင်း၌ ပြုလုပ်ရာ ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်၊ မန်ကျည်းရှားနှင့် မဟော်ဂနီပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ (၇၃) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများကို ကျိုက်မရောမြို့နယ် နတ်စမ်းကျေးရွာ အမကကျောင်းဝင်းအတွင်း၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု မဲ့ဘောင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဝင်းအတွင်း၌ လည်းကောင်း၊ ပေါင်မြို့နယ် ကျခတ်ငူကျေးရွာ ဘောလုံးကွင်းအတွင်း၌ လည်းကောင်း၊ ဘုတလင်မြို့နယ် မြောက်ကျီကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ လည်းကောင်း၊ သထုံမြို့နယ် မြတ်စံကျေးရွာ မူလတန်းကျောင်းဝင်းအတွင်း၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ မြို့ရှောင်လမ်း မိုင်တိုင်အမှတ် (၂)အနီး၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့၌ လည်းကောင်း၊ ဝန်းသိုမြို့ ကျားဖြူဂေါက်ကွင်း၌ လည်းကောင်း၊ မော်လိုက်မြို့ ခရစ်ယာန်ဘုရားရှိခိုးကျောင်းအနီး၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ဘိုကလေး- စက်ဆန်း- ထော်ပိုင်- အမာလမ်း မိုင်တိုင်အမှတ် ၄ မိုင် ၃ ဖာလုံ၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မအူပင်-သိုက်ကုန်းလမ်း မိုင်တိုင် ၂/၂ မှ ၂/၃ တမံလေးကျေးရွာအနီး၌ လည်းကောင်း၊ တောင်ကြီးမြို့ ကညနယာဉ်စစ်ကွင်းယာဘက်ရှိ တောင်ကြီးတက္ကသိုလ်တိုးချဲ့နယ်မြေ၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် စုန်းချောင်းအုပ်စု ကွေ့ချောင်းကျေးရွာ မြေဖွေးတောင်ဘုရားဝင်းအတွင်း၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ဗန်းမောက်-အင်းတော် ကားလမ်းဘေး ဆင်ကန်ခွဲ သစ်တော ကြိုးဝိုင်းအမှတ် ၄၆ ၌ လည်းကောင်း၊ ထီးချိုင့်မြို့နယ် အလယ်တောအုပ်စု ဘိုတဲကုန်းရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)ဝင်းအတွင်း၌ လည်းကောင်း၊ မြင်းမူမြို့ အမှတ် ၂ အခြေခံပညာ အထက်တန်းကျောင်း၌ လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ် မိုးဗြဲကြိုးပြင်ကာကွယ်တော (ခေါင်းမိုင်းကျေးရွာအနီး)၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အလယ်သျှိကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ သရက်ခရိုင် မင်းလှမြို့နယ် ကုန်းကြီးကျေးရွာအုပ်စု ဗောဓိတစ်ထောင်ဘုရားကုန်းမြေနေရာ၌ လည်းကောင်း၊ ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ ကျိုက်ထီးရိုး သဘာဝကြိုးဝိုင်းသစ်တော၌ လည်းကောင်း၊ မတ္တရာမြို့နယ် ဆိပ်သာကျေးရွာအုပ်စု ကွဲကျကျေးရွာ၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် လွယ်မုတ်တောင်ဘုန်းကြီးကျောင်းဝင်း၌ လည်းကောင်း၊ သံဖြူဇရပ်မြို့နယ် ကျုံကဒက်ကျေးရွာ အမက(အပြင်) ကျောင်းဝင်းအတွင်း၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အမှတ် ၄ ချည်မျှင်နှင့် အထည်စက်ရုံဝင်းရှေ့ ကွင်းပြင်၌ လည်းကောင်း သစ်ပင်များ တပျော်တပါး စိုက်ပျိုးခဲ့ကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုနှင့် ပန်းခြံဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး မင်းလှမြို့၌ ကျင်းပစဉ်။

ထို့ပြင် နတ်မောက်မြို့နယ် အမှတ် ၂ အခြေခံပညာအထက်တန်းကျောင်း၊ ရေးမြို့နယ် စုံနံ့သာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ မိုင်းဆတ်-မိုင်းခုတ် ကားလမ်းဘေး ဂေါက်ကွင်းအနီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မိုင်းလီကျေးရွာအုပ်စု ကျောက်တစ်လုံးကျေးရွာ ဂုဏ်တော်ပွားဘုရားဝင်းအတွင်း၊ သန်လျင်မြို့ မြို့ပတ်လမ်း၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလေစိုက်ပျိုးရေး သစ်စေ့သိုလှောင်ရုံဝင်းအတွင်း၌လည်း သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပခဲ့ကြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မိတ္ထီလာခရိုင် သွေးအကူအညီပေးရေးအဖွဲ့က ကြီးမှူးဆောင်ရွက်သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ (၇၃)နှစ်ပြည့် မွေးနေ့မင်္ဂလာအထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို ခရိုင်ပြည်သူ့ဆေးရုံကြီး သွေးလှူဌာန၌ ကျင်းပခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ပုံတူပန်းချီပြိုင်ပွဲကို အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ အတန်းကန့်သတ်ချက်မရှိ ကျား ၁၉ ဦး၊ မ ခုနစ်ဦး စုစုပေါင်း ၂၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်နှင့် ပန်းခြံဖွင့်ပွဲ အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးတို့က ပန်းခြံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်အား ဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ရဲထွန်း**

# ရခိုင်ပြည်နယ်တွင် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေ ကျပ်သန်းပေါင်း ၉၀၀၀၀ ကျော် ထုတ်ချေးမည်

**စစ်တွေ ဇွန် ၁၉**

ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၇ မြို့နယ်ရှိ တောင်သူများအား ၂၀၁၈ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်းပေါင်း ၉၀၆၆၄ ဒသမ ၈ သန်း ထုတ်ချေးပေးသွားရန် လျာထား ထားပြီး ကနဦး ခွင့်ပြုချေးငွေ ကျပ် ၅၂၉၃၀ ဒသမ ၈ သန်းမှ တောင်သူများအား ဇွန်လဆန်းပိုင်းမှစတင်ပြီး ထုတ်ချေးပေးလျက်ရှိရာ ဇွန် ၁၉ ရက်အထိ တောင်သူ ၂၃၆၄၀ ၏ မြေဧက ၁၂၀၇၈၉ ဧကအတွက် ကျပ်သန်းပေါင်း ၁၈၀၁၈ ဒသမ ၃၅ သန်း ထုတ်ချေးပေးပြီးဖြစ်ကြောင်း ရခိုင်ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ(စစ်တွေ) ရုံးမှ သိရသည်။

မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေအဖြစ် ပုံစံ ၇ အမည်ပေါက် လယ်မြေတစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် ယာမြေတစ်ဧကလျှင် ကျပ်ငါးသောင်းနှုန်း ထုတ်ချေးပေးခြင်း ဖြစ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးနိုင်သော ငွေပမာဏ ကန့်သတ်ချက်ရှိ၍ လုပ်ကွက်ငယ်တောင်သူများကို ဦးစားပေးအဖြစ် တောင်သူတစ်ဦးအနေဖြင့် အများဆုံးမြေ ၁၀ ဧကအတွက် ထုတ်ပေးခြင်း ဖြစ်သည်။ အတိုးနှုန်းအနေဖြင့် တစ်ရာသီအတွက် တစ်နှစ်အတိုးနှုန်း ငွေတစ်ရာလျှင် ရှစ်ကျပ် ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

ချေးငွေများရယူရာတွင် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများက ရွေးချယ်ထားသော ကိုယ်စားလှယ်တို့ပါဝင်သည့် ကျေးရွာအုပ်စု ချေးငွေစစ်ဆေးရေးအဖွဲ့မှ ထောက်ခံချက်နှင့် မြေစာရင်းပုံစံ(၇)ကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အာမခံအဖြစ် ပေးအပ်ထားပြီး ချေးယူရမည်ဖြစ်သည်။ ပုံစံ(၇)တွင် ယာမြေအမည်ပေါက် ဖြစ်သော်လည်း အဆိုပါမြေတွင် စပါးစိုက်ပျိုးကြောင်း ချေးငွေစစ်ဆေးရေးအဖွဲ့မှ ထောက်ခံပါက လယ်ယာမြေနှုန်းထားအတိုင်း ချေးငွေရရှိမည်ဖြစ်သည်။

ရခိုင်ပြည်နယ်တွင် မြို့နယ်ပေါင်း ၁၇ မြို့နယ်ရှိပြီး စိုက်ပျိုးမြေဧက ၆၆၃၆၇၃ ဧကရှိကြောင်းသိရသည်။

**အောင်သူရ၊ ဟန်လင်းနိုင်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇွန် ၁၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ရှင်းလင်းဖြေကြားခြင်း၊ အဆို ၁ ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာ ၁ ခု ဖတ်ကြားတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ၂၀၁၈ ခုနှစ် မေ ၁၆ ရက်က ဘူလ်ဂေးရီးယားနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ H.E.Mrs. Tsveta Karayancheva ထံမှ ပေးပို့သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာ ဦးခင်မောင်မောင်၏ **ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး ၇၆ မိုင်တွင် ဆောက်လုပ်ထားသော 76 Mile Mini Rest Camp နှင့်ပတ်သက်၍ သိလိုခြင်းနှင့် ယခု လေးလမ်းသွား အမြန်လမ်းမကြီးကို ခြောက်လမ်းသွား(သို့) ရှစ်လမ်းသွား အမြန်လမ်းမကြီး အဖြစ် တိုးချဲ့မည်ဆိုပါက ထိုအဆောက်အအုံနှင့် ကင်းလွတ်မှုရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က 76 Mile Mini Rest Camp ဆောင်ရွက်ခဲ့ခြင်းဖြင့် လူဦးရေ ၃၀၀ ကို တိုက်ရိုက်အလုပ်အကိုင် အခွင့်အလမ်းပေးထားနိုင်ပြီး ၈၀ ရာခိုင်နှုန်းဖြစ်သော လူဦးရေ ၂၅၀ သည် ဒေသခံအလုပ်သမားများဖြစ်ပါကြောင်း၊ မကြာမီ 76 Mile Mini Rest Camp တွင် ရပ်၊ ကျေးဈေးဆိုင် ၂၀ ခန့် တည်ဆောက်ရန် အစီအစဉ်ရှိပါကြောင်း၊ တည်ဆောက်ပြီးပါက တိုက်ရိုက်အလုပ်အကိုင် ဖန်တီးပေးမှုအပြင် သွယ်ဝိုက်အလုပ်အကိုင် ဖန်တီးမှုများကိုလည်း ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိမည်ဖြစ်ပါကြောင်း၊ 76 Mile Mini Rest Camp တွင် တစ်ရက်လျှင် ခရီးသွားဦးရေ ပျမ်းမျှ ၁၂၀၀ ခန့် ဝင်ရောက်အပန်းဖြေအနားယူပြီး တစ်လလျှင် ပျမ်းမျှ လူဦးရေ ၃၀၀၀၀ ကျော်ခန့်ကို ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း။

76 Mile Mini Rest Camp အား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တိုက်ရိုက်ကြီးကြပ် ဆောင်ရွက်လျက်ရှိသောကြောင့် ရရှိသည့် ဝင်ငွေများသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ရငွေစာရင်းသို့ ဝင်မည်ဖြစ်ပါကြောင်း၊ မော်တော်ယာဉ်စီးရေနှင့် ခရီးသည်စာရင်းအရ ပျမ်းမျှအမြတ်ငွေ တစ်လလျှင် ကျပ်သိန်း ၁၀၀ ကျော် ရရှိမှုအပေါ် အခြေခံတွက်ချက်ပါက မော်တော်ယာဉ်စီးရေနှင့် ခရီးသည်ဝင်ရောက်နိုင်မှုအရ အရင်းကျေကာလသည် ၁၀ နှစ်ခန့် ရှိမည်ဖြစ်ပါကြောင်း၊ နောင်တိုးတက်လာမည့် မော်တော်ယာဉ်စီးရေနှင့် ခရီးသည်ဝင်ရောက်နိုင်မှုအရ အရင်းကျေကာလသည် လျော့နည်းနိုင်ပါကြောင်း။

## 76 Mile Mini Rest Camp တည်ဆောက်ရာတွင် အမြန်လမ်းမကြီး လမ်းနယ်သတ်မှတ်ထားသည့် ပေ ၄၀၀ အတွင်း တစ်ဖက် ၄ လမ်းသွားအကျယ်ကို မထိခိုက်

76 Mile Mini Rest Camp တည်ဆောက်ရာတွင် အမြန်လမ်းမကြီး လမ်းနယ်သတ်မှတ်ထားသည့် ပေ ၄၀၀ အတွင်း တစ်ဖက် ၄ လမ်းသွားအကျယ်ကို မထိခိုက်စေဘဲ အမြန်လမ်းမကြီး နယ်နိမိတ်ဧရိယာအတွင်းတွင် တည်ဆောက်ထားသောကြောင့် အမြန်လမ်းမကြီးများ ဥပဒေပါ အခန်း(၆)၊ ယာဉ်ရပ်နားစခန်းများ အပိုဒ်(၁၀) (က) ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုရှိပါကြောင်း၊ 76 Mile Mini Rest Camp ၏ ပင်မအဆောက်အအုံသည် လမ်းလယ်ကျွန်းအလယ်မှ စုစုပေါင်း ပေ ၁၀၀ အကွာတွင် တည်ဆောက်ခဲ့ပြီး အဆောက်အအုံရှေ့တွင် ၁၂ ပေခွဲ အကျယ် ၄ လမ်းသွား၊ စုစုပေါင်း ပေ ၅၀ အကျယ် ကတ္တရာကွန်ကရစ်လမ်းခင်းထားပြီး Buffer Zone အဖြစ် Landscaping အပါအဝင် ၃၅ ပေ အကျယ် ချန်လှပ်ထားရှိကာ အမြန်လမ်းမကြီး တိုးချဲ့ဖောက်လုပ်မည်ဆိုပါက လွတ်ကင်းမှုရှိကြောင်း၊ နောင်တွင် အဆိုပါ Buffer Zone အဖြစ်ထားရှိသည့်နေရာတွင် အခြားအာဆီယံနိုင်ငံများရှိ Rest Camp များကဲ့သို့ ကားအဝင်၊ အထွက် မျောဝင်၊ မျောထွက်နိုင်ရန် လမ်းထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## နန်းယွန်းမြို့နှင့် ပန်ဆောင်မြို့ကြားလမ်းပိုင်း ကျောက်ချောလမ်းအဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ

နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ၏ **နန်းယွန်းမြို့နှင့် ပန်ဆောင်မြို့ကြားလမ်းကြောင်းပိုမိုခက်ခဲသော လမ်းပိုင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ၂၀၁၈ ဘဏ္ဍာနှစ်(ဧပြီလမှ စက်တင်ဘာလထိ ၆လ) ရန်ပုံငွေတွင် စစ်ကိုင်းတိုင်းဒေသကြီး ရန်ပုံငွေကျပ် ၁၈၉ သန်းနှင့် Box Culvert တည်ဆောက်ခြင်း ၁၃ စင်း ဆောင်ရွက်လျက်ရှိရာ ၂ စင်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျောက်လမ်းခင်းခြင်း ၂ မိုင် ၂ ဖာလုံ၊ ကျောက်လမ်းပျက် ပြုပြင်ခြင်း ၂ မိုင် ၆ ဖာလုံ၊ ကွန်ကရစ်တံတားတည်ဆောက်ခြင်း ၁ စင်း၊ တံတားပြုပြင်ခြင်း ၁ စင်း၊ တောင်ပြိုမြေဖယ်ရှားခြင်းနှင့် လမ်းသားပေါ်ရှိ ရေစားမြောင်းများ သဲကျောက်ဖြည့်ခင်းခြင်း ၆ နေရာ စသည့် လုပ်ငန်းများ ဆောင်ရွက်ရန် စစ်ကိုင်းတိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် ၇၄၉ ဒသမ ၁၇၅ သန်း လျာထားတင်ပြတောင်းခံထားပြီး ဆောင်ရွက်ရန်ကျန်ရှိသည့် အပိုင်းများကိုလည်း ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေတင်ပြ တောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

## မြစ်သာမြစ်ကူးတံတားတစ်စင်း အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ

ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၏ **ဂန့်ဂေါမြို့နယ်တွင် ၂၀၁၆ ခုနှစ် မိုးရာသီ၌ သာလင်း-မြင်သား မြစ်သာမြစ်ကူးတံတားသည် မျောပါပျက်စီးသွားခဲ့ရာ မြစ်သာမြစ်ကူးတံတားတစ်စင်း အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဂန့်ဂေါမြို့နယ်အတွင်းရှိ သာလင်း- မြင်သား မြစ်သာမြစ်ကူးကြိုးတံတားသည် မြစ်သာမြစ် အရှေ့ဘက်ခြမ်းရှိ ကံသာ-မိုးစိုရွာသစ်-မိုးစိုရွာဟောင်း-ချောင်းကောက်-လယ်ကြီး-ဝင်ဝကျေးရွာများနှင့် ဆက်သွယ်သည့် ဂဝံမြေနီလမ်းနှင့် မြစ်သာမြစ်အနောက်ဘက်ခြမ်းရှိ တောင်ခရမ်း-သာလင်းကျေးရွာတို့ကို ဆက်သွယ်သည့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန စီမံခန့်ခွဲသည့် လမ်းပေါ်တွင် တည်ရှိသည့်တံတားဖြစ်ပါကြောင်း။

အဆိုပါ ကြိုးတံတားသည် ကျေးရွာများမှ ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် မိုးရာသီတွင် ရေစီးနှင့်အတူ မျောပါပျက်စီးခဲ့ပါကြောင်း၊ တံတားပြန်လည်တည်ဆောက်ပြီးစီးပါက မြစ်သာမြစ် အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းရှိ ကျေးရွာများအား အကျိုးပြုမည်ဖြစ်ပါကြောင်း၊ ဂန့်ဂေါမြို့နယ်အတွင်းရှိ သာလင်း-မြင်သား မြစ်သာမြစ်ကူးကြိုးတံတားသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (B) ဦးစားပေးအဆင့် (၂)လမ်းပေါ်တွင် တည်ရှိသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပါကြောင်း၊ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၊ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေနှင့် စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ရှင်းလင်းဖြေကြားသည်။

## သဘာဝငှက်သိုက်တောင်များရှိရာ ကျွန်းများအား ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းစောင့်ရှောက်ပေးရန် အဆိုတင်သွင်း

ထို့နောက် ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီက **မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဈေးကွက်ဝင် သဘာဝငှက်သိုက်တောင်များရှိရာ ကျွန်းများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထူးစီမံချက်တစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ဆောင်ရွက်ပေးရန် အစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ သဘာဝငှက်သိုက်များသည် နိုင်ငံခြားဈေးကွက်ဝင် အဖိုးတန်သစ်တောထွက်ကုန်ပစ္စည်းဖြစ်၍ ယနေ့ခေတ်တွင် လူချမ်းသာများသာမက လူလတ်တန်းစားများပါ ဆေးဝါးများအဖြစ် မှီဝဲသုံးစွဲလာရာမှ အရှေ့တောင်အာရှ၏ ငှက်သိုက်လုပ်ငန်းသည် ဒေါ်လာ ၅ ဘီလီယံ တန်ဖိုးရှိ လုပ်ငန်းတစ်ခုဖြစ်လာခဲ့ပါကြောင်း၊ ငှက်သိုက်စုဆောင်းချိန်တွင် ကျောက်ဆောင်၊ လိုဏ်ခေါင်းအတွင်း နံရံကို ခက်ခဲစွာတက်ရောက်၍ ဆွတ်ခူးနိုင်ရန် ကျောက်ဆောင်များကို ငြမ်းဆင်၍ သက်စွန့်ဆံဖျား လိုက်လံစုဆောင်းရပါကြောင်း၊ မြန်မာနိုင်ငံတွင် ငှက်သိုက်ရသည့် ကျွန်းများကို သစ်တောဦးစီးဌာနက စီမံအုပ်ချုပ်၍ ငှက်သိုက်ထုတ်ယူခွင့်လိုင်စင်ကို ထုတ်ပေးပြီး ငှက်မျိုးစိတ်မပြုန်းတီးစေရန် ဥပဒေများကို လိုအပ်သလို ထုတ်ပြန်၍ စောင့်ရှောက်ပေးလျှက်ရှိပါကြောင်း။

လူတို့ဖန်တီးထားသည့် ငှက်သိုက်အိမ်များသည် မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တစ်ဝိုက်တွင် အိမ်ပေါင်း ၁၃၀ ခန့်ရှိကြောင်းနှင့် ငှက်သိုက်များသည်လည်း အမျိုးအစားအလိုက် တစ်ပိဿာလျှင် ငွေကျပ် ၁၆ သိန်းမှ ၂၂ သိန်းအထိ ပေါက်ဈေးရှိပါကြောင်း၊ လက်လီအားဖြင့် ၁ ကျပ်သားလျှင် ငွေကျပ် ၃၀၀၀၀ အထိ ရရှိသည်ကို တွေ့ရှိရပါကြောင်း၊ လူတို့ဖန်တီးထားသည့် ငှက်အိမ်များသို့ ဇီဝဖိုးငှက်ငယ်လေးများ ဝင်ရောက်လာသည်နှင့်အမျှ သဘာဝလိုဏ်ဂူများ ကျွန်းအုပ်စုများတွင် ငှက်သိုက်အထွက်နှုန်းများ နှစ်စဉ်လျော့နည်းကာ နေရာကာလကြာရှည်လာပါက သဘာဝငှက်သိုက်ဟောင်းများသည် မျိုးသုဉ်းပျောက်ကွယ်သွားနိုင်မည့် အန္တရာယ်ကိုလည်း ကြိုတင်တွေးကြံပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်သူများ၊ စူးစမ်းလေ့လာသူများ၊ ဒေသခံများက စိုးရိမ်ပူပန်လာခဲ့ကြပါကြောင်း၊ အဖိုးတန်ငှက်သိုက်များကို ထုတ်ယူသုံးစွဲနေရုံသာမက ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားရန် အမှန်တကယ်လိုအပ်နေကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ယင်းအဆိုအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက ဖတ်ကြားတင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၈)မြောက်နေ့ကို ဇွန် ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ရေကြောင်းသတိပေးချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော MPRL E&P Pte Ltd. သည် ကမ်းလွန်လုပ်ကွက်အမှတ် (A-6)တွင် တွင်းတူးဖော်ရေးလုပ်ငန်းများကို Ultra-Deepwater Drillship "DHIRUBHAI DEEPWATER KG2"ဖြင့် တွင်းအမည် SYH-2 တွင်းတည်နေရာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၄ မိနစ် ၉ ဒသမ ၃၉၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၆ မိနစ် ၇ ဒသမ ၉၉၂ စက္ကန့်တွင်လည်းကောင်း၊ Mariner Notice Boundary around SYH-2 Well တွင် Point 1 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၅ မိနစ် ၀၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၅ မိနစ် ၀၇ စက္ကန့်၊ Point 2 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၅ မိနစ် ၀၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၇ မိနစ် ၀၉ စက္ကန့်၊ Point 3 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၃ မိနစ် ၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၇ မိနစ် ၀၉ စက္ကန့်နှင့် Point 4 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၃ မိနစ် ၁၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၅ မိနစ် ၀၇ စက္ကန့်အတွင်းတွင် ၂၀၁၈ ခုနှစ် ဇူလိုင် ၅ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် (A-6)တွင် တွင်းတူးဖော်ရေးလုပ်ငန်းများကို Ultra-Deepwater Drillship "DHIRUBHAI DEEPWATER KG2"ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါတွင်းတည်နေရာဧရိယာမှ မီတာ ၅၀၀ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇွန် ၁၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာ နှစ်ခု ဖတ်ကြားခြင်းနှင့် ဥပဒေကြမ်း တစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

## သထုံအကျဉ်းထောင်အား အကြီးစားပြင်ဆင်ပေးနိုင်ပါရန်နှင့် သထုံအကျဉ်းထောင်အသစ် ရွှေ့ပြောင်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ **အဆင့်သတ်မှတ်ချက်နှင့် နေရာအကျယ်အဝန်း ကိုက်ညီမှုမရှိသော သထုံအကျဉ်းထောင်အား အကြီးစားပြင်ဆင်ပေးနိုင်ပါရန်နှင့် အကယ်၍ ဘဏ္ဍာငွေလုံလောက်မှုရှိပါက သထုံမြို့နယ် ဈေးမသွယ်ကျေးရွာရှိ အကျဉ်းဦးစီးဌာနပိုင်မြေ ၂၅ ဒသမ ၁၇ ဧကတွင် သထုံအကျဉ်းထောင်အသစ် ရွှေ့ပြောင်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက သထုံအကျဉ်းထောင်အား "ခ" အဆင့်အကျဉ်းထောင်အဖြစ် သတ်မှတ်ထားပြီး လက်ခံရမည့် အကျဉ်းသား၊ အချုပ်သားဦးရေမှာ ၅၀၀ သတ်မှတ်ထားသော်လည်း လက်ရှိတွင် အကျဉ်းသား၊ အချုပ်သားဦးရေ စုစုပေါင်း ၅၃၉ ဦး ရှိပါကြောင်း၊ ထိုသို့ သတ်မှတ်ထားသော အကျဉ်းသား၊ အချုပ်သားဦးရေထက် ပိုမိုနေသဖြင့် ပေ(၁၃×၄၀) အဆောင်ငယ် တစ်လုံးနှင့် အကျဉ်းထောင်အိပ်ဆောင်ရှိ အခန်းငါးခန်းတွင် ထပ်ခိုးပြုလုပ်၍ လူဦးရေ ကျပ်တည်းမှုမရှိစေရန် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း။

သထုံအကျဉ်းထောင်ရှိ လက်ရှိအိပ်ဆောင်ကို နှစ်ထပ်ဆောင်အဖြစ် ပြောင်းလဲဆောက်လုပ်မည်ဆိုပါက လက်ရှိတွင်လည်း ထပ်ခိုးပြုလုပ်၍ ထားရှိပြီးဖြစ်သည့်အပြင် အကျဉ်းသားများကို ခေတ္တပြောင်းရွှေ့ထားရှိရန် နေရာမရှိခြင်းတို့ကြောင့် အကြီးစားပြင်ဆင်မှုပြုလုပ်ရန် မဖြစ်နိုင်ပါကြောင်းနှင့် အိပ်ဆောင်သစ် ဆောက်လုပ်ရန်အတွက် မြေနေရာမရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များနှင့် ဝေးကွာမှုမရှိခြင်း၊ လုံခြုံရေးကောင်းမွန်ခြင်း၊ အုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်ရန် မြို့နှင့် ဝေးကွာမှု မရှိခြင်း၊ ရေနှင့် လျှပ်စစ်မီး အဆင်ပြေခြင်း စသည့်အချက်များနှင့် ပြည့်စုံသော သထုံမြို့နယ် ဈေးမသွယ်ကျေးရွာ ကွင်းအမှတ်-၆၇၂ (က၊ ခ) တွင်ရှိသော အကျဉ်းဦးစီးဌာနပိုင်မြေဧရိယာ ၂၅ ဒသမ ၁၇ ဧက၌ အကျဉ်းထောင်သစ် ဆောက်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုပါ မြေဧရိယာ ၂၅ ဒသမ ၁၇ ဧကအား အကျဉ်းဦးစီးဌာနပိုင်မြေအမည်ပေါက် ရရှိရေးနှင့် လယ်ယာမြေအခြားနည်း အသုံးပြုခွင့် ရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကျဉ်းထောင်သစ် ဆောက်လုပ်ရန် လုပ်ငန်း ခြောက်ခုအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေ ၁၉၅၁ ဒသမ ၇၆၁ သန်း တောင်းခံထားရှိပြီး ဖြစ်ပါကြောင်း၊ အကျဉ်းသားတစ်ဦး တစ်ရက်စားစရိတ် ငွေကျပ် ၆၀၀ ကျပ်နှုန်းသည် နည်းပါးနေသည့်အတွက် အကျဉ်းထောင်များရှိ အကျဉ်းသား၊ အချုပ်သားတစ်ဦးလျှင် တစ်ရက် ငွေကျပ် ၉၇၅ ကျပ်နှုန်းဖြင့် လည်းကောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်စခန်းများရှိ အကျဉ်းသား အကျဉ်းသူ တစ်ဦးလျှင် တစ်ရက် ငွေကျပ် ၁၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း တစ်ရက်စားစရိတ်နှုန်းများကို တိုးမြှင့်ရရှိရေးဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၅/၂၀၁၇)တွင် ခွင့်ပြုချက်ရရှိပြီး ဖြစ်ပါသဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်၍ တိုးမြှင့်ဈေးနှုန်းအတိုင်း ကျွေးမွေးလျက်ရှိပါကြောင်း။

သထုံအကျဉ်းထောင်တွင် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျန်းမာရေးမှူး တစ်ဦးထားရှိပြီး ဆေးကုသရန် ဆေးဝါးများကို ကန့်သတ်ထားခြင်းမရှိဘဲ လိုအပ်သလောက် သုံးစွဲခွင့်ပြုထားပါကြောင်း၊ သာမန်ရောဂါများကို အကျဉ်းထောင်၌ ကျန်းမာရေးမှူးက ကုသပေးပြီး ပြင်ပဆေးရုံသို့ တင်ပို့ရမည့် လူနာများကို သထုံပြည်သူ့ဆေးရုံသို့ တင်ပို့ကုသပေးလျက် ရှိပါကြောင်း၊ ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ တီဘီရောဂါ တိုက်ဖျက်ရေးနှင့် ခုခံအားကျ ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ အစည်းများကလည်း ရွေ့လျားဆေးကုသရေးအဖွဲ့ (Mobile Team) ဖြင့် ကုသဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

သို့ဖြစ်ပါ၍ သထုံအကျဉ်းထောင်အား အကြီးစားပြင်ဆင်ပေးရန် အစီအစဉ် မရှိပါကြောင်း၊ အကျဉ်းထောင်သစ် ဆောက်လုပ်နိုင်ရေးအတွက် သထုံမြို့နယ် ဈေးမသွယ်ကျေးရွာရှိ မြေဧရိယာ ၂၅ ဒသမ ၁၇ ဧကအား ဌာနပိုင်အမည်ပေါက် ရရှိရေးနှင့် လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် ရရှိရေး ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေ တောင်းခံထားပြီး ဖြစ်ပါကြောင်း၊ လက်ရှိ သထုံအကျဉ်းထောင်အား အချုပ်ထောင်အဖြစ် ဆက်လက်ထားရှိသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ချင်းပြည်နယ် ထန်တလန်မြို့နယ် ထာအိုကျေးလက် ကျန်းမာရေးဌာန(ခွဲ)ကို ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဘွဲ့ခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့နယ် ထာအိုကျေးလက်ကျန်းမာရေးဌာန (ခွဲ)ကို ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လတ်တလောတွင် ထာအိုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိပါကြောင်း၊ အဆိုပါဌာနခွဲသည် ထန်တလန်မြို့နယ်နှင့် ၃၆ မိုင်၊ ဟားခါးဆေးရုံကြီးနှင့် ၆၈ မိုင်၊ ဆလဲင်းကျေးလက် ကျန်းမာရေးဌာနနှင့် ၃၄ မိုင် ဝေးကွာပါကြောင်း၊ သွားရေးလာရေးလည်း ခက်ခဲပါကြောင်း၊ သို့သော် ထာအိုသည် နယ်စပ်ကုန်သွယ်ရေးလမ်းမကြီးပေါ်တွင် ရှိနေသည်ကို တွေ့ရပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနပေးမည်ဆိုပါက အချက်ငါးချက်ရှိပြီး အဓိက အချက် နှစ်ချက်နှင့် မညီပါကြောင်း၊ သို့သော် လူမှုရေးအရလည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသည့်အတွက် အဆင့်တိုးမြှင့်ရန် ဖွံ့ဖြိုးပုံစိစစ်ရေးအဖွဲ့သို့ တင်ပြထားပြီး ဖြစ်ပါကြောင်း၊ ၎င်းတို့၏ ထောက်ခံမှုရရှိပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် တင်ပြ၍ ၂၀၁၈-၂၀၁၉ တွင် အဆင့်တိုးမြှင့်မှုရရှိမည် ဖြစ်ပါကြောင်း ဖြေကြားသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

## ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကျောက်ကြီးပြင်အုပ်စု မော်ဖျားကျေးရွာ၌ ဆားငန်ဒီရေ ဝင်ရောက်၍ ရေနစ်မြုပ်နေခြင်းကို ကာကွယ်ပေးရန် အစီအစဉ် ရှိ၊ မရှိ

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း၏ **ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကျောက်ကြီးပြင်အုပ်စု မော်ဖျားကျေးရွာ၌ ဆားငန်ဒီရေ ဝင်ရောက်၍ ရေနစ်မြုပ်နေခြင်းကို ကာကွယ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ကျောက်ဖြူမြို့နယ် ကျောက်ကြီးပြင်ကျေးရွာအုပ်စု မော်ဖျားကျေးရွာသည် ငန်းကျွန်းမြစ်နှင့် နမထွေးမြစ်ဆုံရာ ပင်လယ်ဝ၌ တည်ရှိသော ကျေးရွာဖြစ်ပါကြောင်း၊ မော်ဖျားကျေးရွာအား ဆားငန်ဒီရေ ဝင်ရောက်၍ ရေနစ်မြုပ်ခြင်းမှ ကာကွယ်နိုင်ရန် တာအလျား ပေ ၆၅၀၀ ခန့် ဆည်ဖို့ပေးရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဆားငန်ဒီရေကာကွယ်မည့် မော်ဖျားကျေးရွာတာ (ကာရီ)မှာ ကျောက်ဖြူမြို့နယ် ဘောမကမ်းထောင့် လယ်သမားတာနှင့် တစ်ဆက်တည်းဖြစ်ပါကြောင်း၊ မော်ဖျားကျေးရွာကာရီ ပြုပြင်ခြင်းလုပ်ငန်းအား ဘောမကမ်းထောင့် လယ်သမားတာ (ကာရီ)ပုံစံကျပြုပြင်ခြင်းနှင့် တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ပေးနိုင်ပါရန် စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း။

ဘောမကမ်းထောင့်လယ်သမားတာ အလျား ပေ ၁၁၅၀၀ နှင့် မော်ဖျားကျေးရွာ ဆားငန်ဒီရေ ကာကွယ်တော အလျား ပေ ၆၅၀၀ စုစုပေါင်းတာအလျား ပေ ၁၈၀၀၀ ပြုပြင်နိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အစိုးရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) မူလခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းစာရင်း၌ ထည့်သွင်းထားရှိပြီး ဖြစ်ပါကြောင်း၊ ဘောမကမ်းထောင့် လယ်သမားတာ (ကာရီ)တွင် (၅×၆)ပေ သုံးပေါက် ကွန်ကရစ်ရေတံခါး တစ်လုံး တည်ဆောက်ခြင်းနှင့် တာပုံစံကျ ပြုပြင်ခြင်းလုပ်ငန်းတို့အတွက် စုစုပေါင်း ရန်ပုံငွေကျပ် သန်း ၄၀၀ တင်ပြတောင်းခံထားရှိပြီး ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား ဆောင်ရွက်ပေးနိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအပေါ် အခြေခံပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဒုတိယဝန်ကြီး ဦးလှကျော်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

## မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီသည် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းကို လေ့လာစိစစ်ရာ ပိုမိုပြည့်စုံမှု ရှိစေရန်အတွက် ဥပဒေကြမ်းကော်မတီက ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၄၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲငယ် (၁)၊ (၂)၊ (၃)ကို အစားထိုး ပြင်ဆင်သင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ဥပဒေကြမ်းကော်မတီသည် ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၄၊ အပိုဒ်ခွဲ (င)၏ အောက်တွင် အပိုဒ်ခွဲ (စ)အဖြစ် ကောင်စီဥက္ကဋ္ဌသည် ရွေးချယ်တင်မြှောက်ထားသည့် အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သည်ဆိုသည့် စကားရပ်ဖြင့် အသစ်ဖြည့်စွက်၍ လည်းကောင်း၊ ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းအပိုဒ် ၆၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၂)နှင့် (၃)တို့တွင်ပါရှိသော ကောင်စီဝင်ဆိုသည့် စကားရပ်ကို ကောင်စီဥက္ကဋ္ဌဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲငယ် (၂)တွင် ဖော်ပြထားသော စကားရပ်များအစား ပုဒ်မ ၄၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၂) ပါ ပြဋ္ဌာန်းချက်မှ အပဖြစ်သည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကုသခွင့်လိုင်စင်သက်တမ်း အနည်းဆုံး ၁၅ နှစ်ရှိသူ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၂ တွင် ဖော်ပြထားသော ပုံမှန်အစည်းအဝေးကို လေးလလျှင် တစ်ကြိမ် ကျင်းပရမည်ဆိုသည့် စကားရပ်ကို ပုံမှန်အစည်းအဝေးကို ခြောက်လလျှင် တစ်ကြိမ် ကျင်းပရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၈ ၏ အောက်တွင် အပိုဒ် ၁၉ အဖြစ် ကောင်စီသည် မိမိ၏ ရန်ပုံငွေမှ ကောင်စီဝင်များအတွက် စရိတ်နှင့် ချီးမြှင့်ငွေများ သတ်မှတ်ခွင့်ပြုနိုင်သည် ဆိုသည့် စကားရပ်ဖြင့် အသစ်ဖြည့်စွက်၍ အသီးသီးအစားထိုး ပြင်ဆင်သင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

သို့ဖြစ်ပါ၍ ကော်မတီသည် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ မူလပြင်ဆင်ချက်များနှင့်အတူ ယခုထပ်မံပြင်ဆင်ချက်များကို လွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

## မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ ဖတ်ကြား

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်အုန်းကြည်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီသည် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဖိတ်ကြားထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးဆရာများအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် လွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို ဇွန် ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

# (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲ ၃၆၀၊ ကျောက်မျက် ၃၃၆ တွဲ၊ ကျောက်စိမ်း ၆၇၉၅ တွဲ ရောင်းချမည်

**နေပြည်တော် ဇွန် ၁၉**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်မည့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ပြပွဲဝင်ခွင့်ကိစ္စရပ်များ ဆောင်ရွက်ပေးလျက်ရှိသည့် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမရှိ ရတနာကုန်သည် မှတ်ပုံတင် အဆောက်အအုံသို့ ယနေ့နံနက် ၁၁ နာရီတွင် ကြည့်ရှုစစ်ဆေးရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွန့်သိန်းနှင့် ပြပွဲဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီ အသီးသီးနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ရတနာပြပွဲသို့ တက်ရောက်မည့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ပြပွဲဝင်ခွင့်ကိစ္စရပ်များ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာလုပ်ငန်း ကော်မတီအလိုက် ညှိနှိုင်းဆောင်ရွက်ကြရန်မှာကြားပြီး ပြပွဲဝင်ခွင့်ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်လျက်ရှိသည့် ရတနာကုန်သည်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ပြပွဲဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

(၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဇွန် ၂၀ ရက်မှ ၂၉ ရက်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၃၆၀၊ ကျောက်မျက်အတွဲပေါင်း ၃၃၆ တွဲ၊ ကျောက်စိမ်းအတွဲပေါင်း ၆၇၉၅ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး ပြည်ပနိုင်ငံလေးခုမှ ရတနာကုန်သည် ၃၁၁၀၊ ပြည်တွင်း ရတနာကုန်သည် ၉၂၃ ဦး ပြပွဲသို့ တက်ရောက်ရန် မှတ်ပုံတင်ခြင်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဥရောပကော်မရှင်၏ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဥရောပကော်မရှင်၏ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အာရှ၊ အာရှအလယ်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Pierre Amilhat နှင့် အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်သာမက ထိုင်း-မြန်မာ ဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရာက်လာမည့် မြန်မာနိုင်ငံသားများအတွက်လည်း ဥရောပသမဂ္ဂမှ ဆက်လက်ကူညီရန်ကိစ္စ၊ ရခိုင်ပြည်နယ်တွင် လက်ရှိဆောင်ရွက်နေသော National Verification လုပ်ငန်းစဉ်၏ တိုးတက်မှုပမာဏနှင့် NVC ကိုင်ဆောင်သူများ လက်တွေ့ဒေသအဆင့်တွင် လွတ်လပ်စွာ သွားလာခွင့်ရရှိရေး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရေးအတွက် လုံခြုံရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်း ဖန်တီးပေးနိုင်မှုကိစ္စရပ်များ၊ ရခိုင်ပြည်နယ်ရှိ ကယ်ဆယ်ရေးစခန်းများ ပိတ်သိမ်းပါက စခန်းတွင်းနေသူများအတွက်သာမက ဒေသခံများအတွက်ပါ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များ၊ ဥရောပကော်မရှင်အနေဖြင့် Cash for Work အစီအစဉ်များအတွက် ကူညီပေးနိုင်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်း အောက်ဖော်ပြပါမြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | မိုးကောင်း |
| ၂။ | ကရင်ပြည်နယ် | ကော့ကရိတ် |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ဘုတလင်၊ မြောင်၊ ကန့်ဘလူ၊ မြို့သစ်၊ မင်းသာ |
| ၄။ | တနင်္သာရီတိုင်းဒေသကြီး | ရေဖြူ၊ တနင်္သာရီ |
| ၅။ | ပဲခူးတိုင်းဒေသကြီး | နတ်တလင်း၊ ပေါင်းတည် |
| ၆။ | မကွေးတိုင်းဒေသကြီး | ရေနံချောင်း၊ တောင်တွင်းကြီး၊ ဆော၊ စလင်း၊ အောင်လံ၊ မင်းလှ၊ ကန်ပက်လက် |
| ၇။ | မန္တလေးတိုင်းဒေသကြီး | မတ္တရာ၊ တောင်သာ |
| ၈။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ |
| ၉။ | ရန်ကုန်တိုင်းဒေသကြီး | လှည်းကူး၊ သုံးခွ |
| ၁၀။ | ရှမ်းပြည်နယ် | ပင်လောင်း၊ လဲချား၊ သိန္နီ၊ သီပေါ |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ညောင်တုန်း၊ ဇလွန် |

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဥရောပကော်မရှင်၏ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၉**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ဥရောပကော်မရှင်၏ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အာရှ၊ အာရှအလယ်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Pierre Amilhat နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးခဲ့ပြီး နေပြည်တော်ရှိ M-Gallery ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထိုသို့ တွေ့ဆုံစဉ် အာဆီယံ-အီးယူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ အေဆမ်ထိပ်သီးအစည်းအဝေး ကျင်းပရေးကိစ္စနှင့် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှု မြှင့်တင်ရေးနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့ပြင် အီးယူမှ မြန်မာနိုင်ငံအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Multi-annual Indicative Programme နှင့်ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြသည်။

နေ့လယ်စာစားပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်လမြိုင်မြို့ ကျိုက်သလ္လံဘုရား မြေသားပြိုကျမှု ကြည့်ရှု ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်

**နေပြည်တော်  ဇွန်  ၁၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ ကျိုက်သလ္လံဘုရားကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ မော်လမြိုင်မြို့တွင် ဇွန် ၁၆ ရက် ည ၉ နာရီမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျိုက်သလ္လံဘုရားကြီး အနောက်ဘက်မုခ်ဦး ဘေးမြေသားများ ပြိုကျမှုအခြေအနေများနှင့် တပ်မတော်သားများနှင့် မီးသတ်၊ ကြက်ခြေနီ၊ လူမှုကူညီရေး အသင်းအဖွဲ့များက ပြိုကျပျက်စီးမှုများ ရှင်းလင်းနေမှုများကို လိုက်လံကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်သံဃနာယကအဖွဲ့ဝင် ဇောတိကာရုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒောဘာသ အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဘုရားကြီးပြန်လည်ပြုပြင် မွမ်းမံရန်အတွက် အလှူငွေများနှင့် လတ်တလောအသုံးပြုနိုင်ရန်အတွက် ဘိလပ်မြေ အိတ် ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်တစ်ဦးက လက်ခံရယူပြီး အလှူရှင်များ၏ လှူဒါန်းငွေကျပ်သိန်း ၈၀ အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ခံရယူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက် ချမ်းအေးရိပ်သာကျောင်းတိုက်အတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းတွင် ခေတ္တနေထိုင်လျက်ရှိသည့် ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ရေးမြို့ ပြည်သူ့အားကစားရုံ၌ ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံတို့က ရေဘေးသင့်



ပြည်သူများအား အားပေးစကား ပြောကြားကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာများနှင့် ရေဘေးသင့်မိသားစုဝင်များ၏ ကျောင်းသား ကျောင်းသူ ၄၀၀ အတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ပညာသင်ထောက်ပံ့ငွေကျပ်သိန်း ၄၀ အား ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က စားသောက်ဖွယ်ရာများ ပေးအပ်ကာ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြပြီး မိုးအဆက်မပြတ်ရွာသွန်းစဉ် ရေဝင်နစ်မြုပ်မှု ဖြစ်ပွားခဲ့သည့် နေရာများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲ ပြုလုပ်စဉ်။



လုံခြုံရေးကဏ္ဍဆွေးနွေးပွဲ ပြုလုပ်စဉ်။

❒ **ကျောဖုံးမှ**

မြေယာကဏ္ဍတို့မှ အချက်များများ ရရှိပါကြောင်း။

လုပ်ငန်းကော်မတီအသီးသီးတွင် ဆွေးနွေးရန် လက်ကျန်များရှိပါကြောင်း၊ မွန်ပြည်သစ်ပါတီ၏ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲနှင့် CSO ဖိုရမ် တင်ပြချက်များ အသစ်တိုးလာနိုင်ဖွယ်ရှိပါကြောင်း၊ လက်ကျန်ဆွေးနွေးချက်များနှင့် အသစ်တိုးလာမည့် တင်ပြချက်များကို စုစည်းလိုက်ပါက တတိယအကြိမ် ညီလာခံတွင် ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်နိုင်မည့် အနေအထားရှိပါကြောင်း။ တတိယအကြိမ် ညီလာခံတွင် ဖက်ဒရယ်နှင့်ပတ်သက်ပြီး နိုင်ငံရေးကဏ္ဍအနေဖြင့် ဖက်ဒရယ်ကို ထင်ဟပ်နိုင်သည့် ခေါင်းစဉ်အနေအထားမျိုး အနည်းငယ်အားနည်းနေပါကြောင်း၊

စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာကဏ္ဍများတွင် ဖက်ဒရယ်မူကို မီးမောင်းထိုးပြနိုင်သည့် ခေါင်းစဉ်မျိုးဆွေးနွေးနိုင်မည်ဆိုပါက တတိယအကြိမ် ညီလာခံရလဒ်တွင် အလွန်တန်ဖိုးရှိသည်များ ထွက်လာပေါ်မည်ဟု ယူဆပါကြောင်း၊ လုံခြုံရေးကဏ္ဍတွင် ဖက်ဒရယ်၏ ပုံသဏ္ဌာန်ကို ထင်ဟပ်စေမည့် အချက်မျိုး အားနည်းနေဆဲဖြစ်နိုင်ပါကြောင်း၊ သို့ဖြစ်၍ အထူးတင်ပြလိုသည်မှာ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာကဏ္ဍတို့တွင် ဖက်ဒရယ်၏ ပုံသဏ္ဌာန် ပေါ်လာနိုင်မည့် ခေါင်းစဉ်များကို အထူးပြုပြီး စုစည်းဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူး ဦးလှမောင်ရွှေက NCA၊ မူဘောင်၊ ToR နှင့် SOP စာတမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူး ဦးဇော်ဌေးက အစီအစဉ်များ၊ ဆွေးနွေးမည့်ပုံစံများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ် နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကဏ္ဍအလိုက်ဆွေးနွေးပွဲများကို အဆိုပါဗဟိုဌာန သတ်မှတ်နေရာ အသီးသီးတွင်ကျင်းပရာ နိုင်ငံရေးကဏ္ဍ ဆွေးနွေးပွဲတွင် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး ဦးခင်ဇော်ဦးက လည်းကောင်း၊ စီးပွားရေးကဏ္ဍ ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ အတွင်းရေးမှူး ဦးလှမောင်ရွှေက လည်းကောင်း၊ လူမှုရေးကဏ္ဍ ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး ဦးဇော်ဌေးက လည်းကောင်း၊ လုံခြုံရေးကဏ္ဍ ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဝင် ဗိုလ်မှူးချုပ် စိန်ထွန်းလှက လည်းကောင်း၊ မြေယာ၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍ ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူး ဦးအောင်စိုးက လည်းကောင်း ဦးဆောင်ဆွေးနွေးကြပြီး အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကိုယ်စားလှယ်များ၊ အစိုးရအစုအဖွဲ့မှ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အကျိုးဆောင်များ ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲများတွင် ယခင်စုစည်းချက်များ၊ ယခင်သဘောတူညီချက်များနှင့် မူဝါဒအဆိုပြုချက်များကို ဆွေးနွေးကြသည်။ နိုင်ငံရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍနှင့် မြေယာ၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍ ဆွေးနွေးပွဲများကို ဇွန် ၂၁ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်**

# ပထမအကြိမ် မဲခေါင်မြစ်ဝှမ်းဒေသခွဲနိုင်ငံများမှ သတင်းပြန်ကြားရေးအရာရှိနှင့် သတင်းစာဆရာများ မွမ်းမံသင်တန်းပိတ်ပွဲအခမ်းအနား ကျင်းပ

**ကူမင်း  ဇွန်  ၁၉**

ပထမအကြိမ် မဲခေါင်မြစ်ဝှမ်းဒေသခွဲ နိုင်ငံများမှ သတင်းစာဆရာများ မွမ်းမံသင်တန်းပိတ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Yunnan Daily Press Group ၌ ကျင်းပသည်။ အခမ်းအနားတွင် မဲခေါင်မြစ်ဝှမ်းဒေသခွဲ နိုင်ငံများအလိုက် Yunnan Daily Press Group မှ သတင်းစာဆရာများနှင့်ပူးပေါင်း၍ ခရီးစဉ်တစ်လျှောက်တွင် သွားရောက်လေ့လာခဲ့သည်များကို new media နည်းဖြင့် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်တစ်ဦးစီက သင်တန်းကာလနှင့် ခရီးစဉ်တစ်လျှောက် လေ့လာတွေ့ရှိရသည့်အတွေ့အကြုံများနှင့် ကျေးဇူးတင်စကားပြောကြားကြသည်။

ယင်းနောက် H.E.Mr.Yang Run, Chief Editor of Yunnan Daily Press Group က နှုတ်ဆက်စကားပြောကြားပြီး မဲခေါင်မြစ်ဝှမ်းဒေသခွဲ နိုင်ငံများမှ သင်တန်းသား သင်တန်းသူ ၁၅ ဦးအား သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြုလက်မှတ်များ ပေးအပ်သည်။ မဲခေါင်မြစ်ဝှမ်းဒေသခွဲနိုင်ငံများမှ သတင်းပြန်ကြားရေးအရာရှိနှင့် သတင်းစာဆရာများမွမ်းမံသင်တန်းတွင် ယူနန်နေ့စဉ်သတင်းစာအဖွဲ့မှ တာဝန်ရှိသူများက မဲခေါင်မြစ်ဝှမ်းဒေသခွဲနိုင်ငံများ၏ မီဒီယာကဏ္ဍများ၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ တရုတ်နိုင်ငံတွင် အွန်လိုင်းမီဒီယာဖွံ့ဖြိုးတိုးတက်မှု၊ new media ကဏ္ဍ စသည်များကို သင်ကြားပို့ချခဲ့သည်။ ထို့ပြင် ယူနန်ပြည်နယ် ကူမင်းမြို့ရှိ မြေအောက်ရထားနှင့် ကျည်ဆန်ရထား ပြေးဆွဲနေမှုအခြေအနေများ၊ ကူမင်းမြို့ရှိ အထင်ကရနေရာများ၊ မွန်တင်မြို့နယ်ရှိ လင်ချွန်း-ချင်းဆွေဟော် အမြန်လမ်းဖောက်လုပ်နေမှု အခြေအနေ၊ လင်ချွန်းနယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်နှင့် မန်ထွန်ရွာရှိ တိုင်လူမျိုးများ၏ စက္ကူ ပြုလုပ်သည့် လက်မှုပညာများကို သွားရောက်လေ့လာခဲ့ကြသည်။

**အေဝမ်းစိုး၊ မျိုးသူဟိန်း**

ကြေးမုံ



# ဆေးခြောက်နှင့် စိတ်ကျန်းမာရေး

ပါမောက္ခ ဒေါက်တာခင်မောင်ကြီး
(စိတ်ကျန်းမာ၊ မူးယစ်)

**ဆေးခြောက်ဆိုတာ ဘာလဲ**

မြန်မာလို ဆေးခြောက်ဟုဆိုလျှင် နားလည်လွယ်၍ ရုက္ခဗေဒဘာသာအားဖြင့် cannabis sativa and cannabis indica ဟု ခေါ်ဆိုပါသည်။ ကမ္ဘာတစ်ဝန်း ရာစုနှစ်များစွာကပင် ကျယ်ပြန့်စွာ ပေါက်ရောက်သိရှိပြီး ဖြစ်ပါသည်။ ပင်စည် အမျှင်များကို ကြိုးနှင့် အဝတ်အထည် ရက်လုပ်ခြင်းအပြင် ဆေးဝါးအနေဖြင့် အသုံးပြုသကဲ့သို့ ဆေးခြောက်ရှူခြင်းမှာ နားနေပျော်ရွှင်မှုအတွက် ရှေးယခင် ကပင် ခေတ်စား၍ ပေါ်ပြူလာ ဖြစ်လာပါသည်။ ဆေးခြောက်အဆီကို bhang၊ ganja၊ hashish၊ resin ဟု ခေါ်ကြပါသည်။ ထို့အပြင် အပွင့်၊ အညွန့်နှင့် ရွက်ခြောက်တို့ကို grass၊ marijuana၊ spliff၊ weed ဟု ခေါ်ကြပါသည်။

"Skunk" ဆိုသည်မှာ ပြင်းသောဆေးခြောက်အမျိုးအစားဖြစ်ပြီး ယင်းတွင်ပါဝင်သော အဓိကဓာတုပစ္စည်း THC (tetrahydrocannabinol) ပါဝင်မှုနှုန်းမှာ သာမန်ဆေးခြောက်ထက် နှစ်ဆ၊ သုံးဆမျှ မြင့်မားပေသည်။ ဆေးခြောက်အမျိုးပေါင်းမှာ ရာချီ၍ များစွာရှိပြီး ဗန်းစကားအဖြစ် AK-47၊ Knock Out၊ Destroyer ဟု ပြင်းထန်မှုကိုညွှန်း၍ အမည်များ ပေးထားကြသည်။

**ဆေးခြောက်ကို ဘယ်လိုသုံးစွဲကြသလဲ**

ဆေးခြောက်ကို ဆေးလိပ်တွင် ဆေးရွက်ကြီးများနှင့်ရော၍ သောက်ရှူသကဲ့သို့ မီးရှို့၍ အငွေ့ကို နည်းမျိုးစုံဖြင့် ရှူရှိုက်တတ်ကြသည်။ ထို့ပြင် လက်ဖက်ခြောက် အကြမ်းခြောက်ကဲ့သို့ အသုံးပြုခြင်း၊ မုန့်မျိုးစုံနှင့် ဟင်းလျာများတွင် ထည့်သွင်းချက်လုပ် စားသောက်တတ်ကြသည်။ ဆေးခြောက်တွင် ပါဝင်သော စိတ်ကိုပြောင်းလဲစေသည့် ဓာတုပစ္စည်းမျိုးစုံတို့သည် သွေးအတွင်းသို့ ရောက်ရှိသွားပါက တစ်ကိုယ်လုံးရှိ အဆီတစ်သျှူးများတွင် ကြာရှည်စွာ ခိုကပ်နေပြီး ဆီးမှတစ်ဆင့် စစ်ထုတ်ပေးသည်။ သို့ဖြစ်၍ နောက်ဆုံး ဆေးခြောက်ရှုပြီး ရက်များစွာ ကြာမြင့်သည်အထိ ဆီးတွင် တွေ့ရှိနိုင်ပေသည်။

**မြန်မာနိုင်ငံမူးယစ်ဥပဒေနှင့် ဆေးခြောက်**

မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသော ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဥပဒေ (1993 Narcotics and Psychotropic Substances Law ) အရ ဆေးခြောက်ကို မူးယစ်ဆေးဝါးအဖြစ် ပြဋ္ဌာန်းထား၍ သုံးစွဲမှု၊ စိုက်ပျိုးမှု၊ သိုလှောင်မှု၊ သယ်ယူရောင်းဝယ်ဖောက်ကားမှု၊ ပြည်တွင်း ပြည်ပသွင်းမှု၊ ထုတ်မှု စသည်များကို ဤဥပဒေပါ အခြားဆေးဝါးများ အတိုင်း ပြဋ္ဌာန်းထားပါသည်။ လက်ဝယ်တွေ့ရှိမှုနှင့် ရောင်းဝယ်ဖောက်ကား မှုကို ပမာဏအလေးချိန် ၁၀၀ ဂရမ်ဖြင့် ကန့်သတ်ထားပါသည်။

**ဆေးခြောက်တွင် မည်သည့်ဓာတုဗေဒပစ္စည်းများ ပါသလဲ၊ ဦးနှောက်တွင် ဘယ်လိုလုပ်ဆောင်ကြသလဲ**

ဆေးခြောက်ပင်တစ်ပင်တွင် ဓာတုဗေဒပစ္စည်းအမျိုးပေါင်း ၄၀၀ ကျော် ပါရှိပေသည်။ အဓိကဓာတုပစ္စည်း လေးမျိုးပါဝင်ပြီး ၎င်းတို့မှာ delta 9-THC၊ CBD၊ delta 8-THC နှင့် cannabinol တို့ဖြစ်ကြသည်။ CBD မှလွဲ၍ ကျန်ဓာတုပစ္စည်းများမှာ စိတ်အာရုံကို လှုံ့ဆော်သော အာနိသင်ရှိ၍ delta 9-THC မှာ အပြင်းဆုံးဖြစ်သည်။

ဆေးခြောက်ကို ရှူလိုက်ပါက ဓာတုပစ္စည်းများသည် သွေးကြောများ အတွင်းသို့ ဝင်ရောက်ပြီး ဦးနှောက်နှင့် အခြားအင်္ဂါများသို့ ပျံ့နှံ့သွားပေသည်။ ဆေးခြောက်ရှူ၍ ထုံသွားခြင်း၊ ငြိမ်သွားခြင်းတို့မှာ ဦးနှောက်ရှိ delta 9-THC ဓာတ်ပူးဝင်နိုင်သော စုပ်ခွက်လေးတွင် ဝင်ရောက်ပူးကပ်သောကြောင့် ဖြစ်ပေသည်။ ယင်းစုပ်ခွက်များကို စိတ်လှုပ်ရှားမှု၊ စိတ်သာယာမှု၊ မှတ်ဉာဏ်၊ အတွေးအမြင်၊ စိတ်အာရုံစုစည်းမှု၊ အာရုံငါးပါးနှင့် အချိန်သိမှုကိုလွှမ်းမိုးသော ဦးနှောက်၏ ဧရိယာများတွင် အများဆုံးတွေ့ရပေသည်။

**ဓာတုပစ္စည်းများဟာ ဘယ်လိုအာနိသင်ရှိသလဲ**

**ချောက်ချားမှု**

ယင်းတို့မှာ စိုးရိမ်ပူပန်စိတ်လွန်ကဲခြင်းနှင့်အတူ သိမှုအာရုံများ ရှုပ်ထွေးခြင်း၊ အာရုံငါးပါးတွင် လှုံ့ဆော်မဲ့အာရုံ (မရှိသောအသံကြားခြင်း၊ မရှိသောအရာမြင်တွေ့ခြင်း၊ မရှိသောအရာထိတွေ့ခြင်း) စသည်များ ခံစားရခြင်း၊ ပတ်ဝန်းကျင်အပေါ် မယုံသင်္ကာစိတ်များဖြစ်ပေါ်ခြင်းတို့ ဖြစ်တတ်ပေသည်။ ဆေးခြောက်ကြောင်သည်ဟု ခေါ်ကြသည်။ ဤသို့ ဆေးခြောက်ကြောင်သော လက္ခဏာများကို ရက်သတ္တပတ်အတန်ကြာ ခံစားရတတ်ပေသည်။ ကြာရှည်သုံးစွဲပါက စိတ်ဓာတ်ကျ၍ အားကြိုးမာန်တက်စိတ်များ လျော့နည်းလာရုံမက အချို့သုတေသနများတွင် မှတ်ဉာဏ် အစဉ်အမြဲထိခိုက်မှုကို တွေ့ရှိရပေသည်။ ဆေးခြောက်စိတ္တဇဟုလည်း ခေါ်ကြသည်။

**ပညာရေးသင်ယူမှုနှင့် ဆေးခြောက်သုံးစွဲမှု**

ဆေးခြောက်ရှူခြင်းကြောင့် အာရုံစုစည်းမှု၊ အချက်အလက်များ သိုလှောင်စုစည်းမှုနှင့် ပြန်လည်အသုံးချခြင်း(မှတ်ဉာဏ်)များကို ထိခိုက်ခြင်း ဖြစ်နိုင်ပေသည်။ ဤအချက်ကိုပညာသင်ယူမှုပြုသော ကျောင်းသားများတွင် တွေ့ရပေသည်။

နယူးဇီလန်နိုင်ငံ၏ သုတေသနကြီးတစ်ခုတွင် ကျောင်းသား ၁၂၆၅ ယောက်ကို ၂၅ နှစ်တိုင်အောင် စဉ်ဆက်မပြတ် လေ့လာမှုများပြုရာ ဆေးခြောက်သုံးစွဲမှုသည် ကျောင်းပညာရေးစွမ်းဆောင်မှု လျော့နည်းကျဆင်းခြင်းနှင့် ဆက်စပ်မှုရှိကြောင်း တွေ့ရပေသည်။

**လုပ်ငန်းခွင်စွမ်းဆောင်မှုနှင့် ဆေးခြောက်သုံးစွဲမှု**

လုပ်ငန်းခွင်စွမ်းဆောင်မှုမှာလည်း ထိုနည်းလည်းကောင်းပင်။ ဆေးခြောက်သုံးစွဲသူများတွင် ခွင့်မဲ့ပျက်ကွက်မှု များပြားခြင်း၊ အလုပ်ချိန်တွင် ကိုယ်ရေးကိုယ်တာများဖြင့် ဖြုန်းပစ်ခြင်း (သို့မဟုတ်) စိတ်ကူးယဉ်နေတတ်ခြင်းများ တွေ့ရပေသည်။ ဆေးခြောက်သုံးစွဲသူ ကာယကံရှင်များကိုယ်တိုင်ကလည်း ဆေးခြောက်သုံးစွဲမှုကြောင့် လုပ်ငန်းခွင်နှင့် လူမှုဘဝများတွင် ထိခိုက်မှုများ ကြုံတွေ့ရကြောင်း ဝန်ခံကြပေသည်။

မှန်ပါသည်။ အချို့လုပ်ငန်းတာဝန်များတွင် ပိုမိုတွေ့ရပေသည်။

လေယာဉ်မောင်းသူ ပိုင်းလော့များအား ဆေးခြောက်ရှူစေပြီး လေယာဉ်မောင်းခိုင်း၍ သုတေသနပြုရာ (ဝေဟင်သို့ တကယ်တက်ရောက်မောင်းခြင်းမဟုတ်ဘဲ သင်တန်းလေယာဉ်ဖြင့် မောင်းစေခြင်း)တွင် အမှားအယွင်းများစွာ (ဆေးခြောက်မရှူထားသူထက်) ပိုမိုလုပ်ဆောင်ကြောင်း တွေ့ရပေသည်။ ပထမ လေးနာရီတွင် မှားယွင်းမှု အပြင်းထန်ဆုံးဖြစ်ပြီး အနည်းဆုံး ၂၄ နာရီအထိရှိနေကြောင်း လေ့လာတွေ့ရှိရပေသည်။

**မော်တော်ယာဉ်မောင်းနှင်မှုနှင့် ဆေးခြောက်သုံးစွဲမှု**

နယူးဇီလန်နိုင်ငံ၏ သုတေသနတစ်ခုတွင် ဆေးခြောက်မှန်မှန်ရှူသူများနှင့် ယာဉ်မမောင်းနှင်မီ ရှူထားသူများသည် ယာဉ်မတော်တဆမှုဖြင့် ဒဏ်ရာရမှု ပိုမိုကြုံတွေ့ရကြောင်း တွေ့ရှိရပေသည်။

ထို့အပြင် မကြာခင်က ပြင်သစ်နိုင်ငံတွင် ပြင်းထန်သေကျေလောက်သည့် ယာဉ်တိုက်မှုများတွင် ပါဝင်သည့် ယာဉ်မောင်း ၁၀၀၀ ကျော်အား လေ့လာမှုပြုခဲ့ကြပေသည်။ ယင်းလေ့လာမှုတွင် အရက်သောက်သုံးမှုကြောင့် ဖြစ်နိုင်ခြေရှိသည့်အချက်ကို ထည့်သွင်းတွက်ချက်ထားသည့်တိုင် ဆေးခြောက်သုံးစွဲသူများသည် သေကျေလောက်သည့် ပြင်းထန်သောယာဉ်တိုက်မှုကို ဖြစ်နိုင်ခြေမှာ နှစ်ဆရှိကြောင်း တွေ့ရှိရပေသည်။

**စိတ်ကျန်းမာရေးပြဿနာနှင့် ဆေးခြောက်သုံးစွဲမှု**

စိတ်ကျရောဂါနှင့် စိတ်ဖောက်ပြန်ရောဂါအပါအဝင် ပြင်းထန်သော စိတ်ရောဂါခံစားရသူတို့တွင် ဆေးခြောက်သုံးစွဲမှု ပိုများခြင်း (သို့မဟုတ်) ကြာရှည်စွာ ဆေးခြောက်သုံးစွဲခဲ့ကြောင်း တွေ့ရပေသည်။ ဆေးခြောက်ကို ပုံမှန်သုံးစွဲသူများတွင် စိတ်ဖောက်ပြန်ခြင်း (သို့မဟုတ်) နာတာရှည် စိတ်ကစဥ့်ကလျားရောဂါဖြစ်နိုင်ခြေ နှစ်ဆရှိကြောင်း တွေ့ရပေသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း မျိုးရိုးဗီဇအခံရှိသူများတွင် မူးယစ်ဆေး စောစီးစွာသုံးစွဲခြင်းနှင့် နောက်ပိုင်း စိတ်ကျန်းမာရေးပြဿနာ ဖြစ်ပွားခြင်းတို့မှာ ထင်ရှားစွာဆက်စပ်မှုရှိကြောင်း တွေ့ရပေသည်။

**စိတ်ကျရောဂါ**

အသက် ၁၄ နှစ်နှင့် ၁၅ နှစ်အရွယ်ရှိ ဩစတြေးလျကျောင်းသား ၁၆၀၀ တို့အား ခုနစ်နှစ်တိုင်အောင် လေ့လာကြည့်ရာ ဆေးခြောက်မှန်မှန် သုံးစွဲသူများတွင် စိတ်ကျရောဂါမှာ သိသာစွာပိုမိုဖြစ်ပွားကြောင်း တွေ့ရပေသည်။ ထို့ပြင် ဆေးခြောက် နေ့စဉ်သုံးစွဲသူလူငယ်များမှာ နောက်ပိုင်းတွင် စိတ်ကျရောဂါနှင့် စိုးရိမ်စိတ်လွန်ရောဂါများ ဖြစ်နိုင်ခြေ (ငါးဆ) ရှိကြောင်း တွေ့ရပေသည်။

**စိတ်ဖောက်ပြန်ရောဂါ (စိတ်ကစဥ့်ကလျားနှင့် စိတ်ကြွ၊ စိတ်ကျရောဂါ)**

ဆေးခြောက်ရှူသော လူငယ်များ၊ အထူးအဖြင့် အသက် ၁၅ နှစ် ဝန်းကျင်အရွယ်ရှိ ဆေးခြောက်ရှူသောလူငယ်များတွင် စိတ်ကစဥ့်ကလျားရောဂါနှင့် စိတ်ကြွ၊ စိတ်ကျရောဂါကဲ့သို့ စိတ်ဖောက်ပြန်ရောဂါများ ဖြစ်နိုင်ခြေမှာ သာမန်အခြေအနေထက် များစွာကြီးမားကြောင်း လုံလောက်သော အထောက်အထားများရှိနေပြီ ဖြစ်ပါသည်။ များများရှူလေ ဖြစ်နိုင်ခြေမှာလည်း ပိုမိုကြီးမားလေ ဖြစ်ပေသည်။ အကြောင်းမှာ လူငယ်များ၏ ဦးနှောက်မှာ ဖွံ့ဖြိုးနေဆဲအချိန်ဖြစ်၍ ဖြစ်ပါသည်။ လူတိုင်း မဖြစ်နိုင်ပါဟု ငြင်းချက်ထုတ်နိုင်သော်လည်း မျိုးရိုးတွင် စိတ်ရောဂါရှိခြင်း၊ စိတ်ရောဂါဖြစ်လွယ်သော ကိုယ်ရည်ကိုယ်သွေးရှိခြင်း (သို့မဟုတ်) ဗီဇရှိသူများတွင် စိတ်ဖောက်ပြန်ရောဂါ ဖြစ်နိုင်ခြေ ပိုများပြားစေပါသည်။

**ခန္ဓာကိုယ်ပိုင်းဆိုင်ရာဆိုးကျိုး**

နောက်ဆုံးပေါ် သုတေသနများအရ ဆေးခြောက်တွင် အဆုတ်ကင်ဆာ ဖြစ်နိုင်သောဓာတ်များ ပါရှိကြောင်းလည်း တွေ့ရှိလာပြီ ဖြစ်သည်။

**ဆေးခြောက်စိတ္တဇရှိသလား**

ရှိပါသည်။ အချို့တွင် ဆေးခြောက်ရှူပြီး ခဏတာကြောင်၍ ကောင်းသွားသော်လည်း အချို့မှာ အမြဲသုံးစွဲခြင်းဖြင့် နာတာရှည်လက္ခဏာများ ကျန်ရစ်နေတတ်ပေသည်။

**ဆေးခြောက်ရှူပါက စွဲတတ်ပါသလား**

စွဲတတ်ပါသည်။ ယခင်က မစွဲဟု ထင်ကြပါသည်။ ယခုအခါ ဆေးခြောက်မှန်မှန်ရှူခြင်းဖြင့် အခြားစွဲစေသော မူးယစ်ဆေးများ သုံးသကဲ့သို့ပင် စွဲတတ်သည့် လက္ခဏာများကို တွေ့ရှိလာရပြီ ဖြစ်ပါသည်။ သို့ဖြစ်၍ ဆေးခြောက်သည် စွဲစေတတ်သောမူးယစ်ဆေး ဖြစ်ပါသည်။

**ဆေးခြောက်ကို တရားဝင်ဖြစ်မှု ပြဋ္ဌာန်းခြင်း၊ မပြဋ္ဌာန်းခြင်းကို လေ့လာခြင်း**

ဆေးခြောက်သုံးစွဲမှုကို ဥပဒေကြောင်းအရ တားမြစ်မှုများမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူကြဘဲ အမျိုးမျိုးဝိဝါဒ ကွဲပြားလျက်ရှိပေသည်။ သို့သော်လည်း ဆေးခြောက်လက်ဝယ်ထားရှိမှု၊ ရောင်းဝယ်ဖောက်ကားမှုကို နိုင်ငံအားလုံးနီးပါးတွင် တရားဝင်ခွင့်မပြုပေ။

၂၀၁၈ ခုနှစ်အထိ ဆေးခြောက်သုံးစွဲမှုကို တရားဝင်ပျော့ပျောင်းစွာ ကိုင်တွယ်ပြဋ္ဌာန်းသော နိုင်ငံများမှာ ဩစတြေးလျ၊ ကနေဒါ၊ ချီလီ၊ ကိုလံဘီယာ၊ ကော့စတာရီကာ၊ ချက်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယ၊ အစ္စရေး၊ ဂျမေကာ၊ မက္ကဆီကို၊ နယ်သာလန်၊ ပေါ်တူဂီ၊ တောင်အာဖရိက၊ စပိန်နှင့် ဥရုဂွေးနိုင်ငံတို့ ဖြစ်ကြသည်။

ဆေးခြောက်သုံးစွဲမှုကို ခွင့်ပြုခြင်းဆိုရာတွင် အပျော်အပါးအနေဖြင့် သုံးစွဲခြင်းနှင့် ဆေးဖြစ်ဝါးဖြစ် သုံးစွဲခြင်းဟုလည်း ခွဲခြားသတ်မှတ်ကြသည်။ သုံးစွဲမှုခွင့်ပြုသောနိုင်ငံများတွင် များသောအားဖြင့် အနည်းငယ် လက်ဝယ်တွေ့ရှိမှုကို ပြစ်မှုဟု မသတ်မှတ်ပေ။ တရားဝင်ခွင့်ပြုခြင်း၊ မပြုခြင်းနှင့် ရာဇဝတ်ပြစ်မှုမြောက်ခြင်း၊ မမြောက်ခြင်းမှာလည်း မတူညီကြပေ။ သုံးစွဲမှု တရားဝင် ခွင့်ပြုခြင်းဆိုရာတွင်ပင် နိုင်ငံတစ်ခုအတွင်းရှိ ပြည်နယ်ချင်း မတူကြသေးပေ။ ဥပမာ - အမေရိကန်နိုင်ငံ၊ ဩစတြေးလျပြည်နယ်။

သို့သော် စိုက်ပျိုးထုတ်လုပ်ခြင်း၊ လက်ဝယ်များပြားစွာ ထားရှိခြင်း၊ သယ်ယူပို့ဆောင်ရောင်းချခြင်းကိုမူ နိုင်ငံတိုင်းလိုလိုတွင် ခွင့်ပြုခြင်းမရှိ။ ဥပဒေဖြင့် ပြင်းထန်စွာသတ်မှတ်ထားပေသည်။

ဆေးခြောက်နှင့်ပတ်သက်၍ ပြင်းထန်သောဥပဒေ ပြဋ္ဌာန်းသော နိုင်ငံများမှာ မြန်မာနိုင်ငံအပါအဝင် အင်ဒိုနီးရှား၊ ဂျပန်၊ မလေးရှား၊ ပြင်သစ်၊ ပိုလန်၊ ဆော်ဒီအာရေဗျ၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ ထိုင်း၊ တူရကီ၊ ယူကရိန်း၊ ပြည်ထောင်စုအာရပ် အမ်းမရိတ်နိုင်ငံနှင့် အင်္ဂလန် နိုင်ငံတို့ ဖြစ်ကြသည်။

**ဆေးခြောက်ကို တရားဝင်သုံးစွဲမှု တောင်းဆိုနေခြင်းကိစ္စနှင့် ပတ်သက်၍ ထင်မြင်ယူဆချက်**

ဆေးခြောက်တွင် ပါရှိသည့် ဓာတ်အချို့သည် ပြင်းထန်စွာနာနေသော ကင်ဆာရောဂါ၊ ကင်ဆာကုဆေးနှင့် အဏုမြူရောင်ခြည်ကြောင့် ပျို့ခြင်း၊ အန်ခြင်း အခြေအနေများတွင် ဆေးဖြစ်ဝါးဖြစ်သုံးနိုင်ကြောင်း တွေ့ရသည်ကို အကြောင်းပြု၍ နိုင်ငံအတော်များများတွင် ဆေးခြောက်ကို တရားဝင် သုံးစွဲ၊ ရောင်းဝယ်ဖောက်ကားခွင့်များ တောင်းဆိုလျက်ရှိပါသည်။

အမှန်မှာ ဆေးခြောက်၏ ဆေးဖြစ်ဝါးဖြစ် အသုံးဝင်မှုထက် စီးပွားရေး လုပ်ငန်းရှင်ကြီးများမှာ ရောင်းဝယ်ဖောက်ကားမှု တရားဝင်ဖြစ်ပါက အမြတ်အစွန်းကြီးမားစွာ ရနိုင်ခြင်းလောဘစိတ်ဖြင့် ပြုလုပ်နေခြင်းဟုလည်း သုံးသပ်ကြပါသည်။

မြန်မာနိုင်ငံအနေဖြင့် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် ပြန်လည်ပြုပြင်ကြိုးစားနေချိန်လည်းဖြစ်၊ အနီးတွင်လည်း သဘာဝအရ ကြောက်မက်ဖွယ် နိုင်ငံ့ပုံရိပ်ကိုထိခိုက်စေသည့် ဘိန်းထွက်ကောင်းသည့် ရွှေတြိဂံနယ်မြေကလည်း ရှိနေ၊ ဓာတုပစ္စည်းများ စီးပွားဖြစ်ထုတ်လုပ်သော နိုင်ငံကြီးများကြားတွင်ရှိနေ၍ ကုန်ကြမ်းလွယ်ကူမှုများကြောင့် မူးယစ်ဆေးဝါး၊ ဆေးပြားမျိုးစုံတို့မှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ပျံ့နှံ့လျက်ရှိနေချိန်တွင် ကောင်းကျိုးထက် ဆိုးချက်များလှသည့် ဆေးခြောက်အတွက် မြွေပူရာ ကင်းမှောင့် နောက်တစ်ခါ လာပြန်ချည့်သေးဟု ဆိုရအောင် ဆေးခြောက်ကို တရားဝင်လုပ်ပေးပါတဲ့။

မူးယစ်ဆေးစွဲလူငယ်များ၊ ၎င်းတို့၏ မိဘဆွေမျိုးအုပ်ထိန်းသူများစွာ တို့နှင့် နှစ်ပေါင်းများစွာထိတွေ့ဆက်ဆံခဲ့ဖူးသော မူးယစ်ဆရာဝန်ကြီး တစ်ယောက်အနေဖြင့် ၎င်းတို့ ကြုံတွေ့ရသော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ လူမှုရေးအဖြာဖြာတို့တွင် ဒုက္ခမျိုးစုံ တွေ့ကြုံခံစားကြရမှုကို မြင်တွေ့ ကြားသိခဲ့ရသည်မှာ ပြောမဆုံးပေါင် တောသုံးထောင်၊ ပုံပြင်တစ်ထောင့်တစ်ညမကပါ။

ထို့ကြောင့် ကျွန်တော့်ကို ဆေးခြောက်တရားဝင်သုံးစွဲမှု တောင်းဆိုခြင်း ကိစ္စမေးလာပါက "စိုက်ချင်တယ်၊ ရောင်းချင်တယ်၊ ဝယ်ချင်တယ်၊ ချမ်းသာချင်တယ်၊ လူငယ်တွေကို ဖျက်ဆီးချင်တယ်၊ တိုင်းပြည်ကိုဖျက်ဆီးချင်တယ်" ဆိုတာကိုတော့ ခွင့်မပြုနိုင်ပါ၊ လုံးဝခွင့်မပြုနိုင်ပါ။ ဒါကြောင့် ယခုအခါ ရေပန်းစားနေသော စကားလေးကို အငှားပြု၍ ပြောရလျှင် ဆရာကတော့ နိုး (No) ပါပဲ၊ လုံးဝ လုံးဝ နိုးပါပဲဟူ၍ . . .

**(ဆောင်းပါးပါ ထင်မြင်ယူဆချက်များမှာ စာရေးသူ၏ ပုဂ္ဂလိကထင်မြင်ယူဆချက်သာ ဖြစ်ပါသည်။)**

# အင်းစိန်ဗဟိုအကျဉ်းထောင်မှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည့် ကျောင်းသား ၁၉ ဦးအား ဂုဏ်ပြု

**ရန်ကုန် ဇွန် ၁၉**

ရန်ကုန်မြို့ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ ၂၀၁၈ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဖြေဆိုအောင်မြင်ခဲ့သော ကျောင်းသား ၁၉ ဦးနှင့် သင်ကြားပြသပေးသည့် ဆရာ ဆရာမများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အဆိုပါ အကျဉ်းထောင်ရှိ မိုးလုံလေလုံ အားကစားခန်းမဆောင်၌ ပြုလုပ်သည်။

ဂုဏ်ပြုချီးမြှင့်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဦးက "ကျွန်တော်တို့ရဲ့ အဓိက ရည်မှန်းချက်က ပြစ်ဒဏ်ကျလာတဲ့ အကျဉ်းသားတွေကို လုံခြုံစွာ ထိန်းသိမ်းပြီး အကျင့်စာရိတ္တ ပြုပြင်ပြောင်းလဲပေးဖို့ ဖြစ်ပါတယ်၊ ဒါကြောင့်လည်း စည်းကမ်းတကျ ထိန်းသိမ်းထားရှိပြီး ပြစ်ဒဏ်ကာလပြီးဆုံးလို့ ပြင်ပလောက လူမှုအသိုက်အမြုံထဲကို ပြန်လည်ဝင်ရောက်ရတဲ့အခါ ကောင်းမွန်စွာ ရှင်သန်ရပ်တည်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်တွေလည်း သင်ပေးပါတယ်၊ ဒ့ါအပြင် ပညာတစ်ပိုင်းတစ်စနဲ့ ပြစ်ဒဏ်ကျခံနေရတဲ့ အကျဉ်းသား အကျဉ်းသူတွေကိုလည်း ပညာရေးဆိုင်ရာ အခွင့်အလမ်းများရရှိအောင် စီမံဆောင်ရွက်နေပါတယ်"ဟု ပြောကြားသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ရန်ကုန်မြို့ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ ၃၄ ဦး ဝင်ရောက်ဖြေဆိုရာ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် လေးဦး၊ ရိုးရိုးအောင်မြင်သူ ၁၃ ဦး စုစုပေါင်း ၁၉ ဦး အောင်မြင်သည့်အတွက် အောင်ချက်ရာခိုင်နှုန်းမှာ ၅၅ ဒသမ ၈၈ ရာခိုင်နှုန်းဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

သုံးဘာသာဂုဏ်ထူးရှင် မောင်ဉာဏ်လင်းမောင်က "ဆယ်တန်းကို ဒုတိယအကြိမ် ဖြေတာပါ၊ သင်ကြားပေးတဲ့ ဆရာတွေက အများကြီး ဂရုတစိုက် သင်ကြားပေးခဲ့ပါတယ်၊ စသင်ကတည်းက သူတို့က ဂုဏ်ထူးနဲ့ အောင်စေချင်တယ်ဆိုတဲ့ စေတနာထားပြီး သင်ပေးတာပါ၊ ဆရာတွေရဲ့ သင်ကြားပြသမှုအတိုင်း လိုက်နာခဲ့လို့သာ အခုလို အောင်မြင်ခဲ့တာပါ၊ ကျွန်တော် ထောင်ကလွတ်ဖို့ တစ်နှစ်လောက် ကျန်ပါသေးတယ်၊ ထောင်ကလွတ်ခဲ့ရင်တော့ ကျွန်တော် ပညာကို ဆက်လက်သင်ကြားသွားမယ်၊ ဒီထက်အောင်မြင်တဲ့၊ နိုင်ငံတော်အတွက် အကျိုးပြုတဲ့ လူကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားပြီး နေထိုင်သွားမှာပါ"ဟု ပြောသည်။

အခမ်းအနားတွင် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်တန်းအောင် အကျဉ်းသား ကျောင်းသား ကျောင်းသူ ၁၉ ဦး အနက် ဂုဏ်ထူးဖြင့် အောင်မြင်သူများအား ဂုဏ်ထူးတစ်ဘာသာလျှင် ဂုဏ်ပြုဆုငွေကျပ် တစ်သိန်း၊ ရိုးရိုးအောင်မြင်သူများအတွက် တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ်တစ်သိန်း စုစုပေါင်း ဂုဏ်ပြုဆုငွေကျပ် ၂၈ သိန်းကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အခြေခံပညာရေးဦးစီးဌာနမှ ဆရာ ဆရာမများ၊ ပြင်ပမှ စေတနာဖြင့် လာရောက်သင်ကြားပေးသည့် ဆရာ ဆရာမများနှင့် အကျဉ်းသား ဆရာ ဆရာမများအား ဂုဏ်ပြုဆုငွေများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

"ဒီကလေးတွေ ပညာတတ်လေးတွေဖြစ်သွားရင်၊ အသိတရားရှိသွားလို့ရှိရင် လမ်းမှန်ပေါ်ရောက်ပြီး လူကောင်းသူကောင်းလေးတွေ ဖြစ်လာမယ်၊ နှစ်တိုင်းလည်း အမြဲလာလှူပါတယ်၊ ငါးကြိမ်လောက်ရှိသွားပြီ၊ ဒီကလေးတွေ ကျောင်းတက်တဲ့အချိန်၊ စာသင်တဲ့အချိန်မှာလည်း အမြဲထောက်ပံ့ခဲ့ပါတယ်၊ နောက်လည်း ဆက်လက်ထောက်ပံ့ပေးသွားမှာပါ"ဟု အလှူရှင် တစ်ဦးဖြစ်သူ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ၊ သီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာစိုးသိန်းက ပြောသည်။



ထို့ပြင် လာမည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင်လည်း အင်းစိန်ဗဟိုအကျဉ်းထောင် ပညာသင်ကျောင်းတွင် အကျဉ်းသား ကျောင်းသား ကျောင်းသူ ၁၁၉ ဦး စတင်ပညာသင်ကြားလျက်ရှိပြီး ထိုအထဲတွင်မှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ၇၅ ဦး စာရင်းသွင်း သင်ကြားလျက်ရှိကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံးရှိ အကျဉ်းထောင် ရှစ်ခုမှ အကျဉ်းသား ကျောင်းသား ကျောင်းသူ ၁၀၄ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး သုံးဘာသာ ဂုဏ်ထူးရှင် ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၁၈ ဦး၊ ရိုးရိုးအောင်မြင်သူ ၁၉ ဦး စုစုပေါင်း ၄၇ ဦး အောင်မြင်ခဲ့ကြောင်း သိရသည်။ **သီသီမင်း**



# ထိုင်း-မြန်မာ သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့်အခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၁၉**

ထိုင်း-မြန်မာ သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အခမ်းအနားကို ယနေ့ညနေ ၆ နာရီက ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး ဒေါ်ခင်မိမိကြွယ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး H.E.Mr.Jurk Boon-Long နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ထိုင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တော်ဝင်အကအဖွဲ့နှင့် မြန်မာနိုင်ငံသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ မြန်မာယဉ်ကျေးမှုအကအဖွဲ့တို့က ထိုင်းဘာသာဖြင့် "ခွန်"ဟု ခေါ်သော မျက်နှာဖုံးစွပ်ကပြမှု၊ ရာမယဏဇာတ်ကို ထိုင်းအငွေ့အသက်ရောယှက်ကာ ရာမယဏဇာတ်တော်ဖွင့်ခန်း၊ လေးတော်တင်ခန်း၊ သီတာဒေဝီကို ခိုးယူခန်း၊ ရာမမင်းနှင့် ဒသဂီရိတို့ စစ်ခင်းခန်းများကို ဖျော်ဖြေတင်ဆက်ကြသည်။

"အခုလို အထိမ်းအမှတ်အခမ်းအနား ပြုလုပ်နေစဉ်မှာ ထိုင်းနိုင်ငံကို သမ္မတကြီး ဦးဝင်းမြင့်ဟာ သူရဲ့ပထမဆုံး နိုင်ငံခြားခရီးစဉ်အနေနဲ့ ထိပ်သီးအစည်းအဝေးကို တက်ရောက်ခဲ့ပါတယ်၊ ထို့အတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဟာ သူရဲ့ တာဝန် စတင်ထမ်းဆောင်တဲ့အချိန်မှာ ပထမဆုံးခရီးစဉ်အဖြစ် ထိုင်းနိုင်ငံကို ရောက်ရှိခဲ့ပါတယ်၊ ဒါတွေကို ကြည့်ခြင်းအားဖြင့် ထိုင်း-မြန်မာနှစ်နိုင်ငံရဲ့ နက်ရှိုင်းတဲ့ ရင်းနှီးမှုတွေ သိမြင်နိုင်ပါတယ်၊ ဒါအပြင် နှစ်နိုင်ငံကြားမှာ ယနေ့ည ကပြမယ့် ရာမယဏဇာတ်လို တူညီတဲ့ ယဉ်ကျေးမှုအနုပညာတွေ ပျံ့နှံ့လျက်ရှိပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး H.E.Mr.Jurk Boon-Long က ပြောကြားသည်။

ထိုင်း -မြန်မာနှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် ဖျော်ဖြေပွဲများကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ဇွန် ၂၀ ရက် ညနေ ၆ နာရီတွင် လည်းကောင်း၊ မန္တလေးမြို့ရှိ အမျိုးသားဇာတ်ရုံ၌ ဇွန် ၂၃ ရက် ညနေ ၆ နာရီတွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇာနည်မောင်၊ ဓာတ်ပုံ-မိုးမြင့်မောင်**

# ရှုံးထွက်ပြိုင်ပွဲ ကွာတား (ဒုတိယနေ့) ယနေ့ ကျင်းပမည်ဖြစ်ပြီး ရခိုင်နှင့် ရှမ်း၊ စစ်ကိုင်းနှင့် ဟံသာဝတီ တွေ့ဆုံ

**ရန်ကုန် ဇွန် ၁၉**

၂၀၁၈ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ကွာတားဖိုင်နယ် (ဒုတိယနေ့) ကို ဇွန် ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ရခိုင်နှင့် ရှမ်းယူနိုက်တက်၊ စစ်ကိုင်းနှင့် ဟံသာဝတီ အသင်းတို့ တွေ့ဆုံလျက်ရှိသည်။ ကွာတားဖိုင်နယ် (ဒုတိယနေ့) အဖြစ် သုဝဏ္ဏကွင်း၌ ရခိုင်အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း၊ အောင်ဆန်းကွင်း၌ စစ်ကိုင်းအသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။




ရှမ်းယူနိုက်တက်အသင်း တောင်ပံကစားသမား ဒေးဗစ်ဒန်း။

စစ်ကိုင်းနှင့် ဟံသာဝတီအသင်းသည် ဇွန် ၁၇ ရက်က အမှတ်ပေးပြိုင်ပွဲတွင် တွေ့ဆုံခဲ့ပြီး သုံးရက်အကြာတွင် ထပ်မံတွေ့ဆုံခြင်းဖြစ်သည်။ အမှတ်ပေးပြိုင်ပွဲ တွေ့ဆုံမှုတွင် တစ်ကျော့စီ အနိုင်ရထားပြီး ဟံသာဝတီအသင်းအနေဖြင့် ရှုံးထွက်ပြိုင်ပွဲတွင် တစ်ကျော့ပြန်အောင်မြင်မှုရရန် ဆန္ဒပြင်းပြလျက်ရှိသည်။ ဒုတိယအဆင့်တွင် နာမည်ကြီးရတနာပုံအသင်းကို ကျော်ဖြတ်လာသည့် စစ်ကိုင်းအသင်း၏ ခြေစွမ်းကို လျှော့တွက်၍မရသလို နည်းပြချုပ် ဦးဇော်လင်းထွန်း၏ နည်းဗျူဟာကောင်းမွန်မှုကို တွေ့မြင်ထားရပြီးဖြစ်သောကြောင့် ဟံသာဝတီအသင်းအနေဖြင့် ဂရုပြုကစားမှသာ အနိုင်ရဖွယ်ရှိနေသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့် ၂၀၁၇ ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သောကြောင့် ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရခြင်းဖြစ်ပြီး ရခိုင်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အမှတ်ပေးပြိုင်ပွဲ ပွဲကျပ်ကာလတွင် ရှုံးထွက်ပြိုင်ပွဲ ကွာတားပွဲကစားရခြင်းဖြစ်ပြီး ဇွန် ၁၆ ရက်က မကွေးအသင်းနှင့် ကစားခဲ့ရသလို ဇွန် ၂၃ ရက်တွင် ရန်ကုန်အသင်းနှင့် ထပ်မံကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ရှုံးထွက်ပြိုင်ပွဲတွင် ချန်ပီယံဆု ထပ်မံကာကွယ်နိုင်ရန် ကြိုးပမ်းဖွယ်ရှိနေပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ပါက စစ်ကိုင်း(သို့) ဟံသာဝတီနှင့် ကစားရမည်ဖြစ်ရာ ပြီးခဲ့သည့်ရာသီထက် ဗိုလ်လုပွဲသွားရာ လမ်းကြောင်းက အနည်းငယ်ချောင်နေသည်။

ကွာတားဖိုင်နယ် (ပထမနေ့)ကို ဇွန် ၁၃ ရက်က ကျင်းပခဲ့ပြီး ရန်ကုန်အသင်းနှင့် မကွေးအသင်းတို့ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲများကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ဆီမီးဖိုင်နယ် ပထမအကျော့ကျင်းပမည့်ရက်ကို မြန်မာနေရှင်နယ်လိဂ်ကော်မတီက ထပ်မံထုတ်ပြန်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# တရားမဝင် ရွှေ့ပြောင်းအခြေစိုက်သူများ၏ ခိုလှုံရာစခန်းအဖြစ် အမေရိကန်ကို အရောက်မခံနိုင်ဟု သမ္မတထရန့်ပြော




**ဝါရှင်တန် ဇွန် ၁၉**
အမေရိကန်ပြည်ထောင်စုသည် တရားမဝင် ရွှေ့ပြောင်း အခြေစိုက်နေထိုင်သူများ၏ ခိုလှုံရာစခန်းတစ်ခုအဖြစ်သို့ အရောက်မခံနိုင်ကြောင်း သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားလိုက်သည်။ တရားမဝင် ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှုကို ဟန့်တားလိုသည့် သဘောဖြင့် တရားမဝင် ရွှေ့ပြောင်း အခြေစိုက်ရန် ဝင်ရောက်လာသော မိသားစုများမှ ကလေးသူငယ်များကို ၎င်းတို့၏ မိဘများနှင့်အတူ မထားရှိဘဲ သီးသန့်ခွဲထုတ်ထားခြင်းအတွက် လူ့အခွင့်အရေး အုပ်စုများ၏ ဖိအားပေးမှုများ မြင့်တက်လာနေချိန်အတွင်း သမ္မတထရန့်က ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ဥရောပနှင့် ကမ္ဘာ့အခြားသော နေရာဒေသများ၌ ဖြစ်ပွားနေပုံမျိုးကို မိမိတို့က လက်ခံနိုင်မည် မဟုတ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုသည် တရားမဝင်ရွှေ့ပြောင်းအခြေစိုက် နေထိုင်သူများ၏စခန်း မဖြစ်သင့်ကြောင်း သမ္မတထရန့်က အိမ်ဖြူတော်တွင် သတင်းထောက်များအား ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုသို့ ဥပဒေမဲ့ ဝင်ရောက်လာခဲ့ကြသော မိသားစုများမှ ကလေးသူငယ် ၂၀၀၀ ခန့်ကို ရက်သတ္တခြောက်ပတ်ကြာမျှ ၎င်းတို့၏ မိဘများ သို့မဟုတ် အုပ်ထိန်းသူများနှင့်အတူ မထားရှိဘဲ သီးသန့်ခွဲထားခဲ့သည်။ မက္ကဆီကိုနယ်စပ်ဒေသကို ဖြတ်ကျော်လျက် မိမိတို့၏နိုင်ငံအတွင်းသို့ ဥပဒေမဲ့ ဝင်ရောက်လာခဲ့ကြသူများ အားလုံးကို ဖမ်းဆီးမည်ဖြစ်ကြောင်း၊ ကလေးသူငယ်များ၏ မိဘများ သို့မဟုတ် အုပ်ထိန်းသူများက ခိုလှုံခွင့်တောင်းခံသည်ဖြစ်စေ၊ တောင်းခံခြင်း မရှိသည်ဖြစ်စေ ဥပဒေမဲ့ခိုးဝင်သူ အရွယ်ရောက်ပြီးသူအားလုံးကို ဖမ်းဆီးမည်ဖြစ်ကြောင်း သမ္မတထရန့်၏ အစိုးရအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

ဥပဒေမဲ့ ဝင်ရောက်လာမှု ပြဿနာ ဖြေရှင်းနိုင်ရန် ရည်ရွယ်သော ဥပဒေရေးဆွဲမှုများကို တားဆီးပိတ်ပင်နေသည်ဟု ကွန်ဂရက်လွှတ်တော်ရှိ ဒီမိုကရက်အမတ်များကို သမ္မတထရန့်က အပြစ်တင် ဝေဖန်ခဲ့သည်။

ခိုးဝင်လာသူ မိသားစုများ တကွဲတပြားစီ ရှိနေရခြင်းကို မိမိမလိုလားကြောင်း၊ ကလေးသူငယ်များ၏ အကျိုး၊ မိမိနိုင်ငံ၏ အကျိုး၊ ကမ္ဘာကြီး၏ အကျိုးအလို့ငှာ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်ရေးအတွက် ဒီမိုကရက်အမတ်များ၏ တားဆီးပိတ်ပင်မှု အဆုံးသတ်သင့်ပြီဖြစ်ကြောင်း သမ္မတထရန့်က ပြောကြားသည်။

**အေအက်ဖ်ပီ**

# တောင်ကိုရီးယားနှင့် ပူးတွဲပြုလုပ်မည့် စစ်ရေးလေ့ကျင့်မှုများ ပင်တဂွန်ရပ်ဆိုင်းမည်

**ဝါရှင်တန် ဇွန် ၁၉**
ယခုနှစ်ဩဂုတ်လအတွင်း တောင်ကိုရီးယားနှင့်ပူးတွဲပြုလုပ်ရန် စီစဉ်ထားသည့် စစ်ရေးလေ့ကျင့်မှုအားလုံးကို ရပ်ဆိုင်းလိုက်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ဇွန် ၁၈ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဩဂုတ်လအတွင်း ပြုလုပ်မည့် စစ်ရေးလေ့ကျင့်မှုနှင့် အခြားစစ်ရေးလေ့ကျင့်မှုအားလုံးကို အမေရိကန်စစ်ဘက်က ရပ်ဆိုင်းထားသည်ဟု ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ဒါနာဝိုက်က ပြောကြားသည်။

### ဖော်ပြ

အမေရိကန် စစ်ဘက်၏ ယင်းဆုံးဖြတ်ချက်သည် သမ္မတ ဒေါ်နယ်ထရန့်က မဟာမိတ်တောင်ကိုရီးယားနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် ကတိပေးခဲ့ခြင်းနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဒါနာဝိုက်၏ကြေညာချက်တွင် ဖော်ပြသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က သမ္မတထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်တို့၏ သမိုင်းဝင်ထိပ်သီးဆွေးနွေးပွဲအပြီးတွင် တောင်ကိုရီးယားနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ရပ်ဆိုင်းထားမည်ဟု သမ္မတထရန့်က ပြောကြားခဲ့သည်။

### မဆုံးဖြတ်သေး

နောက်ဆက်တွဲပြုလုပ်မည့် စစ်ရေးလေ့ကျင့်မှုများနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ပြီး ဆုံးဖြတ်ရခြင်း မရှိသေးကြောင်း ဒါနာဝိုက်က ပြောကြားသည်။

ယခုရက်သတ္တပတ် နှောင်းပိုင်းတွင် ၎င်းတို့အနေဖြင့် အဆိုပါကိစ္စနှင့် ပတ်သက်၍ ပင်တဂွန်၌ ဆွေးနွေးမည်ဖြစ်ပြီး အမေရိကန် ကာကွယ်ရေးဝန်ကြီး ဂျိမ်းမာတစ်၊ နိုင်ငံခြားရေးဝန်ကြီး ပွန်ပီယိုနှင့် အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ်တန်တို့ တက်ရောက် ဆွေးနွေးကြမည်ဟု ၎င်းက ပြောကြားသည်။ **ဆင်ဟွာ**

# ဂျပန်ရှိ အကြီးဆုံးသော လေကြောင်းလိုင်းနှစ်ခုတို့က ထိုင်ဝမ်ကို တရုတ်ထိုင်ဝမ်ဟု အသုံးအနှုန်းပြင်ဆင်

**တိုကျို ဇွန် ၁၉**
ဂျပန်လေကြောင်းလိုင်း (ဂျေအေအယ်လ်)နှင့် အောနီပွန်အဲဝေးစ် (အေအင်န်အေ)တို့သည် ယင်းတို့၏ တရုတ်ဘာသာစကားသုံး အင်တာနက်ဝက်ဘ်ဆိုက်များတွင် "ထိုင်ဝမ်" ကို "တရုတ်ထိုင်ဝမ်" (တရုတ်တိုင်ပေ)ဟူ၍ ပြင်ဆင်ပြောင်းလဲ သုံးနှုန်းလိုက်ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

### ကျေနပ်စေဖွယ်

ဂျပန်နိုင်ငံ၏ အကြီးဆုံးသော လေကြောင်းလိုင်းနှစ်ခုတို့က "ထိုင်ဝမ်"ကို "တရုတ်ထိုင်ဝမ်"(တရုတ်တိုင်ပေ)ဟူ၍ အခေါ်အဝေါ် ပြင်ဆင်ခြင်းသည် တရုတ်နိုင်ငံအား ကျေနပ်မှုဖြစ်စေဖွယ်ရှိသော်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိထားသော တရုတ်တိုင်ပေ အာဏာပိုင်များအား ဒေါသထွက်စေဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အမည်နာမ အသုံးအနှုန်း ပြင်ဆင်မှုကို အဆိုပါ လေကြောင်းဌာနများက ဇွန် ၁၂ ရက်တွင် ပြုလုပ်ခဲ့သည်။ သို့ရာတွင် ဂျပန်ဘာသာစကားသုံး ဝက်ဘ်ဆိုက်များနှင့် အခြားဘာသာစကားသုံး ဝက်ဘ်ဆိုက်များတွင်မူ မူလအမည်နာမ အသုံးအနှုန်းကို ဆက်လက်သုံးစွဲနေဆဲဖြစ်သည်ဆို၏။




အမည်နာမ အသုံးအနှုန်း ပြင်ဆင်ပြောင်းလဲခြင်းနှင့် ပတ်သက်၍ ယခုအချိန်အထိ တရုတ်တိုင်ပေ အာဏာပိုင်များက ကန့်ကွက်မှု မရှိသေးကြောင်း အဆိုပါ လေကြောင်းဌာန နှစ်ခုစလုံးက ပြောကြားကြသည်။ သို့ရာတွင် ယင်းကိစ္စနှင့် ပတ်သက်၍ တရားဝင် ကန့်ကွက်သွားမည်ဟု တရုတ်တိုင်ပေ နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားကြောင်း အင်န်အိတ်ချ်ကေ သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

### နားလည်စေရန်

မိမိတို့၏ အင်တာနက် ဝက်ဘ်ဆိုက် အသုံးပြုသူများ အလွယ်တကူနားလည်စေရန် အမည်နာမ အသုံးအနှုန်းကို ပြင်ဆင်ရခြင်းဖြစ်ကြောင်း အဆိုပါလေကြောင်းဌာန နှစ်ခုစလုံးမှ တာဝန်ရှိသူများက ပြောကြားကြသည်။

**အေအက်ဖ်ပီ**

# ဟိုဒေဒါလေဆိပ်အတွင်းသို့ ယီမင်အစိုးရတပ်ဖွဲ့ ဝင်ရောက်

**အစ္စတန်ဘူလ် ဇွန် ၁၉**
အငတ်ဘေးနှင့်ရင်ဆိုင်နေရသည့် ယီမင်နိုင်ငံအတွက် စားနပ်ရိက္ခာများ တင်သွင်းရာတွင် အဓိကကျသော ပင်လယ် ဆိပ်ကမ်းမြို့ကို ထိန်းချုပ်နိုင်ရေးအတွက် ယီမင်အစိုးရတပ်ဖွဲ့များနှင့် သူပုန်များအကြား အပြင်းအထန် တိုက်ခိုက် လျက်ရှိစဉ် အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)ထောက်ခံသည့် ယီမင်အစိုးရတပ်ဖွဲ့များက ဇွန် ၁၉ ရက်တွင် ဟိုဒေဒါလေဆိပ်အတွင်းသို့ ဝင်ရောက်သွားပြီဖြစ်ကြောင်း ယူအေအီးနိုင်ငံပိုင်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ယီမင်အစိုးရတပ်ဖွဲ့များအား ယူအေအီးတပ်မတော်က စစ်ရေးအကူအညီပေးလျက်ရှိပြီး ပူးတွဲခုခံရေးတပ်ဖွဲ့သည် ဟိုဒေဒါလေဆိပ်အတွင်းသို့ ဝင်ရောက်သွားကြောင်း ယူအေအီးနိုင်ငံပိုင် ဝမ်သတင်းဌာန၏တွစ်တာစာမျက်နှာ၌ ဖော်ပြသည်။



ယင်းဖော်ပြချက်ကို ယီမင်စစ်ဘက်က အတည်ပြုကြောင်း ယီမင်စစ်ဘက်ဆိုင်ရာ သတင်းရပ်ကွက်က ပြောကြားသည်။

ယီမင်နိုင်ငံ၏အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော ယူအေအီးနှင့်ဆော်ဒီအာရေဗျ နှစ်နိုင်ငံမှ တပ်ဖွဲ့များ၏ အဓိကထောက်ပံ့မှုဖြင့် အာရပ်ညွန့်ပေါင်းတပ်ဖွဲ့က ဟူသီသူပုန်များအား ၂၀၁၅ ခုနှစ်မှစ၍ တိုက်ခိုက်လာခဲ့ကာ ယီမင်အစိုးရအား အထောက်အကူပေးလျက်ရှိသည်။

ယီမင်နိုင်ငံအတွင်းသို့ တင်သွင်းသည့်သွင်းကုန်ပမာဏ၏ လေးပုံသုံးပုံအထိ ဝင်ရောက်သည့် ပင်လယ်နီဆိပ်ကမ်းမြို့ ဟိုဒေဒါကို သိမ်းယူနိုင်ရေးအတွက် ညွန့်ပေါင်းတပ်ဖွဲ့က ယင်းမြို့မှ ယီမင်သူပုန်များအား မောင်းထုတ်ရန် အရေးပါသော ထိုးစစ်တစ်ရပ်ကို ဇွန် ၁၃ ရက်တွင် စတင်ခဲ့သည်။

ဒေသတွင်းမှ ပြိုင်ဘက်ဖြစ်သည့် အီရန်နိုင်ငံက ဟိုဒေဒါမြို့ ပင်လယ်ဆိပ်ကမ်းကို အသုံးပြုကာ ယီမင်သူပုန်များထံ လက်နက်မှောင်ခို တင်သွင်းမှုများ ပြုလုပ်ကြောင်း ဆော်ဒီအာရေဗျက စွပ်စွဲခဲ့ပြီး ယင်းစွပ်စွဲမှုကို အီရန်က ငြင်းပယ်ခဲ့သည်။

ယခုနှစ် အစောပိုင်းက ဆော်ဒီအာရေဗျဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က ဟိုဒေဒါမြို့ဆိပ်ကမ်းကို ပိတ်ဆို့ထားသဖြင့် ယီမင်သူပုန်များက ဆော်ဒီအာရေဗျနိုင်ငံ ပိုင်နက်နယ်မြေအတွင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ဟိုဒေဒါဆိပ်ကမ်းမြို့သို့ စစ်ပွဲပျံ့နှံ့လာခြင်းကို စားနပ်ရိက္ခာထောက်ပံ့ပေးနေသည့် အဖွဲ့အစည်းများက ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ပြီး ရေကြောင်းမှ ကုန်တင်သွင်းမှု အပြည့်အဝ မလုပ်ဆောင်နိုင်ပါက ငတ်မွတ်ခေါင်းပါးမှုအန္တရာယ်မြင့်တက်လာမည်ဟု သတိပေးခဲ့ကြသည်။

ဟိုဒေဒါမြို့သို့ ယီမင်အစိုးရတပ်ဖွဲ့များ ဦးတည်နေ၍ ကူညီထောက်ပံ့ရေးအေဂျင်စီများနှင့် ကုလသမဂ္ဂအဖွဲ့မှ နိုင်ငံတကာဝန်ထမ်းများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးသော်လည်း ဒေသခံအရပ်သားများမှာ ဟိုဒေဒါမြို့အတွင်း အဝိုင်းခံနေရပြီး ယင်းမြို့အနီးရှိ လေဆိပ်ဝန်းကျင်တွင် တိုက်ပွဲများဖြစ်ပွားနေသည်။

**အေအက်ဖ်ပီ**

# ကမ္ဘာ့ဖလားအားကစားသတင်းများ



## ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုအဆင့် နောက်ဆုံး ၁၀ ပွဲအထိ ဘယ်လ်ဂျီယံအသင်း ရှုံးပွဲမရှိစံချိန်ထပ်တင်

ဘယ်လ်ဂျီယံအသင်းသည် ကမ္ဘာ့ဖလားအုပ်စုအဆင့်ပထမပွဲစဉ်အဖြစ် ပနားမားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းသို့အနိုင်ရရှိခဲ့ခြင်းကြောင့် ဘယ်လ်ဂျီယံအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အုပ်စုအဆင့်ပွဲစဉ်များ နောက်ဆုံးကစားခဲ့သည့် ၁၀ ပွဲတွင် ရှုံးပွဲမရှိစံချိန်ကို တင်နိုင်ခဲ့သည်။

ဘယ်လ်ဂျီယံအသင်းနှင့် ပနားမားအသင်းတို့၏ ပွဲစဉ်တွင် ပနားမားအသင်း၏ ခံစစ်အသားပေးမဟာဗျူဟာကြောင့် ဘယ်လ်ဂျီယံအသင်း ပထမပိုင်းတွင် ဂိုးရရှိရန် အခက်အခဲဖြစ်ခဲ့ရသည်။ သို့ရာတွင် ပွဲကစားချိန် ၄၇ မိနစ်တွင် မာတန်ကတစ်ဂိုး၊ ပွဲကစားချိန် ၆၉ မိနစ်နှင့် ၇၅ မိနစ်တို့တွင် တိုက်စစ်မှူး လူကာကူက နှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ဘယ်လ်ဂျီယံအသင်းက ပနားမားအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အဆင့်တွင် ဘယ်လ်ဂျီယံအသင်းမှာ အဆင့်(၃)နေရာတွင် ရပ်တည်လျက်ရှိပြီး ကမ္ဘာ့အဆင့် ၅၅ နေရာတွင် ရပ်တည်လျက်ရှိသည့် ပနားမားအသင်းကို အကောင်းဆုံးပုံစံဖြင့် ကစားနိုင်ခဲ့ခြင်းဖြစ်သည်။

ဘယ်လ်ဂျီယံအသင်းသည် ပနားမားအသင်းနှင့် ပွဲစဉ်တွင် ဗြိတိန်အခြေစိုက်ကစားသမားခုနစ်ဦးအထိ ပွဲထွက်ကစားသမားစာရင်းတွင် ထည့်သွင်းလာခဲ့ပြီး ပနားမားအသင်းကို အနိုင်ရရှိရေးအတွက် ပြင်ဆင်လာခဲ့ပြီး အနိုင်သုံးမှတ်အပြည့်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဘယ်လ်ဂျီယံအသင်းသည် ကမ္ဘာ့ဖလားဝင်ခွင့်အတွက် ယှဉ်ပြိုင်ကစားခဲ့စဉ်ကလည်း သွင်းဂိုး ၄၃ ဂိုးအထိသွင်းယူနိုင်ခဲ့သည့်အသင်းဖြစ်ပြီး ပနားမားကို အနိုင်ရရှိခဲ့ခြင်းကြောင့် နိုင်ငံတကာပွဲစဉ် ၁၃ ပွဲအထိ နိုင်ပွဲရယူနိုင်ခဲ့သည့်မှတ်တမ်းတစ်ရပ်လည်း စိုက်ထူနိုင်ခဲ့သည်။

ဘယ်လ်ဂျီယံအသင်းနောက်ဆုံးကစားခဲ့သည့် နိုင်ငံတကာပွဲစဉ် ၁၅ ပွဲတွင် သွင်းဂိုး ၁၆ ဂိုးမှာ အေဒင်ဟာဇက်နှင့် တိုက်ရိုက်ပတ်သက်နေပြီး အေဒင်ဟာဇက်မှာ ရှစ်ဂိုးသွင်းယူပေးထားကာ ရှစ်ဂိုးဖန်တီးပေးထားနိုင်ခဲ့သည်။

## ဂျပန်အသင်းက ကိုလံဘီယာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ ယခုနှစ်ကမ္ဘာ့ဖလားတွင် အနီကတ် ပထမဆုံးပြခံရသူ ကားလို့စ်ဆန်းချက်ဖြစ်လာ

အုပ်စု(H)၏ အဖွင့်ပွဲစဉ်အဖြစ် ကိုလံဘီယာအသင်းနှင့် ဂျပန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် ဂျပန်အသင်းက ကိုလံဘီယာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်တွင် ကိုလံဘီယာအသင်းသည် တိုက်စစ်မှူး ဖယ်ကာအိုကို အထောင်တိုက်စစ်မှူးအဖြစ်အသုံးပြုကာ ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ပြီး ဂျပန်အသင်းမှာ အိုဆာကိုကို အထောင်ထားပြီး ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့သည်။

ယင်းပွဲစဉ်တွင် ပွဲကစားချိန် ၃ မိနစ်တွင် ကိုလံဘီယာကစားသမား ကားလို့စ်ဆန်းချက်ဇ် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ ကားလို့စ်ဆန်းချက်ဇ် ထုတ်ပယ်ခံခဲ့ရခြင်းသည် ယခုကမ္ဘာ့ဖလားပြိုင်ပွဲတွင် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည့် ပထမဆုံးကစားသမားဖြစ်လာခဲ့သည်။

ထိုသို့ထုတ်ပယ်ခံခဲ့ရခြင်းကြောင့် ကိုလံဘီယာအသင်းမှာ တစ်ယောက်လျော့ဖြင့် ကစားခဲ့ရပြီး ပွဲကစားချိန် ခြောက်မိနစ်တွင် ဂျပန်အသင်းက ပင်နယ်တီပြစ်ဒဏ်ဘောကန်ခွင့်ရရှိခဲ့ကာ အဆိုပါပင်နယ်တီကို ကွင်းလယ်ကစားသမား ကာဂါဝါက သွင်းယူပေးခဲ့ခြင်းနှင့်အတူ ဂျပန်အသင်း ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။

ကိုလံဘီယာအသင်းမှာ ချေပဂိုးရရှိရေးကြိုးပမ်းရင်း ပွဲကစားချိန် ၃၉ မိနစ်တွင် ကွင်တီရို၏ သွင်းဂိုးဖြင့် ချေပဂိုးရရှိခဲ့သည်။ ထို့နောက် ကိုလံဘီယာအသင်းက အနိုင်ဂိုးရရှိရေးအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည့် ကွင်တီရို၏နေရာတွင် တိုက်စစ်နှင့် ကွင်းလယ်အားထားရသည့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို ထည့်သွင်းကာ လာခဲ့သည်။

သို့ရာတွင် ပွဲကစားချိန် ၇၃ မိနစ်တွင် သွင်းယူခဲ့သည့် ယူယာအိုဆာကို၏ သွင်းဂိုးကြောင့် ဂျပန်အသင်းက ကိုလံဘီယာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ သုံးမှတ်အပြည့်ရယူနိုင်ခဲ့သည်။

## ပေါ်တူဂီ၊ ဆော်ဒီအာရေဗျနဲ့ စပိန်တို့နိုင်ပွဲရှာဖွေရမယ့် အုပ်စုအဆင့် ဒုတိယပွဲစဉ်များ

**ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိတဲ့ ၂၀၁၈ ကမ္ဘာ့ဖလား ပြိုင်ပွဲရဲ့ အုပ်စုအဆင့် ပထမပွဲစဉ်တွေဟာ ပြီးဆုံးသွားခဲ့ပြီဖြစ်ပါတယ်။ အဲဒီလို အုပ်စုအဆင့်ပထမပွဲစဉ်တွေ ပြီးဆုံးသွားပြီဖြစ်တဲ့အတွက် ဒုတိယပွဲစဉ်တွေကို ဆက်လက်ကစားမှာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေထဲက ပေါ်တူဂီနဲ့ မော်ရိုကို၊ ဥရုဂွေးနဲ့ ဆော်ဒီအာရေဗျ၊ အီရန်နဲ့ စပိန် စတဲ့ပွဲစဉ်တွေနဲ့ ပတ်သက်ပြီး ဖော်ပြပေးသွားမှာဖြစ်ပါတယ်။**

**ပေါ်တူဂီ-မော်ရိုကို** — **ည ၆း၃၀ နာရီ၊ ၂၀-၆-၂၀၁၈**

ပေါ်တူဂီအသင်းဟာ အဖွင့်ပွဲစဉ်မှာ စပိန်အသင်းနဲ့ တစ်ဖက်သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပါတယ်။ အဲဒီမှာ စီရိုနယ်လ်ဒိုရဲ့ ဟက်ထရစ်သွင်းဂိုးနဲ့ သရေကျခဲ့တာဖြစ်ပြီး သရေတစ်မှတ်ရယူထားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် မော်ရိုကိုအသင်းကတော့ အဖွင့်ပွဲစဉ်မှာ အီရန်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အုပ်စု B မှာ အောက်ဆုံးကိုရောက်နေပါတယ်။ ဒါကြောင့် နှစ်သင်းစလုံးဟာ ရမှတ်လိုအပ်ချက်တွေရှိနေပြီး ဒီပွဲစဉ်မှာ လိုအပ်နေတဲ့ရမှတ်အတွက် အကြိတ်အနယ်ကစားဖို့ရှိနေပါတယ်။ ဒီနှစ်သင်းဟာ ၁၉၈၆ ကမ္ဘာ့ဖလားမှာ တစ်ကြိမ်တွေ့ခဲ့ဖူးပါတယ်။ အဲဒီပွဲစဉ်မှာတော့ မော်ရိုကိုအသင်းကသာ အသာစီးရယူနိုင်ခဲ့ပြီး သုံးဂိုး-တစ်ဂိုးနဲ့ မော်ရိုကိုအသင်းက အနိုင်ရခဲ့တာဖြစ်ပါတယ်။ မော်ရိုကိုအသင်းဟာ အတိတ်ကာလက ကစားသမားကောင်းတွေ အများအပြားထွက်ရှိခဲ့ပေမယ့် လက်ရှိမှာတော့ ကစားသမားစုဖွဲ့မှုအားကောင်းတဲ့ ပေါ်တူဂီကသာ အသာစီးရယူနိုင်ဖို့ရှိနေပြီး ပေါ်တူဂီအသင်းအနိုင်ရဖို့ ရာခိုင်နှုန်းများနေပါတယ်။

**ဥရုဂွေး-ဆော်ဒီအာရေဗျ** — **ည ၉း၃၀ နာရီ၊ ၂၀-၆-၂၀၁၈**

ဥရုဂွေးအသင်းဟာ ဆော်ဒီအာရေဗျအသင်းနဲ့ ကစားတဲ့အချိန်မှာ အနိုင်သုံးမှတ်အပြည့် ရယူသွားဖို့ရှိနေပါတယ်။ အုပ်စုအဆင့်အဖွင့်ပွဲစဉ်တုန်းကလည်း ဆွာရတ်ဇ်၊ ကာဗာနီတို့လို ဝါရင့်ကစားသမားတွေရဲ့ ခြေစွမ်းပိုင်းကောင်းမွန်မှုတွေနဲ့အတူ အီဂျစ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိထားပြီး သုံးမှတ်အပြည့်ရယူထားနိုင်တဲ့အသင်းဖြစ်ပါတယ်။ ဆော်ဒီအာရေဗျအသင်းကတော့ အိမ်ရှင်ရုရှားအသင်းနဲ့ ထိပ်တိုက်တွေ့ခဲ့တဲ့ အဖွင့်ပွဲစဉ်မှာ ငါးဂိုးပြတ်နဲ့ ရှုံးနိမ့်ထားတဲ့အသင်းဖြစ်ပြီး အုပ်စု A မှာ ရလဒ်ပိုင်းအဆိုးရွားဆုံးအသင်းလည်း ဖြစ်ပါတယ်။ ဥရုဂွေးအသင်းနဲ့ ဆော်ဒီအာရေဗျအသင်းတို့ဟာ ၂၀၁၄ ခုနှစ် အောက်တိုဘာလမှာ ကစားခဲ့တဲ့ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်မှာ ဆုံတွေ့ခဲ့ဖူးပြီး အဲဒီခြေစမ်းပွဲမှာတော့ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာပါ။ ဥရုဂွေးအသင်းဟာ အီဂျစ်အသင်းနဲ့ ပွဲစဉ်မှာ ဂိုးသွင်းခွင့်အကြိမ်ကြိမ်ရရှိခဲ့ပေမယ့် အခွင့်အရေးအသုံးမချနိုင်ခဲ့လို့သာ တစ်ဂိုး-ဂိုးမရှိနဲ့ဘဲ အနိုင်ရရှိခဲ့တာပါ။ ဒါပေမယ့် အခုဆော်ဒီအာရေဗျအသင်းနဲ့ ပွဲစဉ်မှာတော့ ကာဗာနီနဲ့ ဆွာရတ်ဇ်တို့သွင်းယူလာမယ့် ဂိုးတွေ မြင်တွေ့လာရဖို့ရှိနေပြီး ဥရုဂွေးအသင်းကသာ အနိုင်ရလဒ်ဆောင်ကြဉ်းသွားနိုင်မှာပါ။

**အီရန်-စပိန်** — **နံနက် ၀၀း၃၀ နာရီ၊ ၂၁-၆-၂၀၁၈**

စပိန်ဟာ အတွေ့အကြုံရင့်ကျက်တဲ့ ကစားသမားတွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတယ်ဆိုပေမယ့် အုပ်စုအဆင့်ပထမပွဲစဉ်မှာတော့ ပေါ်တူဂီအသင်းကို အနိုင်မကစားနိုင်ခဲ့ဘဲ တစ်ဖက်သုံးဂိုးစီနဲ့ သရေတစ်မှတ်သာရရှိခဲ့တာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ အနိုင်သုံးမှတ်အပြည့်ရယူနိုင်ဖို့ ကြိုးစားလာမှာဖြစ်ပြီး အီရန်ကလည်း အုပ်စုအဆင့်ပထမပွဲစဉ်မှာ အနိုင်သုံးမှတ်ကို သိမ်းပိုက်ထားနိုင်ခဲ့တာကြောင့် ယုံကြည်မှုပြည့်ဝနေတဲ့အသင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှုက စိတ်ဝင်စားစရာကောင်းနေပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲကို ပြန်ကြည့်ရင် အီရန်က ငါးပွဲကစား၊ လေးပွဲနိုင်၊ တစ်ပွဲသရေနဲ့ ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့သလို စပိန်အသင်းကလည်း ငါးပွဲကစား သုံးပွဲနိုင်၊ နှစ်ပွဲသရေနဲ့ ရှုံးပွဲမရှိစံချိန်တင်ထားပါတယ်။ ဒါပေမယ့် စပိန်အသင်းက ဂိုးသွင်းစွမ်းရည်မြင့်မားတဲ့ ကစားသမားတွေများတာမို့ စပိန်အသင်းကသာ အနိုင်သုံးမှတ်ကို ရယူသွားဖို့ရှိပါတယ်။

ငွေကြယ် - ရေးသားသည်

## ဟယ်ရီကိန်း၏ သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည့် အင်္ဂလန်အသင်း သုံးမှတ်အပြည့်ရယူနိုင်ခဲ့

အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားအုပ်စုအဆင့် ပထမပွဲစဉ်တွင် တူနီးရှားအသင်းကို အသင်းခေါင်းဆောင်ဟယ်ရီကိန်း၏ သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အင်္ဂလန်အသင်းသည် ပွဲစပြီး ၁၁ မိနစ်မှာပင် တိုက်စစ်မှူး ဟယ်ရီကိန်း၏ သွင်းဂိုးဖြင့် အဖွင့်ဂိုးစတင်ရရှိခဲ့ပြီး တူနီးရှားအသင်းကို ဦးဆောင်ကစားနိုင်ခဲ့သည်။

သို့ရာတွင် တူနီးရှားအသင်းက ပွဲကစားချိန် ၃၅ မိနစ်တွင် ပင်နယ်တီပြစ်ဒဏ်ဘောကန်ခွင့်ရရှိခဲ့ပြီး ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းအပြီးတွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ရန်ကြိုးပမ်းရင်း အင်္ဂလန်အသင်းက နာကျင်အချိန်ပိုတွင် အသင်းခေါင်းဆောင် ဟယ်ရီကိန်း၏ သွင်းဂိုးထပ်မံရရှိခဲ့တာကြောင့် အင်္ဂလန်အသင်းက တူနီးရှားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အသင်းသည် ၂၀၀၆ ခုနှစ်က ဆွီဒင်အသင်းနှင့် တစ်ဖက်နှစ်ဂိုးစီ သရေလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်နောက်ပိုင်း သွင်းဂိုးတစ်ဂိုးထက် ပထမဆုံးအကြိမ်ပြန်လည်သွင်းယူနိုင်ခြင်းလည်းဖြစ်သည်။

နည်းပြဆောက်ဂိတ်၏ အင်္ဂလန်အသင်းသည် ယခုနိုင်ပွဲရရှိခဲ့ခြင်းကြောင့် ကမ္ဘာ့ဖလားတွင် အာဖရိကနိုင်ငံများနှင့် ထိပ်တိုက်တွေ့ဆုံမှုတွင် ခုနစ်ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်ကိုလည်း တင်နိုင်ခဲ့ပြီဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ယခုပွဲစဉ်တွင် ဂိုးသွင်းယူနိုင်သဖြင့် အင်္ဂလန်အသင်းအတွက် ကစားပေးခဲ့သည့် ပွဲပေါင်း ၂၅ ပွဲတွင် သွင်းဂိုး ၁၅ ဂိုးအထိ သွင်းယူထားနိုင်ခဲ့ပြီ ဖြစ်သည်။

တူနီးရှားအသင်းအတွက်မူ အင်္ဂလန်ကို ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၁၂ ပွဲအထိ နိုင်ပွဲပျောက်ဆုံးမှုကို ဖြစ်လာစေခဲ့သည်။

အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားအုပ်စုအဆင့် ဒုတိယပွဲစဉ်တွင် ဘယ်လ်ဂျီယံအသင်းကို သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့် ပနားမားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး တူနီးရှားအသင်းမှာမူ ဘယ်လ်ဂျီယံအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

# မလေးရှားနိုင်ငံတွင် သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးများနှင့် ဆက်စပ်သော ကွင်းဆက်တရားခံများ ဆက်လက်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၉**

မလေးရှားနိုင်ငံတွင် သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးများနှင့် ပတ်သက်သော ကွင်းဆက်တရားခံများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးခဲ့ရာ ဇွန် ၂ ရက်တွင် မင်းနိုင်အား ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အမှုဖွင့်ကာ ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများ ပို့ဆောင်ခဲ့သူ မောင်မောင်(ခ) Yassin အား ဇွန် ၅ ရက်တွင် မန္တလေးမြို့ (၁၆)မိုင် စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးရမိခဲ့သည်။

မောင်မောင်၏ထွက်ဆိုချက်အရ မလေးရှားတွင် တွေ့ဆုံသိကျွမ်းခဲ့သည့် ချင်ကျားမူ(ခ) မကျားဝေ(ခ) နှင်းဦးလွင်(ဖမ်းမမိသေး) တာချီလိတ်မြို့နေသူထံမှ မူးယစ်ဆေးဝါးများအား မြန်မာပြည်တွင်း အဆင့်ဆင့်သော သယ်ဆောင်သူများဖြင့် ကားလမ်းကြောင်းနှင့် မော်တော်ယာဉ်အမျိုးမျိုးတို့ကို အသုံးပြုကာ တာချီလိတ်မှတစ်ဆင့် ရန်ကုန်မြို့ လှည်းကူးမြို့နယ်ရှိ မင်းနိုင်ပိုင် Nice Guy သောက်ရေသန့် စက်ရုံသို့ပို့ခဲ့ကြောင်း၊ ယင်းစက်ရုံမှတစ်ဆင့် ဟူစိန်(ခ) မိုဟာမက်ဟူစိန်(ဖမ်းမမိသေး)မှ ၎င်း၏ Bongo Box ယာဉ်ဖြင့် အောက်ပုဇွန်တောင်လမ်းရှိ မောင်မောင်၏ ဂိုဒေါင်သို့ပို့ဆောင်ခဲ့ကြောင်း၊ ယင်းမှတစ်ဆင့် မင်းနိုင်၏ Nice Guy Clerance Service Agency မှ စီစဉ်ပေးမှုဖြင့် ကွန်တိန်နာအတွင်း မြန်မာ့ရိုးရာ အစားအသောက်များနှင့် ရောနှောကာ မလေးရှားနိုင်ငံသို့ ပို့ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ရေလမ်းကြောင်းဖြင့် မလေးရှားနိုင်ငံသို့ ရောက်ရှိကာ မလေးရှားနိုင်ငံတွင်နေထိုင်ပြီး စတိုးဆိုင် ဖွင့်လှစ်ထားသူ ဇေယျာဟိန်း(မောင်မောင်(ခ) Yassin ၏ ယောက်ဖ)က အဆင့်ဆင့်သော အဆက်အသွယ်များဖြင့် လက်ခံရယူထိန်းသိမ်းပြီး ၎င်းမှတစ်ဆင့် ချင်ကျားမူ(ခ)မကျားဝေ(ခ) နှင်းဦးလွင်၏ခင်ပွန်း အစ်ကိုကြီး(ခ) ကတုံး (စီစစ်ဆဲ၊ မလေးရှားနိုင်ငံတွင်နေထိုင်သူ)ထံသို့ ဆက်လက်ပေးပို့ရကြောင်း၊ အစ်ကိုကြီး (ခ) ကတုံးသည် မလေးရှားနိုင်ငံတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးနေသူတစ်ဦးဖြစ်ကြောင်း



ထားဝယ်ကြီး(ခ) အောင်လွင် (ဖမ်းမိ)



ဟူစိန်(ခ)မိုဟာမက်ဟူစိန် (တိမ်းရှောင်)



ချင်ကျားမူ(ခ)ကျားဝေ(ခ)နှင်းဦးလွင် (တိမ်းရှောင်)



ချင်ကျားမူ(ခ) ကျားဝေ (ခ) နှင်းဦးလွင်နှင့် အစ်ကိုကြီး(ခ) ကတုံး (တိမ်းရှောင်)

ဖော်ထုတ်ရရှိခဲ့သည်။ ယင်းနောက် ဇေယျာဟိန်းအား နိုင်ငံကူးလက်မှတ် သက်တမ်းတိုးရန် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာစဉ် ဇွန် ၉ ရက်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

မောင်မောင်နှင့် ဇေယျာဟိန်းတို့နှစ်ဦး၏ တိုက်ဆိုင်စစ်ဆေးထွက်ဆိုချက်များအရ ထားဝယ်မြို့တွင် နေထိုင်သူ ထားဝယ်ကြီး(ခ)အောင်လွင်အား မလေးရှား၌ တွေ့ဆုံသိကျွမ်းခဲ့ပြီး ၎င်းတို့သည် ချင်ကျားမူ(ခ)မကျားဝေ(ခ) နှင်းဦးလွင်နှင့်ဆက်သွယ်ကာ မူးယစ်ဆေးဝါးများကို မလေးရှားနိုင်ငံသို့ ပို့ဆောင်ခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့သဖြင့် ဇွန် ၁၂ ရက်တွင် ထားဝယ်ကြီး(ခ) အောင်လွင်ကို မလွှဲတောင်စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးရမိခဲ့ကာ ၎င်း၏ ထားဝယ်မြို့နေအိမ်မှ အိုက်စ် ၁၀ ဂရမ် သိမ်းဆည်းရမိခဲ့သည်။

ထားဝယ်ကြီး(ခ)အောင်လွင် ၏ထွက်ဆိုချက်အရ မောင်မောင်(ခ) Yassin၊ ဇေယျာဟိန်း၊ ချင်ကျားမူ (ခ) မကျားဝေ (ခ) နှင်းဦးလွင်နှင့် ၎င်း၏ခင်ပွန်း အစ်ကိုကြီး (ခ) ကတုံးတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးများကို မင်းနိုင်၏ အကူအညီဖြင့် မလေးရှားနိုင်ငံသို့ ပေးပို့ခဲ့ကြောင်းနှင့် ၎င်းသည် ယခင်က မလေးရှားနိုင်ငံ၌ မူးယစ်ဆေးဝါးမှုဖြင့် ထောင်ကျခဲ့ဖူးကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

တရားခံများ၏ အစစ်ခံဖော်ထုတ်ချက်များအရ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသော အကျိုးအမြတ်များဖြင့် ရယူပိုင်ဆိုင်ထားသည်ဟု ယူဆရသည့် မြေ၊ အဆောက်အအုံ၊ မော်တော်ယာဉ်၊ ရွှေ၊ ငွေ၊ ဘဏ်စာရင်းများကို စိစစ်ခဲ့ရာ မောင်မောင်(ခ) Yassin (ဖမ်းမိ)ထံမှ ခန့်မှန်းငွေကျပ်သိန်းပေါင်း ခုနစ်သောင်းကျော်၊ ထားဝယ်ကြီး(ခ)အောင်လွင် (ဖမ်းမိ)ထံမှ ခန့်မှန်းငွေကျပ်သိန်းပေါင်း နှစ်သောင်းခုနစ်ထောင်ကျော်၊ ဇေယျာဟိန်း (ဖမ်းမိ)ထံမှ ခန့်မှန်းငွေကျပ်သိန်းပေါင်း လေးထောင်ကျော်၊ မင်းနိုင်(ဖမ်းမိ)ထံမှ ခန့်မှန်းငွေကျပ်သိန်းပေါင်း ငါးရာခန့်၊ ချင်ကျားမူ (ခ) မကျားဝေ (ခ)နှင်းဦးလွင်(တိမ်းရှောင်) ပိုင်ဆိုင်သည့် ခန့်မှန်းငွေကျပ်သိန်းပေါင်း ရှစ်သောင်းကျော်၊ ဟူစိန်(ခ) မိုဟာမက်ဟူစိန်(တိမ်းရှောင်) ပိုင်ဆိုင်သည့် ခန့်မှန်းငွေကျပ်သိန်းပေါင်း ငါးထောင်ကျော်တို့အား ကနဦးစိစစ်တွေ့ရှိရ၍ ထိန်းသိမ်းကာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိသည်။

တရားခံပြေး ချင်ကျားမူ(ခ)မကျားဝေ(ခ)နှင်းဦးလွင် (၄၅)နှစ်ခန့် (ဘ)ဦးစိုင်းမောင် မှတ်ပုံတင်အမှတ် ၁၃/တကန(နိုင်)၁၂၈၈၆၆ အမှတ် ၁/၆(၅၆) ဘုရားဖြူလမ်း နယ်မြေ(၁) ပန်းတင်လမ်းခွဲ တောင်ကြီးမြို့နှင့် အမှတ် ၂/၂၉ ဗိုလ်ချုပ်လမ်း မယ်ခေါင်ရပ်ကွက် တာချီလိတ်မြို့နေသူနှင့် ဟူစိန်(ခ)မိုဟာမက်ဟူစိန် (၄၄)နှစ်ခန့် (ဘ) ဦးဂိုလာမာမက် မှတ်ပုံတင်အမှတ် ၁၀/မလန(နိုင်) ၁၅၀၈၁၂ အမှတ် ၈၁/F ပထမထပ် ၅၅ လမ်း ၂ ရပ်ကွက် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့နေသူတို့အား တွေ့ရှိပါက နီးစပ်ရာရဲစခန်းအသီးသီးသို့ သတင်းပေးပို့နိုင်ပါကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ ရာဇဝတ်ပြင်ဆင်မှု လျှောက်ထားကြားနာပြီး ပြင်ဆင်မှု ရှစ်မှု အမိန့်ချမှတ်

**ရန်ကုန် ဇွန် ၁၉**

ဦးကိုနီလုပ်ကြံခံရမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ နှစ်ဖက်ရှေ့နေများ ရာဇဝတ်ပြင်ဆင်မှု ရှစ်မှုကို တိုင်းတရားသူကြီး ဦးအောင်နိုင် တရားခွင် ၇ ၌ မေ ၂၅ ရက်တွင် အပြီးသတ်ကြားနာခဲ့ပြီး၍ ရာဇဝတ်ပြင်ဆင်ချက်အမိန့်ကို ဇွန် ၁၈ ရက်က ဤတရားခွင်၌ပင် ချမှတ်ခဲ့ကြောင်း သိရသည်။

**မူလအထူးတရားခုံရုံးစွဲချက်အမိန့်**

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ တရားလို ရဲအုပ်မိုးနိုင်၊ ကြည်လင်း(ခ) ဖိုးထူးပါ-၄ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂/၃၄/၁၂၂ အရ လူသတ်မှုနှင့် ရာဇဝတ်ကြီးအမှုအမှတ် ၄၆/၂၀၁၇ တရားလို ရဲမှူး မြတ်ထွန်းကျော်၊ ကြည်လင်း(ခ) ဖိုးထူး ပါ-၂ လက်နက်များ အက်ဥပဒေပုဒ်မ ၁၉(ဃ)(စ)အရ စွဲဆိုထားမှုစစ်ဆေးရန် တရားလိုပြသက်သေ ၈၀ တင်ပြထားရာမှ ရှစ်ဦးကိုပယ်၊ ၇၂ ဦးစစ်ဆေးပြီးနောက် မြောက်ပိုင်းခရိုင်အထူးတရား ခုံရုံး၏ စွဲချက်အမိန့်ချမှတ်ခဲ့ရာမှာ သေနတ်သမား ကြည်လင်း(ခ) ဖိုးထူးအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၃၄ နှင့် ပုဒ်မ ၃၀၂(၂) အရ လည်းကောင်း၊ အမှုနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုး တို့အား ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရ လည်းကောင်း၊ အချုပ်လွတ် အာမခံရရှိထားသူ အောင်ဝင်းထွန်းအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၁၂ အရ လည်းကောင်း၊ သေနတ်သမားကြည်လင်း(ခ)ဖိုးထူး နှင့် အမှု၌ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်တို့အား လက်နက်များ အက်ဥပဒေပုဒ်မ ၁၉(ဃ) (စ) အရ လည်းကောင်း မြောက်ပိုင်းခရိုင်အထူးတရားခုံရုံးက စွဲချက်တင်အမိန့်များ အသီးသီးချမှတ်ခဲ့သည်။

**စွဲချက်အမိန့်အား မကျေနပ်၍ ပြင်ဆင်မှု တက်ရောက်သည်ကို နှစ်ဖက်ကြားနာ**

အမှုနှင့်သက်ဆိုင်သူများက မြောက်ပိုင်းခရိုင်အထူးတရားခုံရုံး စွဲချက်အမိန့်အား ကျေနပ်မှုမရှိ၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ရာဇဝတ်ပြင်ဆင်မှုများ တင်လျှောက်ထားရာ၌ တိုင်းတရားလွှတ်တော် အမှုအမှတ် ၁၄၃(ခ)/၂၀၁၈ အယူခံတရားလို ဦးကိုနီ၏ ဇနီး ဒေါ်တင်အေး၊ ၎င်း၏ရှေ့နေ ဦးခင်မောင်ဌေး၊ အမှုအမှတ် ၅၇(ခ)/၂၀၁၈ အယူခံတရားလို အငှားယာဉ်မောင်း ဦးနေဝင်း၏ဇနီး ဒေါ်စုသက်ခိုင်၊ ၎င်း၏ရှေ့နေ ဦးရောဘတ်စန်းအောင်၊ အမှုအမှတ် ၆၁(ခ)/၂၀၁၈ နှင့် အမှုအမှတ် ၆၅(ခ)/၂၀၁၈ အယူခံတရားလို ကြည်လင်း(ခ)ဖိုးထူး၊ အမှုအမှတ် ၆၂(ခ)/၂၀၁၈ နှင့် အမှုအမှတ် ၆၄(ခ)/၂၀၁၈ အယူခံတရားလို အောင်ဝင်းဇော်၊ အမှုအမှတ် ၅၄(ခ)/၂၀၁၈ အယူခံတရားလို ဇေယျာဖြိုး၊ အမှုအမှတ် ၆၃(ခ)/၂၀၁၈ အယူခံတရားလို အောင်ဝင်းထွန်း အားလုံးတို့၏ ရှေ့နေ ဦးကျော်ကျော်ထိုက်က ရာဇဝတ်ပြင်ဆင်မှု ခြောက်မှု စုစုပေါင်း ရာဇဝတ်ပြင်ဆင်မှု ရှစ်မှု၊ တက်ရောက်ရာ ပြင်ဆင်မှု ရှစ်မှုအား မေ ၂၅ ရက်တွင် တိုင်းတရားသူကြီး ဦးအောင်နိုင် တရားခွင် ၇ ၌ နှစ်ဖက်အကျိုးဆောင်ရှေ့နေများ၏လျှောက်လဲချက်ကို ကြားနာခဲ့သည်။

**တရားခွင်၌ ပြောကြား**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တိုင်းတရားသူကြီး ဦးအောင်နိုင်က "ဒီအမှုဟာ အများစိတ်ဝင်စားတဲ့ အမှုဖြစ်တယ်၊ ဦးရောဘတ်စန်းအောင်ရဲ့ ဖေ့စ်ဘွတ်မှာ တင်တဲ့အချက်အလက်တွေ၊ ဇေယျာဖြိုးက သတင်းစာအပေါ် ပြောပြချက်များနဲ့မဆိုင်၊ ဖိအားတွေမရှိ၊ ဒါကြောင့် ကျွန်တော်မြင်တဲ့အတိုင်း တိတိကျကျ အမိန့်ချမှာ၊ ဒီအမှုကိစ္စနဲ့ပတ်သက်လို့ အပြင်မှာပြောကြမယ်၊ ပြန်ကြားကြမယ်ဆိုရင် ကျွန်တော်က ဘယ်ပုဒ်မ ဘာကိုတော့ အတည်ပြုတယ်၊ ဘယ်ပုဒ်မက ဘယ်လိုရှိတယ်ဆိုတာကို အကြောင်းပြချက်များဖြင့် တင်ပြကြရန်မေတ္တာရပ်ခံချင်ပါတယ်"ဟု တရားခွင်၌ ပြောကြားသည်။

**ပြင်ဆင်မှု အမိန့်ချမှတ်**



တိုင်းဒေသကြီးတရားလွှတ်တော် သတင်းနှင့် ပြန်ကြားရေးအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြသွေးက "ဒီကနေ့ ကြည်လင်း(ခ)ဖိုးထူးကို ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရ ပုဒ်မ ၃၀၂(၂) အရ လည်းကောင်း၊ အောင်ဝင်းဇော်နဲ့ ဇေယျာဖြိုးတို့ကို ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရ လည်းကောင်း၊ အောင်ဝင်းထွန်းကို ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၁၂ အရ လည်းကောင်း မူလက မြောက်ပိုင်းခရိုင်အထူးတရားခုံရုံးစွဲချက်အမိန့်အပြင် လုပ်ကြံခံရသူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီရဲ့ ဇနီး ဒေါ်တင်အေး၊ အငှားယာဉ်မောင်း သေနတ်ထိမှန် သေဆုံးသူ ကိုနေဝင်းရဲ့ ဇနီး ဒေါ်စုသက်ခိုင်တို့က အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ (၄၁)(၄၉)(၅၄) အရပါ ထပ်မံစွဲချက် လျှောက်တာကို ပလပ်ခဲ့တာပါ။ နောက် အောင်ဝင်းဇော်၊ ကြည်လင်း(ခ) ဖိုးထူး၊ အောင်ဝင်းထွန်း ပြင်ဆင်ချက်သုံးမှုကို သက်သေခံပေါ်ပေါက်ချက်အရ ပလပ်ခဲ့ပါတယ်၊ ဇေယျာဖြိုး ပြင်ဆင်ချက် မူလက စွဲချက် ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရကို ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၁၀၉ အရနဲ့ ပြောင်းလဲပြင်ဆင်မိန့်ချမှတ်ခဲ့ပါတယ်၊ လက်နက်များအက်ဥပဒေပုဒ်မ ၁၉(ဃ)(စ) အရ မူလစွဲချက်အမိန့် ကြည်လင်း(ခ)ဖိုးထူးနဲ့ အောင်ဝင်းဇော်တို့ မကျေနပ်မှုပြင်ဆင်ချက်မှာ အမှုတွဲတွေ ပေါ်ပေါက်ချက်တွေ၊ သက်သေခံချက်တွေအရ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃ အရ ကြည်လင်း(ခ)ဖိုးထူး ပြင်ဆင်လျှောက်ထားချက်ကို ပလပ်ပါတယ်၊ အောင်ဝင်းဇော်ရဲ့ မူလစွဲချက်တင် အမိန့်ကို ပယ်ဖျက်ပြီး တရားရှင်လွတ်မြောက်ကြောင်းအမိန့် ချမှတ်ခဲ့ပါတယ်"ဟု ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**တောင်ကြီး ဇွန် ၁၉**

၂၀၁၈ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက် (၂၅) နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၈ ရက် ညနေ ၃ နာရီက ရှမ်းပြည်နယ် တောင်ကြီးမြို့ ရှမ်းပြည်နယ်အားကစားရုံ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့်အတူ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြကာ ပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့သည်။

ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထန်အိတ်နှင့် ပြိုင်ပွဲဝင်များ၊ မြို့နယ်တာဝန်ခံများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အဆိုပါ ပြိုင်ပွဲကို ဇွန် ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြို့နယ် ၃၈ မြို့နယ်မှ အမျိုးသား ၃၈ သင်း၊ အမျိုးသမီး ရှစ်သင်းနှင့် ပြိုင်ပွဲဝင်အားကစားသမား ၂၃၀ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**သက်မှူး**





## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မွေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ဓာတ်ပုံပြပွဲ ဖွင့်ပွဲ မန္တလေးတွင်ကျင်းပ

**ချမ်းမြသာစည် ဇွန် ၁၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၃)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ပန်းချီ၊ ဓာတ်ပုံပြပွဲ ဖွင့်ပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မင်္ဂလာမန္တလေး အနုပညာလမ်းရှိ သီရိအနုပညာခန်းမ၌ ဇွန် ၁၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပြပွဲကိုမန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးတင်ထွဋ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများက ပန်းချီ၊ ဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါပြပွဲကို ဇွန် ၁၉ ရက်မှ ၂၁ ရက်အထိနေ့စဉ် နံနက် ၉ နာရီမှည ၉ နာရီအထိ ပြသမည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲအဖြစ် ဇွန် ၁၉ ရက် ညနေ ၆ နာရီတွင် တိုင်းရင်းသားပဒေသာကပွဲ ကျင်းပကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ကျိုင်းလပ်မြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့အဝင်တံတား ချဉ်းကပ်လမ်း ရေတိုက်စား

**ကျိုင်းလပ် ဇွန် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့တွင် ဇွန် ၁၉ ရက် နံနက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေမြင့်တက်ကာ အမှတ် (၁) ရပ်ကွက်ရှိ မြို့အဝင်တံတား ချဉ်းကပ်လမ်း ရေတိုက်စားမှုဖြစ်ပွားခဲ့သည်။



အဆိုပါ ကျိုင်းလပ်မြို့အဝင်တံတားမှာ အရှည်ပေ ၆၀၊ အကျယ် ၂၄ ပေရှိပြီး ချောင်းရေတိုက်စားမှုကြောင့် ချဉ်းကပ်ကတ္တရာလမ်း ခြောက်ပေနှင့် မြေသားလမ်း လေးပေခန့် ပျက်စီးခဲ့ရာ ခရိုင်လမ်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇင်မင်းဦး၊ မြို့နယ်ဦးစီးအရာရှိ ဦးမြင့်ဇော်၊ ကျိုင်းလပ်မြို့ အုပ်ချုပ်ရေးမှူး ဦးကျော်လင်းအောင်နှင့် ကျိုင်းလပ်မြို့မှ အင်ဂျင်နီယာ ဦးမျိုးဝင်းတို့က ကြီးကြပ်၍ ပြန်လည်ပြုပြင် ဆောင်ရွက်လျက်ရှိပြီး ယာဉ်အသွားအလာများ ပြတ်တောက်မှုမရှိဘဲ ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။

**ကျိုင်းလပ်(ပြန်/ဆက်)**

## ချမ်းမြေ့ပျော်ရွှင် ကျောင်းတစ်ခွင်ခေါင်းစဉ်ဖြင့် လူငယ်ထုအတွင်း မူးယစ်ဆေးသုံးစွဲမှု ကြိုတင်ကာကွယ်ရေး အလုပ်ရုံဆွေးနွေး

**မြစ်ကြီးနား ဇွန် ၁၉**

ကချင်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြစ်ကြီးနားမြို့ မူးယစ်ဆေးစွဲရောဂါသုတေသနအသင်း(SARA) က ကြီးမှူးကာ ပြည်နယ် ပညာရေးမှူးရုံးနှင့် ပြည်နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကာ ချမ်းမြေ့ပျော်ရွှင် ကျောင်းတစ်ခွင်ခေါင်းစဉ်ဖြင့် လူငယ်ထုအတွင်း မူးယစ်ဆေးသုံးစွဲမှုကြိုတင်ကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၉ ရက် နံနက် ၉ နာရီခွဲက မြစ်ကြီးနားမြို့ သီတာရပ်ကွက် ဟိုတယ်နန်းသီတာရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ထိရောက်စွာဟန့်တားနိုင်ရေး**

ကချင်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်နယ်ဥပဒေချုပ် ဦးဒီဆင်ရမ်က အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးစွဲရောဂါ သုတေသနအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဂျော်ထက်ဒိုး က မူးယစ်ဆေးစွဲရောဂါသည် ကာကွယ်၍ရပါကြောင်း၊ မူးယစ်ဆေးစွဲရောဂါကာကွယ်ရေးလုပ်ငန်းစဉ်အား ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိပြီး ယခုဆောင်ရွက်မည့်လုပ်ငန်းစဉ်တွင် ချမ်းမြေ့ပျော်ရွှင် ကျောင်းတစ်ခွင် (Positive School Climate)ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါး စမ်းသပ်သုံးစွဲခြင်းအား ထိရောက်စွာ ဟန့်တားနိုင်ရေးအတွက် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများစုစုပေါင်း ၃၅ ဦးက ကျောင်းအခြေပြု မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးမှု ကို မွန်းလွဲ ၁ နာရီအထိ ကျင်းပခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**

## မျက်စိရောဂါများ ကွင်းဆင်းစစ်ဆေးကုသပေး

**မိတ္ထီလာ ဇွန် ၁၉**

မိတ္ထီလာမြို့နယ်၌ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဒေသကြီး(၂)မှ ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် မျက်စိဆိုင်ရာ ရောဂါများကို ဇွန် ၁၈ ရက် နံနက် ၉နာရီက မကျီးစုကျေးရွာအုပ်စု ကန်နီဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကွင်းဆင်းစစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်း ဒေသကြီး(၂) ကွင်းဆင်းအဖွဲ့၏ ကျေးရွာမျက်စိကျန်းမာရေးစစ်ဆေးခြင်းကို ဒေသဆိုင်ရာ မျက်စိအထူးကုဆရာဝန်ကြီး ဒေါ်မိုးကေသွယ်အောင်နှင့် အဖွဲ့ဝင်များသည် မကျီးစုကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို မျက်စိဆိုင်ရာ ရောဂါများကွင်းဆင်း၍ စမ်းသပ်စစ်ဆေးပေးရာ မျက်စိရောဂါဖြစ်ပွားသူ ၅၇ ဦးကို ကုသပေးခဲ့ပြီး အတွင်းတိမ် ခွဲစိတ်ရန်လိုအပ်သူ ၁၁ ဦးနှင့် အခြား မျက်စိရောဂါများဖြစ်ပွားသူ သုံးဦးတို့အား ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ဇွန် ၁၉ ရက်နံနက် ၁၀ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံတွင် စတင်ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသော ဟောင်းခေါင်+ဝေဝေအောင်(မန္တလေး)၊ အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရရှိသော နန်းဆက်ဝါ+မေခြူးခိုင် (ရန်ကုန်)၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသော ဟောင်းခေါင်+ဟောင်းလွမ် (မန္တလေး)၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် ပထမဆုရရှိသော ဝေဝေအောင် (မန္တလေး)၊ အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် ပထမဆုရရှိသော အောင်မြင့်မြတ် (ရန်ကုန်)၊ အမျိုးသမီး အသင်းလိုက် ပြိုင်ပွဲတွင် ပထမဆုရရှိသော (ရန်ကုန်တိုင်းဒေသကြီးအသင်း)၊ အမျိုးသားအသင်းလိုက်ပြိုင်ပွဲ ပထမဆုရရှိသော (ရန်ကုန်တိုင်းဒေသကြီးအသင်း) တို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က အကောင်းဆုံး အားကစားသမားဆု ရရှိသွားသော အောင်မြင့်မြတ်(ရန်ကုန်)နှင့် ဝေဝေအောင်(မန္တလေး) တို့အားလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အမျိုးသားတံခွန်စိုက်နှင့်အမျိုးသမီးတံခွန်စိုက် ရရှိသွားသော (ရန်ကုန်တိုင်းဒေသကြီးအသင်း)အား လည်းကောင်း ဆုများ အသီးသီး ချီးမြှင့်ခဲ့သည်။

**မောင်မောင်ဇော်**

**အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့်တိုင်းဒေသကြီး အတွင်းရှိကုန်သည်၊ စက်မှု၊ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံ

**ပဲခူး ဇွန် ၁၉**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအတွင်းရှိ ကုန်သည်များ၊ စက်မှုလက်မှုနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲကို မြို့တော်ခန်းမ၌ ဇွန် ၁၈ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေတို့က နိုင်ငံအနေဖြင့် နိုင်ငံခြားဝင်ငွေရရှိရန် အတွက် ပြည်ပပို့ကုန်များများ တင်ပို့နိုင်ရန် အရေးကြီးသလို Ecotourism လုပ်ငန်းသည်လည်း အရေးပါသည့် လုပ်ငန်းဖြစ်ကြောင်း၊ ပြည်ပပို့ကုန်အဖြစ်တင်ပို့နိုင်ရန် အလားအလာကောင်းသော သီးနှံများ၊ တန်ဖိုးမြင့်ထုတ်ကုန်များကို ရွေးချယ်ပြီး အဓိကထားတွန်းအားပေး ဆောင်ရွက်သွားမှာဖြစ်ပြီး နိုင်ငံခြားသားဧည့်သည်များမိမိတို့ တိုင်းဒေသကြီးအတွင်း လာရောက်လည်ပတ်ခြင်းအားဖြင့် နိုင်ငံခြားဝင်ငွေများရရှိအောင် စီစဉ် ဆောင်ရွက်သွားမှာဖြစ်သောကြောင့် ဟိုတယ်လုပ်ငန်းများသည်လည်း အရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ဟံသာဝတီလေဆိပ်စီမံကိန်းပြီးသွားပါက နိုင်ငံခြားခရီးသွားများ အပါအဝင်ဧည့်သည်များ ဝင်ရောက်လာမည်ဖြစ်သောကြောင့် ယခုကတည်းက ကြိုတင်ပြင်ဆင်ထားရန်လိုအပ်ကြောင်း၊ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လာနိုင်ခြင်းဖြင့် သွင်းကုန်အစားထိုးပစ္စည်းများ ထုတ်လုပ်လာနိုင်မှာဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိလာနိုင်မှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး (အရှေ့)ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကိုကိုကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်) ဆန်းစပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးလှမိုး၊ တိုင်းဒေသကြီး ဆန်စပါး ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ကျော်၊ တိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကြည်ထွန်း၊ တိုင်းဒေသကြီး ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးမြင့်သန်း၊ တိုင်းဒေသကြီး ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစန်းလွင်၊ တိုင်းဒေသကြီး သစ်သီးဝလံပန်းမန်အသင်းဥက္ကဋ္ဌ ဦးရဲလွင်၊ တိုင်းဒေသကြီး အဝေးပြေး ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးသန့်ဇင်၊ ရွှေကျင်မြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးတေဇာတိုး၊ သနပ်ပင်မြို့နယ် ဘက်စုံမွေးမြူရေးအစုအဖွဲ့ ခေါင်းဆောင် ဦးသန်းဌေး၊ ပဲနှမ်းစိုက်ပျိုးထုတ်လုပ်သူအစုအဖွဲ့၊ SME စက်မှုလုပ်ငန်းရှင်းများအစုအဖွဲ့နှင့် စပါးစိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့တို့က မိမိတို့နှင့် သက်ဆိုင်သည်များကို အသီးသီးဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဆွေးနွေးတင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ကော့ကရိတ်မြို့တွင် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**ကော့ကရိတ် ဇွန် ၁၉**
ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ဇွန် ၁၉ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်စန္ဒာဆွေက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မိမိတို့ပြောကြားမည့်ခေါင်းစဉ်များအား မဲနှိုက်ရွေးချယ်ခဲ့ကြရာ ပလတ်စတစ်ကင်းစင် ပတ်ဝန်းကျင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူငယ်အနာဂတ်လှပဖို့ မူးယစ်ဆေးဝါးရှောင်ရှားစို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာပေလေ့လာဖတ်ရှုမှု လူသားတိုင်း ကောင်းကျိုးပြု ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲသို့ အမှတ် ၁ အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်း ကျောင်းသား ကျောင်းသူ ၇၅ ဦးနှင့် ဆရာ ဆရာမများတက်ရောက်ခဲ့ကြပြီး ဇွန် ၂၆ ရက်တွင် ဆုပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးထက်အောင်(ကော့ကရိတ်)**



# ရခိုင်ပြည်နယ် မေဃဝတီကမ်းခြေ၌ အပန်းဖြေ၊ ရေကစားသူများဖြင့် စည်ကား

**မာန်အောင် ဇွန် ၁၉**
ရခိုင်ပြည်နယ် မျှော်တော်ဦးကျေးရွာအုပ်စု တောရွာကျေးရွာအနီးရှိ မေဃဝတီကမ်းခြေ၌ ဇွန် ၁၇ ရက် မွန်းလွဲပိုင်းတွင် အပန်းဖြေ၊ ရေကစားလာကြသူများဖြင့် စည်ကားလျက်ရှိသည်။

အပန်းဖြေ၊ ရေကစားလိုသူများအတွက် နေရာကောင်းတစ်ခုသဖွယ် ဖြစ်နေ၍ တနင်္ဂနွေနေ့ရောက်တိုင်း မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများ အပန်းဖြေအနားယူ ရေကစားကာ စည်ကားလျက်ရှိနေကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆည်ကန် ၃၉ ခုအနက် နှစ်ခုသာ ရေပိုလွှဲမှ ရေကျော်

**ပဲခူး ဇွန် ၁၉**
ပဲခူးတိုင်းဒေသကြီးအတွင်းတွင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ဆည်ကန် ၃၉ ခုအနက် ဆည်နှစ်ခုတွင်သာ ရေကျော်စီးဆင်းလျက်ရှိကြောင်းနှင့် ယင်းဖြစ်ရပ်သည် သာမန်အဆင့်သာရှိပြီး ထူးထူးကဲကဲရေကျော်သည့် အဆင့်မရှိကြောင်း ပဲခူးတိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဇွန် ၁၈ ရက်တွင် ပြောကြားသည်။

"ဆည်နှစ်ခုကတော့ လက်ရှိ ရေပိုလွှဲက ရေကျော်စီးနေပါတယ်၊ အဲဒီရေကျော်စီးဆင်းတာကလည်း ပုံမှန်ဖြစ်ရိုးဖြစ်စဉ် အဆင့်ပဲရှိပြီး ထူးထူးကဲကဲရေကျော်တာမျိုး မဟုတ်ပါဘူး၊ အဲဒီဆည်နှစ်ခုအပြင် ကျန်ရှိနေသေးတဲ့ ဆည်တွေကိုလည်း တာဝန်ရှိသူတွေက အချိန်ပြည့်စောင့်ကြပ်နေပြီး ဆည်တမံတွေရဲ့ ကြံ့ခိုင်လုံခြုံရေးကို ကြိုတင်စီမံဆောင်ရွက်နေပါတယ်၊ ဒါ့အပြင် ပဲခူးတိုင်းဒေသကြီးထဲမှာရှိတဲ့ ရေဘေးကာကွယ်ရေးတာတွေကိုလည်း တောင့်တင်းခိုင်မာပြီး လုံခြုံစိတ်ချရအောင် ဌာနအနေနဲ့ ကြိုတင်စီမံဆောင်ရွက်ထားပြီးဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးက ပြောကြားသည်။



"ပဲခူးတိုင်းဒေသကြီးအတွင်း ဇွန် ၁ ရက်မှ ၁၅ ရက်အတွင်း နေရာအနှံ့မိုးသည်းထန်စွာ ရွာသွန်းခဲ့သော်လည်း တိုင်းဒေသကြီးအတွင်း ထိန်းသိမ်းထားသော ဆည်ကန် ၃၉ ခုတွင် ကန်ရေပြည့်အမှတ်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်တဲ့ဆည် လေးခုရှိခဲ့ပြီး လက်ရှိတွင် နှစ်ခုသာ ရေကျော်လျက်ရှိပါတယ်၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆည်ကန်အများစုမှာ မိုးရာသီမတိုင်မီကတည်းက ဝင်လာမယ့် ရေတွေကို စုဆောင်းနိုင်ဖို့အတွက် စိုက်ပျိုးရေပေးရင်း ကြိုတင်လျှော့ချထားတာမို့ ဆည်တော်တော်များများက ရေပြည့်ဖို့ လိုပါသေးတယ်၊ အခုမိုးမှာ ထိုက်သင့်သလောက် သိုလှောင်နိုင်အောင်ပဲ ရေဝင်ရောက်ခဲ့ပါတယ်" ဟု ညွှန်ကြားရေးမှူးက ဆက်လက်ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆည်၊ ကန်များမှ ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးရာသီတွင် စုစုပေါင်း နွေစပါးစိုက်ဧက ၁၇၇၀၀၈ ဧကကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ကာ ယခင်နှစ်ကထက် ၅၂၃၀၉ ဧက ပိုမိုစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပြည်သူအတွက် အကျိုးပြုနိုင်ခဲ့ကြောင်း သိရသည်။

**သူရိန်ထွန်း (ပဲခူး)**

# မွန်ပြည်နယ်တရားလွှတ်တော်ရုံးမှ ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေး သင်တန်းဖွင့်

**မော်လမြိုင် ဇွန် ၁၉**
မွန်ပြည်နယ် တရားလွှတ်တော်ရုံးက ကြီးမှူးဖွင့်လှစ်သော ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် ၁/၂၀၁၈ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၉ နာရီခွဲတွင် မော်လမြိုင်မြို့ ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဝန်ထမ်းများစွမ်းရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးက သင်တန်းတွင် အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကိုနှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ဆက်လက်၍ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော မွန်ပြည်နယ်အတွင်းရှိ တရားရေးမိသားစုဝင် ဝန်ထမ်းသားသမီးများအား ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဦးညီညီစိုးနှင့် ဒေါ်ဌေးမြင့်အေး၊ ပြည်နယ် တရားရေးဦးစီးမှူး ဒေါ်ကြည်ကြည်စိန်းတို့က ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့သည်။

**ကျော်သန်း(မော်လမြိုင်)**



# သန်လျင်အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဇွန် ၁၉**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် နာရေးကူညီမှုအသင်း မေတ္တာရှင် လူငယ်သွေးလှူရှင်အဖွဲ့က ဦးဆောင်၍ သမဝါယမတက္ကသိုလ် (သန်လျင်) အရေးပေါ်သွေးလှူရှင်အဖွဲ့တို့ ပူးပေါင်းကာ ကျောင်းသား ကျောင်းသူ ၁၀၀ ဝန်းကျင်သည် ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက သန်လျင်အထွေထွေရောဂါကု ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခဲ့သည်။

သွေးလှူဒါန်းပွဲသို့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ဦးအောင်နိုင်ထွန်း၊ ဦးနေလင်းအောင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာတိုးတိုး၊ သမဝါယမတက္ကသိုလ် (သန်လျင်) မှ တာဝန်ရှိသူများက သွေးလှူရှင်များကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# မှုခင်းအသိပညာပေး ဟောပြော

**ဇေယျာသီရိ ဇွန် ၁၉**
နေပြည်တော် ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက်၌ ရွှေတွင်းကုန်းမြို့မရဲစခန်းမှ စခန်းမှူး ဒု-ရဲမှူး အောင်ကျော်ဦးသည် ဇွန် ၁၇ ရက်က ကျေးရွာသူ ကျေးရွာသားများအား မှုခင်းပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ခွန်းဆက်နေ**

# မနိုင်တာတွေ လွှတ်ချခဲ့

သိုက်စိုးထွန်း(နတ်ရွာ)

ခရီးတစ်ခုသွားတိုင်းသွားတိုင်း အထုပ်အပိုးတွေ ပြင်ဆင်ရတယ်။ လိုအပ်တဲ့ပစ္စည်းတွေထည့်ရတယ်။ လမ်းမှာဘာတွေလိုမလဲ၊ တိုလီမိုလီ ပစ္စည်းပစ္စယလေးတွေကအစ မကျန်ရလေအောင် စဉ်းစားတယ်။ စဉ်းစားရင်း စဉ်းစားရင်း ထည့်ရင်းထည့်ရင်းနဲ့ ပစ္စည်းတွေက များများလာတယ်။ ခရီးဆောင်အိတ်ကမဆံ့တော့ဘူး။ မဆံ့တော့လည်း ပြန်လျှော့ရပြန်ပြီ။ တတ်နိုင်သမျှ ဝန်ပေါ့တဲ့ဟာ ဝန်ကျုံ့တဲ့ဟာ၊ လမ်းမှာမပါမဖြစ် ယူသွားရမယ့်ဟာတွေကိုပဲ ရွေးပြီးယူရတော့တယ်။ ဒါမှသာ ပေါ့ပေါ့ပါးပါးနဲ့ ခရီးဆက်နိုင်မှာကိုး။

ဒီလိုပဲ။ ဒီလိုပါပဲ၊ ဘဝဆိုတာလည်း ခရီးတစ်ခုပါပဲ။ တစ်ဦးချင်းတစ်ယောက်ချင်း၊ မိသားစုလိုက်၊ အသင်းအဖွဲ့လိုက်၊ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ဘဝခရီးကို အသီးသီး လျှောက်လှမ်းနေကြရတာမို့ တကယ်တော့ ဘဝဆိုတာ ခရီးရှည်ကြီးတစ်ခုပါပဲ။

## နည်းနိုင်သမျှနည်းအောင်

ကိုယ်စီကိုယ်စီ ဘဝခရီးကိုလျှောက်လှမ်းနေကြရတဲ့အချိန်မှာ သယ်ဆောင်လာရတဲ့ ဝန်စည်စလယ်တွေက အများကြီး။ အဲဒီအများကြီးထဲမှာ ကိုယ်နှင့်တိုက်ရိုက်သက်ဆိုင်တဲ့ ဝန်စည်စလယ်တွေ၊ ဝန်ထုပ်ဝန်ပိုးတွေပါသလို ကိုယ်နှင့်မဆိုင်တာတွေလည်း ပါကောင်းပါနေနိုင်တယ်။ ပါ၊ မပါ ပြန်စစ်ကြည့်ဖို့သင့်ပါတယ်။ ပါနေခဲ့ရင် မဆိုင်တာတွေကို နည်းနိုင်သမျှနည်းသွားအောင် လျှော့ချလိုက်ဖို့ကောင်းတယ်။ “သွားရမည့်ခရီးကား ဝေးသေး၏၊ ခြေသာလျှင် ယာဉ်ရှိကုန်၏” ဆိုတဲ့စကားလည်းရှိတယ်မဟုတ်လား။ လျှောက်ရမယ့်လမ်းက အရှည်ကြီးကျန်သေးတယ်လေ။

ရှည်လျားလှတဲ့ဘဝခရီးမှာ ကိုယ်လိုရာခရီးကို တတ်နိုင်သမျှ မြန်မြန်လျှောက်လှမ်းနိုင်ဖို့က သယ်ဆောင်ရတဲ့ ဝန်ထုပ်ဝန်ပိုးတွေကို တတ်နိုင်သမျှ လျှော့ချမှုဖြစ်မယ်လေ။ ဒါမှသာ ပေါ့ပါးသွက်လက်စွာနဲ့ ဘဝခရီးကို ဖြတ်သန်းနိုင်ကြမယ်မဟုတ်လား။

ဘယ်လောက်အထိပေါ့ပါးဖို့လိုမလဲဆိုတော့ အတောင်သာလျှင် ဆောင်အပ်သောဝန်ရှိသည့် ငှက်ကဲ့သို့တဲ့။ အဲသလောက်ကို ပေါ့ပါးနေသင့်သတဲ့။ အဲသလောက်ပေါ့ပါးနေမှကိုခရီးက တွင်ပါသတဲ့။

ဒီနေရာမှာ ဝန်ဆိုတာဘာလဲ၊ ဝန်ဆောင်တယ်ဆိုတာ ဘယ်လိုဟာလဲဆိုတာတွေနှင့်ပတ်သက်ပြီးတော့လည်း စဉ်းစားစရာရှိလာတယ်။ လေးလေးပင်ပင်နဲ့ သယ်ရပိုးရတဲ့ ဝန်စည်စလယ်တွေ၊ ကိုယ်ခန္ဓာနဲ့ သယ်ရပိုးရတဲ့ဟာတွေကတော့ သိသာမြင်သာတယ်။ ဒါ့အပြင် မသိသာမမြင်သာတဲ့ ဝန်စည်စလယ် ဝန်ထုပ်ဝန်ပိုးတွေလည်းရှိနေ ပြန်တယ်။ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးနဲ့ဖြစ်စေ၊ တစ်မျိုးမျိုးနဲ့ဖြစ်စေ ဆောင်ရွက်နေရတာတွေမှန်သမျှကို ဝန်တွေလို့ ပြောလို့ရလိမ့်မယ်ထင်တယ်။

ခရီးတစ်ခုသွားတဲ့အခါ အဓိကလိုအပ်တဲ့ပစ္စည်းပစ္စယကလွဲလို့ ကျန်တဲ့ဝန်ထုပ်ဝန်ပိုးတွေကို ချန်ထားခဲ့သလို ဘဝခရီးမှာလည်း ကိုယ့်ရည်မှန်းချက်ပန်းတိုင်အတွက်ဖြစ်စေ၊ ကိုယ့်မိသားစု၊ ကိုယ့်အသိုင်းအဝိုင်း၊ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ဒေသ၊ ကိုယ့်ဌာန၊ ကိုယ့်လုပ်ငန်းရဲ့ ရည်မှန်းချက်ပန်းတိုင်အတွက်ဖြစ်စေ ချီတက်လျှောက်လှမ်းကြတဲ့နေရာမှာ ကိုယ့်ရဲ့ပင်မရည်ရွယ်ချက်၊ ပင်မလုပ်ငန်းတာဝန်နှင့် သက်ဆိုင်တဲ့အရေးအရာကိစ္စရပ်တွေကိုသာ အဓိကထားဆောင်ရွက်ရင်းနဲ့ လျှောက်လှမ်းရတာက ပိုပြီးတော့ ခရီးတွင်လိမ့်မယ်ထင်တယ်။ ပန်းတိုင်ကို ရောက်ဖို့ ပိုပြီးလွယ်ကူလျင်မြန်လိမ့်မယ်ထင်တယ်။

တစ်ခါတုန်းက လူနှစ်ယောက်ခရီးအတူသွားကြတယ်။ တစ်နေရာမှာရွာပျက်ကုန်းကြီးကို တွေ့ကြတယ်။ ပထမဆုံးတွေ့တာက မစင်ခြောက်တွေ။ အဲဒီမစင်ခြောက်တွေ တွေ့တော့ အိမ်မှာမွေးထားတဲ့ဝက်ကလေးတွေ ကျွေးနိုင်တာပဲ ဆိုပြီးတော့ ကျုံးပြီးအထုပ်နဲ့ ထုပ်သယ်လာကြသတဲ့။ အဲဒီကနေဆက်လျှောက်လာတော့ ဝါဂွမ်းတွေ တွေ့ပြန်တယ်။ ဝါဂွမ်းတွေတွေ့ရတော့ တစ်ယောက်က သယ်လာတဲ့မစင်ခြောက်တွေကိုစွန့်ပစ်ခဲ့ပြီး ဝါဂွမ်းတွေကိုပဲ သယ်ခဲ့တယ်။ ဟိုတစ်ယောက်ကတော့ ငါပင်ပင်ပန်းပန်း သယ်ဆောင်ခဲ့ရတဲ့ဟာတွေကို မစင်ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် စွန့်ပစ်မထားခဲ့နိုင်ဘူးဆိုပြီးတော့ မူလအထုပ်ကြီးကိုပဲ ဆက်ပြီးထမ်းလာခဲ့တယ်။ ဂွမ်းတွေကိုမယူဘူးတဲ့။

နောက်ထပ်ခရီးဆက်ပြန်တော့ ဗိုင်းတောင့်တွေတွေ့တယ်။ စောစောက ဂွမ်းသယ်လာတဲ့သူက ဂွမ်းတွေကို စွန့်ပစ်ပြီးတော့ ဗိုင်းတောင့်တွေကိုပဲသယ်တယ်။ ဟိုတစ်ယောက်ကတော့ မပြောင်းလဲသွားဘူး။ သူ့ပခုံးပေါ်က အထုပ်ကြီးကို မချနိုင်မပစ်နိုင်ဘူးလို့ပဲ တင်းခံနေတယ်။

ဆက်သွားပြန်တော့ ချည်ခင်တွေကိုတွေ့တယ်။ ဗိုင်းတောင့်စွန့်ပြီး ချည်ခင်တွေကို ထမ်းလာခဲ့ပြန်တယ်။ နောက်တစ်ခါကျတော့ အထည်အလိပ်တွေတွေ့တယ်။ အထည်တွေပဲယူခဲ့တယ်။ နောက်ဆုံးကျတော့ ရွှေငွေရတနာတွေကိုတွေ့သွားတယ်။ ဒီတော့ အဝတ်အထည်တွေကိုထားခဲ့ပြီး ရွှေငွေရတနာတွေကိုပဲယူခဲ့တယ်။ ဟိုတစ်ယောက်ကတော့ ကနဦးကတွေ့ခဲ့တဲ့ဟာတွေကိုပဲ ထမ်းလာခဲ့တယ်။ မူလသယ်ဆောင်ခဲ့တဲ့ဟာတွေကို ဘယ်လိုမှ စွန့်မထားခဲ့နိုင်ပါဘူးတဲ့။

အပြန်လမ်းခရီးမှာ မမျှော်လင့်ဘဲ မိုးတွေကလည်း သဲသဲမဲမဲ ရွာချလိုက်တယ်။ တစ်ယောက်ကတော့ မိုးထဲရေထဲမှာ ရတနာထုပ်ကြီးပိုက်လို့ အိမ်အပြန်မျက်နှာပန်းလှသွားတယ်။ တစ်ယောက်ကတော့ သူရဲ့ ဟိုဟာအခြောက်တွေက ရေတွေနူးပြီးတော့ တစ်ကိုယ်လုံးရွှဲရွှဲစိုပြီး နံနံစော်စော်နဲ့ အိမ်ပြန်ရရှာတယ်။ အကြောင်းစုံဖွင့်ပြောလိုက်လို့ မယားဖြစ်သူရဲ့ ဒေါသတကြီးရန်တွေ့မှုကိုတောင် ခံလိုက်ရသတဲ့။

ဒီအဖြစ်အပျက်ကလေးမှာ မူလတွေ့တဲ့ဟာကြီးကိုပဲ မစွန့်နိုင်ဘဲဖြစ်နေသူဟာ နောက်ထပ်တွေ့တာတွေပါပေါင်းပြီးတော့လည်း မသယ်ဆောင်နိုင်ဘူး။ သူမနိုင်ဘူး။ မူလယူပြီးသားဟာတွေကိုလည်းမစွန့်နိုင်ဘူးဖြစ်သွားခဲ့တဲ့ အတွက်သာ အခုလိုဖြစ်ခဲ့ရတာပါ။

## မနိုင်ဝန်ထမ်း

ဒီအဖြစ်လေးကို သင်ခန်းစာယူပြီးတော့ ကိုယ်လျှောက်လှမ်းရမယ့်ဘဝခရီးမှာ ကိုယ့်အတွက်၊ ကိုယ့်ပတ်ဝန်းကျင်အတွက်၊ ကိုယ့်လောကအတွက် အကျိုးရှိရာရှိကြောင်း ကောင်းမြတ်တဲ့လုပ်ငန်းဆောင်တာတွေကိုပဲ သယ်ပိုးရွက်ဆောင်ကြဖို့ ကြိုးပမ်းသင့်တယ်၊ စွန့်ပယ်သင့်တဲ့ဝန်ထုပ်ဝန်ပိုးတွေကို စွန့်ပယ်ထားခဲ့သင့် တယ်လို့ ဆိုချင်ပါတယ်။ ကိုယ်နဲ့မဆိုင်တာတွေ၊ ကိုယ့်အတွက် အကျိုးမရှိတာတွေအတွက် မနိုင်ဝန်ကြီးတွေ ထမ်းရင်းနဲ့ ကိုယ့်ခရီးကို ကြာသထက်ကြာအောင်လုပ်မနေကြစေသင့်ဘူးလို့ ဆိုချင်ပါတယ်။

ကျွန်တော်တို့တစ်တွေနေ့စဉ်နှင့်အမျှ ရုန်းကန်လှုပ်ရှားနေကြတဲ့အခါမှာ တစ်နေ့တစ်နေ့ ကိုယ်လုပ်ကိုင် ဆောင်ရွက်သမျှ အရာအားလုံးကို ပြန်လှန်သုံးသပ်ကြည့်လိုက်ရင် ကိုယ့်အတွက် ဒါမှမဟုတ် သူတစ်ပါးအတွက် အကျိုးရှိရာရှိကြောင်းဖြစ်တဲ့ အရာတွေကိုပဲလုပ်ကိုင်ဆောင်ရွက်ဖြစ်နေသလား၊ ဒါမှမဟုတ် ဘယ်သူ့အတွက်မှ အကျိုးမရှိတဲ့ဟာတွေကိုများ လုပ်ဖြစ်နေသလားဆိုတာတွေကို သေသေချာချာ စိစစ်သင့်ပါတယ်။ စိစစ်ပြီးလို့ အကျိုးမရှိတာတွေကို လုပ်ဆောင်ဖြစ်နေတာကိုတွေ့ရရင်၊ အကျိုးမဲ့တဲ့ ဝန်ထုပ်ဝန်ပိုးတွေကို သယ်ဆောင်လာမိ ပါလားရယ်လို့ တွေ့ရရင်တော့ အဲ့ဒါဝန်ပိုတွေကိုထမ်းလာတယ်လို့ ပြောရမှာပါ။ အဲ့ဒါတွေကို မြန်နိုင်သမျှမြန်မြန် ပစ်ချထားခဲ့သင့်ပါတယ်။ ဒါမှလည်း ကိုယ်လိုရာပန်းတိုင်ကို အမြန်ရောက်နိုင်မှာပါ။

## တတ်နိုင်တဲ့ဝန်ထမ်း

ကိုယ်စီကိုယ်စီကတော့ ကိုယ့်အတွက်ပဲဖြစ်ဖြစ်၊ ကိုယ့်မိသားစုအသိုင်းအဝိုင်းအတွက်ပဲဖြစ်ဖြစ် ကိုယ်တတ်နိုင်တဲ့ ဝန်တွေကို ကိုယ်စီထမ်းပြီးတော့ ဘဝခရီးကိုလျှောက်လှမ်းနေကြတာပါပဲ။ ဒါပေမယ့် ရှေ့ကို ဖြောင့်ဖြောင့်ဖြူးဖြူးလျှောက်ဖို့ထက် ကိုယ်နှင့်သိပ်မဆိုင်တာတွေ၊ ဒါမှမဟုတ် ကိုယ်နှင့်ဆိုင်နေပေမယ့် အဲဒါအတွက် ပိုမိုတိုးတက်ကောင်းမွန်လာဖို့ ကိုယ်ဘာမှလုပ်မပေးနိုင်တာတွေအတွက်နဲ့ပဲ စိတ်သောကတွေ၊ ဒေါသတွေဖြစ်ပြီး ခရီးလမ်းမှာ တထင့်ထင့်နဲ့ဖြစ်နေကြတယ်။ ရှေ့တူရူကို တည့်တည့်ကြည့်ပြီး ဖြောင့်ဖြောင့်လျှောက်နေရမယ့်အစား၊ သွက်သွက်လှမ်းရမယ့်အစား လမ်းကမကောင်းဘူးတို့၊ ချောက်တွေ၊ ကျင်းတွေ၊ ဆူးငြောင့်ခလုတ်တွေများနေတယ်တို့၊ ကတ္တရာလေးခင်းသင့်တယ်တို့၊ တကယ်ဆို ဒီလမ်းကဒီ့ထက်ပိုကောင်းနေသင့်တယ်တို့ စတဲ့အတွေးတွေ၊ အပြောတွေနဲ့ တွေးနေပြောနေရင်းနဲ့ပဲ ရင်တွေမောနေကြတယ်။ စိတ်တွေလေးနေကြတယ်။ ရှေ့ကို လှမ်းဖို့ကျတော့ မေ့မေ့နေကြပြန်တယ်။ လှမ်းဖြစ်တယ်ဆိုဦးတော့ တုံ့ဆိုင်းတုံ့ဆိုင်းနဲ့မို့ ရှေ့ကိုသိပ်မရောက်ဘူး။

တကယ်ဆို ကိုယ်လျှောက်တဲ့လမ်းကောင်းသွားဖို့ ကိုယ်ကခင်းနိုင်တဲ့အစွမ်းရှိရင် ခင်းလိုက်ရုံပေါ့။ ညံ့နေတာတွေကို ကောင်းသွားအောင်လုပ်နိုင်ရင် လုပ်ပေးလိုက်ရုံပေါ့။ ဒါပေမယ့် လုပ်လည်းမလုပ်နိုင်၊ မပြောဘဲလည်း မနေနိုင်၊ စိတ်မပူဘဲလည်း မနေနိုင်ဖြစ်နေပြန်တယ်။ လက်ရှိတွေ့နေတဲ့လမ်းပေါ်မှာ အကောင်းဆုံး ဖြစ်အောင် ဘယ်လိုလျှောက်လှမ်းနိုင်မလဲဆိုတာကိုတော့ တွေးဖို့မေ့နေတတ်ကြပြန်တယ်။

ပညာရေးအတွက် ကြိုးစားရမယ့်အချိန်မှာ ပညာရေးစနစ်အကြောင်း ဝေဖန်ရင်းနဲ့ အချိန်ကုန်သွားတယ်။ လူကြီးမိဘတွေက ကောင်းကောင်းမထောက်ပံ့ပေးနိုင်လို့ဆိုတာကိုတွေးရင်းနဲ့ စိတ်ဓာတ်ကျရင်းအချိန်ကုန်သွားတယ်။ ကိုယ်ကိုယ်တိုင် ကြိုးစားအားထုတ်ရမယ့် အပိုင်းကိုတော့ မေ့မေ့သွားတတ်တယ်။ လက်ရှိအခြေအနေမှာ အကောင်းဆုံးဖြစ်အောင် ကိုယ်ဘာတွေလုပ်နိုင်သလဲဆိုတာကို ရှာတွေးပြီး အဲ့ဒီအတိုင်းလုပ်ဖို့ကျတော့ မေ့နေတတ်ပြန်တယ်။ ကိုယ်လုပ်ရမယ့်ဟာကိုမတွေးဘဲနဲ့ သူများ လုပ်ရမယ့်ဟာတွေကိုချည်းတွေးပြီးတော့ ကိုယ့်အတွက် ခရီးဖင့်နေကြပြန်တယ်။

တခြားကိစ္စတွေလည်း အလားတူပါပဲ။ လမ်းခင်းတဲ့သူက ဆေးကုတဲ့သူအတွက်တွေးရင်းနဲ့ မောနေတယ်။ ဆေးကုတဲ့သူကလည်း ဈေးရောင်းတဲ့သူအတွက် မောနေတယ်။ ဈေးရောင်းတဲ့သူကလည်း ကားမောင်းတဲ့သူအတွက်မောနေတယ်။ ကိုယ်လုပ်ရမယ့်အလုပ်အတွက် မောနေရတာထက် ကိုယ်မလုပ်ရတာတွေအတွက် တွေးပူရတာတွေက ပိုပိုများလာသလားလို့တောင် ထင်ရတယ်။

တကယ်တော့ ဒီလိုမောမနေသင့်ပါဘူး။ ကိုယ့်လမ်းက ဘာလဲ။ ကိုယ်လျှောက်ရမယ့်ဟာက ဘယ်အပိုင်းလဲ။ ကိုယ့်တာဝန်ကဘာလဲ။ ကိုယ့်ခရီးကို ဘယ်လိုနှင်ရင် ပန်းတိုင်ကိုအမြန်ရောက်နိုင်မလဲ။ ဒါတွေကို ပိုပိုပြီး စဉ်းစားသုံးသပ်သင့်ပါတယ်။ ကိုယ့်ဝန်ကိုထမ်းရတာနဲ့ တင် များနေပါပြီ။ သူများဝန်အတွက် စဉ်းစားတာက ကိုယ့်အတွက်အကျိုးမရှိနိုင်သလို သူ့အတွက်လည်း အကျိုးမရှိနိုင်ပါဘူး။

ဒီလိုပြောတော့ ပရဟိတကိုအားမပေးဘဲ အတ္တဟိတကိုများ အားပေးနေသလားလို့ထင်စရာရှိလာပါတယ်။

မဟုတ်ပါဘူး။ ဒီလိုဆိုလိုရင်းမဟုတ်ပါဘူး။ သူသူကိုယ်ကိုယ် တစ်ယောက်စီတစ်ယောက်စီမှာ ကိုယ်လုပ်ဆောင်နိုင်တဲ့ဝန်ဆိုတာရှိပါတယ်။ ကိုယ်ရဲ့စွမ်းအင်တွေက အကန့်အသတ်ရှိပါတယ်။ ကိုယ်သယ်ဆောင်နိုင်သမျှ အတိုင်းအတာအတွင်းကသာ သယ်ဆောင်နိုင်မှာပါ။ ဒီအကန့်အသတ်ကိုကျော်ပြီး ဆောင်ရွက်နိုင်ဖို့ဆိုတာ အလွန်ခက်ပါလိမ့်မယ်။ ဒါ့ကြောင့် ကိုယ့်ကိစ္စကိုသာ ပိုင်ပိုင်နိုင်နိုင်ဖြစ်အောင် အာရုံစိုက်သင့်တယ်၊ တခြားသူတွေ ဆောင်ရွက်ရမယ့်ကိစ္စတွေအတွက် အများကြီးတွေးပူရင်းနဲ့ အချိန်တွေမကုန်သင့်ဘူးလို့ ဆိုလိုရင်းဖြစ်ပါတယ်။

တစ်ခါတုန်းက အနယ်နယ်အရပ်ရပ်ကို ကျွမ်းဘားပညာတွေ လှည့်လည်ပြသနေတဲ့ ဆရာတပည့်နှစ်ယောက်ရှိသတဲ့။ တစ်နေ့တော့ သူတို့က အလွန်အံ့သြ ထိတ်လန့်ဖွယ်ကောင်းတဲ့ ပြကွက်တစ်ခုကို တင်ဆက်ပြသဖို့ အကြံရတယ်။ အတောင်ခြောက်ဆယ်မြင့်တဲ့ဝါးကို ဆရာက အောက်ကထိန်းထားပြီး တပည့်က ဝါးတိုင်ထိပ်ကိုတက်ပြီး ဓားလှံသန်လျက်တွေနဲ့ ကစားပြရမယ့် ပြကွက်တဲ့။ လေ့ကျင့်မှုတွေလည်း အကြိမ်ကြိမ်လုပ်ခဲ့ကြတယ်။

တကယ့်တကယ် ပြမယ့်နေ့ရောက်တော့ တပည့်ဖြစ်သူက စိတ်တွေလှုပ်ရှားနေတယ်။ ရင်တွေ ထိတ်နေတယ်။ ဖြစ်မှုဖြစ်ပါ့မလားပေါ့။ တိုင်ထိပ်မှာသူတက်ကစားနေတုန်း ဆရာဖြစ်သူဘက်ကများ ချွတ်ချော်တိမ်းပါးသွားခဲ့ရင်ဆိုတဲ့အတွေးက သူ့ကိုစိုးရိမ်စိတ်ဝင်သွားစေတယ်။ သူအပေါ်က ကစားနေချိန်မှာ ဓားတွေလှံတွေ မတော်တဆလွတ်ကျသွားခဲ့ရင် သူ့ဆရာလည်း အသက်အန္တရာယ်ရှိနိုင်တယ်ဆိုတာကိုတော့ မတွေးမိဘူးတဲ့။

သူက သူ့ဆရာကိုပြောတယ်။ “ဆရာ၊ အကောင်းဆုံးထိန်းမတ်ပေးစေလိုပါတယ်”လို့။ ဒီတော့ ဆရာဖြစ်သူက တည်ငြိမ်အေးဆေးတဲ့လေသံနဲ့ “တပည့်၊ သင့်ကိုယ် သင်သာစောင့်ရှောက်ပါ၊ သင်လုပ်ရမယ့် အလုပ်ကို သင်ဂရုစိုက်ပြီး အကောင်းဆုံးလုပ်ပါ၊ ငါလည်း ငါ့ကိုယ်ငါစောင့်ရှောက်မယ်၊ မိမိကိုယ်ကိုယ်မိမိ ဂရုစိုက်ခြင်းဟာ မိမိရော သူတစ်ပါးပါ အကျိုးများစေနိုင်ပါတယ်”လို့ ပြောလိုက်သတဲ့။ ဒီတော့ တပည့်ဖြစ်သူကလည်း ဆရာ့စကားကိုနားထောင်ပြီး ရဲရဲဝံ့ဝံ့ဆောင်ရွက်လိုက်တာ သူတို့ရဲ့ပြကွက်ကို အောင်အောင်မြင်မြင် တင်ဆက်နိုင်ခဲ့သတဲ့။

ဒီလိုပါပဲ။ ဘဝခရီးမှာ ကိုယ်ထမ်းရမယ့် အထုပ်အတွက်သာ အာရုံစိုက်ထမ်းရင်းနဲ့ လျှောက်လှမ်းသင့်ပါတယ်။ ကိုယ်နဲ့မဆိုင်တဲ့အထုပ်တွေ၊ ကိုယ်မနိုင်တဲ့ ဝန်ထုပ်ဝန်ပိုးတွေကို သယ်ဆောင်ပြီး လျှောက်လှမ်းကြရင်တော့ ကိုယ့်အတွက်လည်း ခရီးဖင့်သလို ကိုယ့်ခရီးဖော်တွေကလည်း ကိုယ်မနိုင်မနင်းဖြစ်နေတာကို ကြည့်ပြီး နှလုံးမသာမယာဖြစ်သွားနိုင်ပါတယ်။

## မနိုင်တဲ့အပိုင်းကို လွှတ်ချ

ဒီတော့ မနိုင်ဝန်ကြီးထမ်းနေရတယ်လို့ထင်ရင် မနိုင်တဲ့အပိုင်းကို လွှတ်ချလိုက်ပါ။ ဒီလိုလွှတ်ချခဲ့တာဟာ သိမ်ငယ်စရာ ရှက်ရွံ့စရာလည်းမဟုတ်ပါဘူး။ မနိုင်ဝန်ကို မနိုင်ဝန်မှန်းသိရင်ရပါပြီ။ မနိုင်မှန်းမသိဘဲနဲ့ ဆင်ခေါင်းဟဝ့်ါချီသလိုတရွတ်တရွတ်ဖြစ်နေရင် ခရီးကသိပ်တွင်မှာ မဟုတ်ပါဘူး။ အဲဒီမနိုင်ဝန်ဆိုတာကလည်း ကိုယ်ကျွမ်းကျင်တဲ့ နယ်ပယ်မဟုတ်လို့သာ မနိုင်ဝန်ဖြစ်နေတာဖြစ်ပြီးတော့ သက်ဆိုင်ရာ နယ်ပယ်မှာနေတဲ့သူအတွက်ကတော့ သူ့ဟာနဲ့သူ အဆင်ပြေအောင် ဆောင်ရွက်သွားနိုင်လိမ့်မယ်ဆိုတာကို သတိပြုဖို့လိုပါလိမ့်မယ်။

တကယ်စဉ်းစားကြည့်ရင် လူတစ်ယောက်စီရဲ့ စွမ်းဆောင်နိုင်မှုဆိုတာတွေက သိပ်တော့ မသေးလှပါဘူး။ သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်ရာလိမ္မာနိုင်ကြပါတယ်။ အံ့သြလောက်အောင်စွမ်းဆောင်ပြနိုင်သူတွေလည်း အများကြီးရှိပါတယ်။ ကိုယ့်နယ်ပယ်နဲ့ကိုယ်သာ နေထိုင်လုပ်ကိုင်ကြဖို့ အရေးကြီးတာပါ။ ကိုယ့်နယ်ပယ်လေးကို ကောင်းသထက်ကောင်းအောင်၊ တိုးတက်သထက်တိုးတက်အောင် အာရုံစိုက်ကြဖို့သာ အရေးကြီးတာပါ။

လူတိုင်း ဘက်စုံတော်ကြတာတော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် တစ်ခုကောင်းတော့ ကောင်းနိုင်၊ တော်နိုင်ကြတာများပါတယ်။ ဒါဆိုရင် အဲဒီတစ်ခုကောင်းကိုပဲ ကောင်းသထက်ကောင်းအောင်၊ တော်သထက်တော်အောင် အာရုံစိုက်သင့်ပါတယ်။ ကိုယ်က ဆေးပညာရှင်လား။ ဒါဆိုရင် ဆေးလောကတိုးတက်သထက် တိုးတက်အောင် ကြိုးစားပါ။ အင်ဂျင်နီယာလောကအတွက် ဦးလှည့်မနေပါနဲ့။ ကိုယ်က စီးပွားရေးပညာရှင်လား။ ဒါဆို စီးပွားရေးနဲ့ အများအကျိုးကို ဆောင်ရွက်နိုင်အောင်ကြိုးစားပါ။ ခြွင်းချက်အားဖြင့် ဘက်စုံတော်နိုင်ကြတဲ့သူတွေတော့ ရှိပါတယ်။ ဒါကတော့ သတ်သတ်ပါ။

တကယ်လို့ ကိုယ်ဆောင်ရွက်နေရတဲ့အပိုင်းမှာ မနိုင်ဝန်ဖြစ်နေပြီလို့ခံစားနေရပြီဆိုရင် အဲဒါ ကိုယ့်ရဲ့ ကိုယ်ပိုင်နယ်ပယ်ကနေ တခြားဘက်ကို ထွက်နေခဲ့မိသလားဆိုတာ ပြန်သုံးသပ်ကြည့်ပါ။ နယ်ကျွံသွားရင် ကိုယ့်နယ်ထဲကိုယ်ပြန်ဝင်လိုက်ပါ။ ဒါဆိုရင် မနိုင်ဝန်မဖြစ်တော့ဘဲ ကိုယ့်အလုပ်ကို အကောင်းဆုံး၊ အထူးချွန်ဆုံးဖြစ်အောင် စွမ်းဆောင်ပြနိုင်သွားပါလိမ့်မယ်။

ဒါကြောင့် လျှောက်ရဦးမယ့်ကိုယ့်လမ်းခရီး တွင်သထက် တွင်နိုင်ဖို့အတွက် မနိုင်တာတွေကို လွှတ်ချလိုက်ပါ၊ နိုင်တာတွေကိုပဲ ဂရုတစိုက်သယ်ဆောင်သွားပြီးတော့ ကိုယ့်ခရီးကို ဖြောင့်ဖြောင့်တန်းတန်းလျှောက်လှမ်းရင်းနဲ့ ကိုယ့်ရဲ့အကျိုး၊ ကိုယ့်ခရီးဖော်တွေရဲ့အကျိုးကို သယ်ပိုးကြပါလို့ တိုက်တွန်းလိုက်ပါရစေခင်ဗျာ။ ။

> “ ကိုယ်လျှောက်လှမ်းရမယ့်ဘဝခရီးမှာ
> ကိုယ့်အတွက်၊ ကိုယ့်ပတ်ဝန်းကျင် အတွက်၊
> ကိုယ့်လောကအတွက် အကျိုးရှိရာရှိကြောင်း
> ကောင်းမြတ်တဲ့ လုပ်ငန်းဆောင်တာတွေကိုပဲ
> သယ်ပိုးရွက်ဆောင် . . . ”

# စံချိန်တင်ဝင်ငွေနဲ့ ပွဲထွက်လာတဲ့ Incredibles 2

ကာလကြာရှည် စောင့်မျှော်နေခဲ့ရပြီး ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာမှ စတင်ရုံတင်ခဲ့တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင် “Incredibles 2” ဟာ အဖွင့်သီတင်းပတ်အတွင်းမှာ စံချိန်တင်ဝင်ငွေရရှိခဲ့တာ ဖြစ်ပါတယ်။ ယင်းရုပ်ရှင်ရဲ့ တစ်ပတ်အတွင်းဝင်ငွေဟာ အမေရိကန်နဲ့ ကနေဒါက ရုပ်သံဖန်တီးမှုရုပ်ရှင်တွေအနက် အဖွင့်သီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



“Incredibles 2” ကို ပြီးခဲ့တဲ့ သောကြာနေ့က မြောက်အမေရိကားမှာ ရုံတင်ခဲ့ရာမှာတော့ တစ်ပတ်အတွင်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၈၀ ခန့် ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒီဝင်ငွေဟာ လူစွမ်းကောင်းဇာတ်ဆောင်တွေပါဝင်ထားတဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင်တွေအနက် တစ်ပတ်အတွင်း ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ ယခင်က ၂၀၁၆ ခုနှစ်အတွင်း ရုံတင်ပြသခဲ့တဲ့ ဒစ်စနေနဲ့ ပိုက်ဇာတို့ ပူးပေါင်းဖန်တီးခဲ့တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင် “Finding Dory”က အဖွင့်သီတင်းပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၃၅ သန်းနဲ့ ဝင်ငွေအကောင်းဆုံးအဖြစ် စံချိန်တင်ထားခဲ့ပေမယ့် လတ်တလောမှာတော့ “ Incredibles 2”က စံချိန်သစ်ချိုးခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း မြောက်အမေရိကားမှာ ရုံတင်ခဲ့ကြတဲ့ ရုပ်ရှင်တွေအနက် ဒုတိယမြောက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ ရုပ်ရှင်ကတော့ အမျိုးသမီးသရုပ်ဆောင်တွေ အဓိကပါဝင်ထားတဲ့ “Ocean's 8” ဖြစ်ပါတယ်။ ယင်းရုပ်ရှင်ကတော့ စတင်ရုံတင်ခဲ့တဲ့ သီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ပြီး ပြီးခဲ့တဲ့ သီတင်းပတ်မှာတော့ ဒုတိယနေရာကို ဆင်းခဲ့ရတာ ဖြစ်ပါတယ်။ ဟောလိဝုဒ်နာမည်ကျော်မင်းသမီး ဆန်ဒရာဘူးလော့ဒ် ခေါင်းဆောင်ကာ အခြားသောကြယ်ပွင့်တွေဖြစ်ကြတဲ့ အန်းဟက်သာဝေး၊ ကိတ်ဘလန့်ချက်၊ ဟယ်လန်နာဘွန်ဟမ်ကာတာ၊ မင်ဒီကားလင်းနဲ့ ရီဟားနားတို့ ပံ့ပိုးပါဝင်ထားတဲ့ ယင်းဇာတ်လမ်းတွဲရုပ်ရှင်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၆ သန်းသာ ရရှိခဲ့တာဖြစ်ပါတယ်။

တတိယနေရာမှာ ရပ်တည်နေတာကတော့ “Tag” ဖြစ်ပြီး ဟာသဇာတ်လမ်းအမျိုးအစားဖြစ်တဲ့ ယင်းရုပ်ရှင်ဟာ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၆ သန်းနဲ့ စတင်ဖွင့်လှစ်လိုက်တာ ဖြစ်ပါတယ်။ စတုတ္ထနေရာမှာတော့ “Solo: A Star Wars Story”ရုပ်ရှင်က ရပ်တည်နေကာ တစ်ပတ်အတွင်း ဝင်ငွေ ၉ ဒသမ ၁ သန်း ရရှိခဲ့ပါတယ်။ အောင်မြင်ကျော်ကြားတဲ့ ဇာတ်လမ်းတွဲ ရုပ်ရှင်တစ်ကားဖြစ်တာနဲ့လျော်ညီစွာ ဒီရုပ်ရှင်ကို စတင်ရုံတင်ခဲ့သည်မှ ပြီးခဲ့တဲ့ သီတင်းပတ်အထိ မြောက်အမေရိကားမှ ဝင်ငွေ သန်း ၂၀၀ နီးပါး ရရှိခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။ မြောက်အမေရိကားရဲ့ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ရုံတင်ခဲ့ကြတဲ့ ရုပ်ရှင်တွေအနက် ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင် ငါးကားစာရင်းမှာ ပါဝင်နေတဲ့ နောက်ဆုံးသော ရုပ်ရှင်ကတော့ “Deadpool 2” ဖြစ်ကြောင်းလည်း သိရပါတယ်။

# မှတ်တိုင်သစ်ထူလိုက်တဲ့ BLACK PINK

အမျိုးသမီးကေပေါ့ပ်အဖွဲ့ “BLACK PINK”ဟာ လတ်တလောမှာတော့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်နဲ့ ကေပေါ့ပ်



သမိုင်းမှာ စံချိန်သစ်တစ်ခုကို ထပ်မံတင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ အဖွဲ့ရဲ့ တေးသီချင်း “DDU-DU DDU-DU”ရဲ့ တေးဗီဒီယိုဟာ စတင်ထုတ်လွှင့်ခဲ့ချိန်မှ ကြည့်ရှုသူပရိသတ် သန်း ၆၀ ကို အချိန်အတိုဆုံးနဲ့ ရရှိခဲ့တဲ့ တေးဗီဒီယိုအဖြစ် စံချိန်တင်လိုက်ပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီစံချိန်ကို ယခင်ကလည်း “BLACK PINK”ကပဲ တင်ထားခဲ့တာဖြစ်ပေမယ့် လတ်တလောမှာတော့ စံချိန်ဟောင်းထက် ကျော်လွန်ခဲ့တာ ဖြစ်ပါတယ်။ ယခင်က “As If It's Your Last”က စံချိန်တင်ထားခဲ့ပေမယ့် နောက်ဆုံးထွက်ရှိထားတဲ့ “DDU-DU DDU-DU” တေးဗီဒီယိုကတော့ စတင်ထုတ်လွှင့်ခဲ့ချိန်မှ ၈၂ နာရီအတွင်း ကြည့်ရှုသူပရိသတ် သန်း ၆၀ ပြည့်ခဲ့ကာ စံချိန်သစ်ချိုးခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

“BLACK PINK”ဟာ လတ်တလောမှာတော့ အဖွဲ့ရဲ့ မီနီတေးအယ်လ်ဘမ်သစ်ကို ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်သစ်ဟာ အွန်လိုင်းတေးဂီတဝက်ဘ်ဆိုက်တွေမှာ နားဆင်သူပရိသတ်များပြားနေပြီး iTunes တေးဂီတဇယားအချို့ကိုလည်း ဦးဆောင်လျက်ရှိကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

“BLACK PINK”ဟာ ပြီးခဲ့တဲ့ ဇွန် ၁၅ ရက်မှာတော့ မီနီတေးအယ်လ်ဘမ်သစ် “Square Up”ကို စတင်ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်သစ်ဟာ အွန်လိုင်းတေးဂီတဝက်ဘ်ဆိုက်တွေမှာ နားဆင်သူပရိသတ်များပြားနေပြီး iTunes တေးဂီတဇယားအချို့ကိုလည်း ဦးဆောင်နိုင်ခဲ့ပါတယ်။ ယင်းတေးအယ်လ်ဘမ်ရဲ့ ခေါင်းစီးတေး “DDU-DU DDU-DU”ဟာ စတင်ထုတ်လွှင့်ပြီး မကြာမီမှာပင် ဒေသတွင်းတေးဂီတဇယားတွေကို ဦးဆောင်နိုင်ခဲ့ကာ အခြားသော တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “Forever Young”ကလည်း ဒုတိယနေရာမှာ ရပ်တည်နေတာတွေ့ရပါတယ်။

ဇွန် ၁၆ ရက်မှာတော့ ယင်းတေးအယ်လ်ဘမ်ဟာ ကမ္ဘာတစ်ဝန်းက iTunes တေးဂီတဇယား ၃၈ ခုမှာ နံပါတ်တစ်နေရာယူထားခဲ့တာ တွေ့ရပါတယ်။ ဒီအထဲမှာ အာဂျင်တီးနား၊ ဩစတြေးလျ၊ ဘရူနိုင်း၊ ကမ္ဘောဒီယား၊ ကနေဒါ၊ ချီလီ၊ ကော်စတာရီကာ၊ ဖင်လန်၊ ဂရိ၊ ဟောင်ကောင်၊ ဟန်ဂေရီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကာဇက်စတန်၊ မကာအို၊ မလေးရှားစတဲ့ နိုင်ငံတွေလည်း ပါဝင်နေတာတွေ့ရပါတယ်။ ဒ့ါအပြင် “ DDU-DU DDU-DU ”တေးသီချင်းရဲ့ တေးဗီဒီယိုဟာ ကြည့်ရှုသူပရိသတ် ၁၀ သန်း၊ သန်း ၂၀ ကို အချိန်အတိုဆုံးနဲ့ ပိုင်ဆိုင်နိုင်ခဲ့တဲ့ တေးဗီဒီယိုဖြစ်လာခဲ့ကြောင်းလည်း သိရပါတယ်။

# ဘေဘုတ်ကို ဦးဆောင်နိုင်ခဲ့တဲ့ ရက်ပ်တေးသံရှင် XXXTentacion အသတ်ခံရ

တက်သစ်စ ရက်ပ်တေးသံရှင်တစ်ဦးဖြစ်ပြီး ပြီးခဲ့တဲ့ မတ်လအတွင်း ဘေဘုတ်ရဲ့ တေးဂီတဇယားကို နံပါတ်တစ်နေရာကနေ ဦးဆောင်ခဲ့ဖူးသူ XXXTentacion ဟာ လတ်တလောမှာတော့ ဖလော်ရီဒါမှာ သေနတ်နဲ့ ပစ်ခတ်ခံခဲ့ရတာကြောင့် ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း ဟောလိဝုဒ်မီဒီယာများစွာက ရေးသားဖော်ပြခဲ့ကြတာကို တွေ့ရပါတယ်။ မိုင်ယာမီမှာ သေနတ်ဒဏ်ရာတွေကြောင့် ကွယ်လွန်သွားခဲ့တဲ့ ဂီတကြယ်ပွင့်ကို နီးစပ်ရာဆေးရုံကို ပို့ဆောင်ကာ သေဆုံးကြောင်း အတည်ပြုခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။



ဇွန် ၁၈ ရက်မှာတော့ အသက် ၂၀ အရွယ်ရှိပြီဖြစ်တဲ့ ရက်ပ်တေးသံရှင်ဟာ မိုင်ယာမီရဲ့ နေ့လယ်ခင်းမှာပင် သေနတ်နဲ့ အချက်ပေါင်းများစွာ ပစ်ခတ်ခံခဲ့ရတာပါ။ အခင်းဖြစ်ပွားရာသို့ တာဝန်ရှိသူတွေ ရောက်လာချိန်မှာတော့ သူ့ရဲ့ကားထဲမှာ သေနတ်ဒဏ်ရာ တွေနဲ့နောက်ကိုလန်ကျနေတာ တွေ့ခဲ့ရပြီး စတွေ့ချိန်ကတည်းက နှလုံးခုန်နှုန်း စမ်းမရတော့တာ ဖြစ်ပါတယ်။ သူ့ကို နီးစပ်ရာဆေးရုံသို့ ခေါ်ဆောင်သွားခဲ့ပြီးနောက် သေဆုံးကြောင်း အတည်ပြုခဲ့တာဖြစ်တယ်လို့ ဒေသခံရဲတွေက ပြောကြားခဲ့ပါတယ်။

အမည်ရင်း ဂျက်စီအွန်ဖရွန်းလို့တွင်တဲ့ XXXTentacion ဟာ ဖလော်ရီဒါ ဇာတိဖြစ်ပါတယ်။ ဒီပြည်နယ်ထဲက ကမ်းခြေမြို့တစ်မြို့ဖြစ်တဲ့ မိုင်ယာမီကို ရောက်ရှိနေစဉ် မော်တော်ဆိုင်ကယ်အရောင်းဆိုင်အနီး သေနတ်နဲ့ ပစ်ခတ်ခံခဲ့ရပြီး ကွယ်လွန်ခဲ့တာပါ။ မျက်မြင်သက်သေတွေရဲ့ ပြောကြားချက်ကို ကိုးကားကာ ဖော်ပြချက်တွေအရ ရက်ပ်တေးသံရှင်ဟာ မော်တော်ဆိုင်ကယ်ဝယ်ယူဖို့အတွက် အခင်းဖြစ်နေရာကို ရောက်လာခဲ့တာဖြစ်ပြီး သေနတ်သမားနှစ်ဦးက သူ့ကို ကားပေါ်ကနေ ပစ်ခတ်ထွက်ပြေးသွားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ သေနတ်သမားတွေဟာ တေးသံရှင်ရဲ့ကားပေါ်ကနေ အထုပ်တစ်ထုပ်ကို ယူသွားခဲ့ကြပြီး သူ့ကို သေနတ်နဲ့ အချက်ပေါင်းများစွာ ပစ်ခတ်ခဲ့တာဖြစ်ပါတယ်။ သေနတ်သမားနှစ်ဦးဟာ လူမည်းအမျိုးသားတွေဖြစ်ကာ ခေါင်းစွပ်ပါတဲ့အင်္ကျီတွေကို ဝတ်ဆင်၍ အနီရောင်နှာခေါင်းစည်းတွေကို ဝတ်ဆင်ထားကြတယ်လို့လည်း သိရပါတယ်။

XXXTentacion ရဲ့ လူမှုကွန်ရက်မီဒီယာဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တဲ့စာသားတွေအရ ရက်ပ်တေးသံရှင်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အဆုံးမှာ မိုင်ယာမီမှာ အလှူပွဲပြုလုပ်သွားမှာဖြစ်ကြောင်း သိရပါတယ်။

အေးပြည့်-ရေးသားသည်



## မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ဘားအံမြို့တွင် ကျင်းပ

**ဘားအံ ဇွန် ၁၉**
၂၀၁၈-၂၀၁၉ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကရင်ပြည်နယ် ဘားအံမြို့ လှာကမြင်ကွက်သစ် စည်ပင်ပန်းခြံဝင်းအတွင်း၌ ဇွန် ၁၉ ရက် နံနက် ၇ နာရီက ကျင်းပ သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် စိန်ပန်း၊ ခရေ၊ ငုဝါ၊ တည်၊ ပျဉ်းမအစရှိသည့် သစ်ပင်ပေါင်း ၃၅၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် တက်ရောက်သစ်ပင်စိုက်ပျိုးပေးခဲ့သည်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာများမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

၂၀၁၈-၂၀၁၉ ခုနှစ် မိုးရာသီကာလအတွင်း ဘားအံမြို့နယ်တွင် ကျွန်း၊ မဟော်ဂနီ၊ မန်ကျည်းရှား၊ ယူကလစ်၊ ပျဉ်းကတိုး၊ စိန်ပန်း၊ ငုဝါ၊ ပျဉ်းမ၊ ခရေ၊ ရေတမာ၊ ဗာဒံ၊ ပိတောက် အစရှိသည့် သစ်ပင်ပေါင်းတစ်သိန်းကျော်ကို လူထုဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ပြီး ယနေ့ထိ အပင်ပေါင်းလေးသောင်းခန့် စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## စလင်းမြို့နယ်အတွင်းရှိရေဘေးသင့်အိမ်ထောင်စုများအား ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ထောက်ပံ့လှူဒါန်း

**စလင်း ဇွန် ၁၉**
မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချောင်းကမ်းပါးပြိုကျမည်ကို စိုးရိမ်၍ နေအိမ်ပြောင်းရွှေ့ရသည့် အိမ်ထောင်စုဝင်များနှင့် ချောင်းရေဝင်ရောက်သဖြင့် ယာယီပြောင်းရွှေ့ရသည့် အိမ်ထောင်စုများအတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ထောက်ပံ့ပေးအပ်လှူဒါန်းခြင်းကို ဇွန် ၁၉ ရက်က စလင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ပေးအပ်လှူဒါန်းသည့် အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ်၊ ဆီတစ်ပိဿာနှင့် ကုလားပဲတစ်ပြည်စီတို့အား ဖောင်ဒေးရှင်းကိုယ်စား ပေါင်းတူးကျေးရွာအုပ်စု၊ ပေါင်းတူး(တ)ရွာ၊ ဇရပ်လှကျေးရွာအုပ်စု၊ ရှားတောကျေးရွာ၊ ညောင်လင်းဇင်းအုပ်စု၊ ရှမ်းစုကျေးရွာ၊ ပေါင်းတူးအုပ်စု၊ ပေါင်းတူး(တ)ကျေးရွာ၊ ဇရပ်လှအုပ်စု၊ ရှားတော(န)ကျေးရွာ၊ မကျီးဖျားကျေးရွာအုပ်စု၊ သရက်ကျင်းကျေးရွာနှင့် သမန်းကျင်းကျေးရွာအုပ်စု၊ အေးချမ်းသာကျေးရွာများမှ အိမ်ထောင်စု ၅၁ စုတို့အား ထောက်ပံ့ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရေး ဘာသာပေါင်းစုံ တွေ့ဆုံပွဲ ကျင်းပ

**မြိတ် ဇွန် ၁၉**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရေး၊ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဘာသာရေးဆိုင်ရာ မလိုလားအပ်သော ပြဿနာများမဖြစ်ပွားစေရေးအတွက် ဇွန် ၁၇ ရက်တွင် မြိတ်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့၊ မြိတ်ခရိုင်ရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဌာနများ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ထွန်းက ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိပြီး မလိုလားအပ်သော ပြဿနာများ မဖြစ်ပေါ်စေရေး၊ မိမိမြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အေးချမ်းတည်ငြိမ်ရေးသည် အဓိကကျသဖြင့် ဘာသာရေးဆိုင်ရာ ပြဿနာများ မဖြစ်ပွားစေရေး ဟန်ချက်ညီစွာ ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းဆောင်ရွက်သွားနိုင်ရန် လိုအပ်ပါကြောင်း၊ မူးယစ်ဆေးဝါးသည် တစ်မျိုးသားလုံးအတွက် အန္တရာယ်ကြီးမားသဖြင့် တက်ရောက်လာကြသည့် ဘာသာပေါင်းစုံ ကိုယ်စားလှယ်များက ဝိုင်းဝန်းပူးပေါင်းတိုက်ဖျက်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲ တက်ရောက်လာကြသူများက တစ်ဦးချင်း မိတ်ဆက်ခဲ့ကြပြီး မြိတ်ခရိုင် ရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဌာနများက ကဏ္ဍအလိုက်ဆွေးနွေး ပြောကြားခဲ့ကြသည်။ ဆက်လက်၍ တက်ရောက်လာကြသူများက မြိတ်ဒေသသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် ဒေသတစ်ခုဖြစ်ပြီး ဘာသာရေးဆိုင်ရာ ပဋိပက္ခများ ဖြစ်ပွားခြင်းမရှိဘဲ ဘာသာပေါင်းစုံချစ်ကြည်ရင်းနှီးစွာ နေထိုင်လျက်ရှိကြကြောင်း၊ မြို့နယ်များတွင် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့ဝင်များအနေဖြင့် မကြာခဏ တွေ့ဆုံညှိနှိုင်း ဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ပါကအဖွဲ့၏ ရည်ရွယ်ချက် ပိုမိုထိထိရောက်ရောက် အောင်မြင်လာမည်ဖြစ်ပါကြောင်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**နိုင်ထူး(ပြန်/ဆက်)**

## ကျောင်းသားကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**သထုံ ဇွန် ၁၉**
အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် သထုံမြို့နယ်ရဲတပ်ဖွဲ့ ပညာရေးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ ဇွန် ၁၈ ရက် နံနက်က သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ရှိ အထက(သိမ်ဆိပ်) ကျောင်း၌ ကျောင်းသားကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ ပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲများကို ကျင်းပသည်။

အခမ်းအနားတွင် သထုံမြို့နယ် မဲဆန္ဒနယ်မြေအမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူက အဖွင့်အမှာစကားပြောကြားပြီး မဲဆန္ဒနယ်မြေအမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လှဲ့က ကျောင်းသားကျောင်းသူများဉာဏ်ရည်မြင့်မားရေး အထွေထွေ သိမှတ်ဖွယ်ရာများအား ဆွေးနွေးသည်။

ယင်းနောက် သထုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က ပညာပေးဟောပြောပွဲနှင့် ပြပွဲ ကျင်းပပေးရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ သထုံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်မြင့်ခိုင်က ကျောင်းသားကျောင်းသူများနှင့် မူးယစ်ဆေး၏ ဆိုးကျိုးအန္တရာယ်များ၊ တရားမဝင်ရောင်းဝယ်နေမှုများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် မှုခင်းကျဆင်းရေးတို့ကို အကျယ်တဝင့် သရုပ်ပြဆွေးနွေး ဟောပြောသည်။

အဆိုပါ ဟောပြောပွဲတွင် သထုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မူးယစ်ဆေးဝါးဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ကဗျာ၊ ဆောင်းပါးများ၊ သိမှတ်ဖွယ်ရာနံရံကပ်စာစောင်များနှင့် စာအုပ် စာစောင်များကို ဝေဝေဆာဆာ ခင်းကျင်းပြသထားရာ ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ADBချေးငွေဖြင့် ဖောက်လုပ်ထားသော မအူပင်-ကျိုက်လတ်-ဖျာပုံအဝေးပြေးကားလမ်းမကြီး

**ဖျာပုံ ဇွန် ၁၉**
ဇွန် ၁၁ ရက်ထုတ် ကြေးမုံသတင်းစာပါ ဖျာပုံမြို့ထွက် ချောင်းတွင်း ကျေးရွာ ချောင်းတွင်းတံတားခြေဆင်းနှင့် ADB အဝေးပြေးကား လမ်းမကြီးတို့ ဆုံရာနေရာအနီးရှိ ခြေဆင်းမြေထိန်းနံရံများသည် မိုးရေတိုက်စားပြီး ပြိုကျပျက်စီး၍ အက်ကွဲကြောင်းများ ဖြစ်ပေါ်နေကြောင်းသတင်းတွင် ADB က တာဝန်ယူ လုပ်ဆောင်ခြင်းမဟုတ်ဘဲ ADB ချေးငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၏ စီမံမှုခန့်ခွဲမှုအောက်တွင် ကန်ထရိုက်တာနှစ်ဦးက လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်သည့်အပြင် ADBချေးငွေဖြင့် ဖောက်လုပ်ထားသောအဝေးပြေးကားလမ်းမကြီးဖြစ်ပြီး ကျောက်ရောမြေသား တာပေါင်ဖြစ်ကြောင်း သိရသည်။

ယခုကာလသည် တည်ဆောက်ဆဲကာလ ဖြစ်သောကြောင့် တည်ဆောက်သည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်ကျန်ရှိနေသော ကာလဖြစ်သဖြင့် ၎င်းတာပေါင်များအား မိုးရာသီ၌ ဆက်လက် ဆောင်ရွက်ရဦးမည်ဖြစ်ကြောင်း သိရသည်။

မအူပင်-ကျိုက်လတ်-ဖျာပုံ အဝေးပြေးကားလမ်းမကြီးအား အဆင့်မြှင့်တင်ပြုပြင်ရာတွင် ADBချေးငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၏ စီမံခန့်ခွဲမှုအောက်တွင် ကန်ထရိုက်တာနှစ်ဦးက လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး CSC က ဒီဇိုင်းနှင့်အရည်အသွေး ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတစ်ခုဖြစ်သည်။ ADB သည် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သော စီမံကိန်းများ ဆောင်ရွက်ရန် ချေးငွေထုတ်ပေးသည့် အဖွဲ့အစည်းသက်သက်သာဖြစ်ပြီး စီးပွားရေးဘဏ်တစ်ခု မဟုတ်ကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**

## မယ်စဲ့တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မယ်စဲ့ ဇွန် ၁၉**
"စိမ်းလန်းစိုပြည်သာယာဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့" ဆောင်ပုဒ်နှင့် အညီ ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၉ ရက် နံနက် ၇ နာရီက မယ်စဲ့မြို့ အမှတ်(၁)မြို့ရှောင်လမ်းတစ်လျှောက်၌ ကျင်းပခဲ့သည်။



မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးသန့်၊ မြို့နယ်သစ်တောဦးစီးမှူး ဦးစိုင်းသန်းညွန့်နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက ကျွန်း၊ မဲဇလီ၊ အော်ရေးရှား၊ မဟော်ဂနီ၊ စစ်(ခ)သစ်ဖြူပင် အစရှိသည့် သစ်ပင်ပေါင်း ၆၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**ဝတ်ရည်(ပြန်/ဆက်)**

နိုင်လင်းကြည်
ရေးသားသည်။

# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ



## မက်ဆီ ပင်နယ်တီလွဲခဲ့ပြီး စီရိုနယ်လ်ဒိုဟက်ထရစ်သွင်းယူနိုင်ခဲ့

ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိတဲ့ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စုအဆင့်အဖွင့်ပွဲစဉ်တွေ ယှဉ်ပြိုင်ကစားခဲ့ရာမှာ မဟာပြိုင်ဘက်နှစ်ဦးဖြစ်တဲ့ မက်ဆီရဲ့ခြေစွမ်းနဲ့ စီရိုနယ်လ်ဒိုရဲ့ခြေစွမ်းတို့ကို တွေ့မြင်ခဲ့ကြရပါတယ်။

အဲဒီအုပ်စုအဆင့် အဖွင့်ပွဲစဉ်တွေမှာ ဘောလုံးမှော်ပညာရှင် မက်ဆီရဲ့ အာဂျင်တီးနားအသင်းဟာ အိုက်စလန်းအသင်းနဲ့ ကစားခဲ့ရတာဖြစ်ပြီး ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒိုရဲ့ ပေါ်တူဂီအသင်းကတော့ ဥရောပရဲ့ နာမည်ကြီးအသင်းဖြစ်တဲ့ စပိန်အသင်းနဲ့ ထိပ်တိုက်တွေ့ခဲ့ရတာပါ။ အဲဒီလိုတွေ့ဆုံခဲ့ချိန်မှာ မက်ဆီက အိုက်စလန်နဲ့ ပွဲစဉ်မှာ ပင်နယ်တီ လွဲခဲ့ပြီး စီရိုနယ်လ်ဒိုကတော့ နာမည်ကြီးစပိန်အသင်းကိုတောင် ဟက်ထရစ် သွင်းယူပြခဲ့ကာ မက်ဆီထက်စွမ်းဆောင်ရည်ကောင်း ပြသနိုင်ခဲ့တာဖြစ်ပါတယ်။

အဲဒီလိုတိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ ဟက်ထရစ်သွင်းဂိုးဟာ အခု ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ပထမဆုံးသော ဟက်ထရစ်သွင်းဂိုးဖြစ်တဲ့အပြင် ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ စတုတ္ထမြောက် ကစားသမားလည်းဖြစ်လာခဲ့ပါတယ်။

အဲဒီ ဟက်ထရစ်သွင်းဂိုးက ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ပရိသတ်တွေ အံ့အားသင့်သွားစေခဲ့တာဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ရွှေဖိနပ်ဆုရှင်ဖြစ်လာမယ်လို့လည်း ရေပန်းစားနေခဲ့ပါတယ်။



## ကမ္ဘာ့အဆင့် (၁) နေရာပြန်လည်ရောက်ရှိလာတဲ့ ရော်ဂျာဖက်ဒါရာ

ဆွစ်ဇာလန် ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား ရော်ဂျာဖက်ဒါရာဟာ တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားခဲ့တဲ့ စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲမှာ ကနေဒါတင်းနစ်အကျော်အမော်ရာ အိုနစ်ကို အနိုင်ရရှိခဲ့ပြီးနောက် ကမ္ဘာ့အဆင့် (၁) နေရာကို ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။ ရော်ဂျာဖက်ဒါရာအနေနဲ့ စတုဂတ်အိုးပင်း တင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့ခြင်းဟာ သူ့အတွက်တော့ တင်းနစ်ကစားသမားဘဝတစ်လျှောက် ရရှိခဲ့တဲ့ (၉၈) ကြိမ်မြောက် ဆုဖလားလည်းဖြစ်လာခဲ့ပါတယ်။ အသစ်ထုတ်ပြန်လိုက်တဲ့ တင်းနစ်လောက ကမ္ဘာ့အဆင့် သတ်မှတ်ချက်မှာ ရော်ဂျာဖက်ဒါရာက အဆင့် (၁)၊ စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်က အဆင့် (၂)၊ ဂျာမနီ တင်းနစ်ကစားသမား အလက်ဇန္ဒားဗာရက်က အဆင့် (၃)၊ အာဂျင်တီးနားတင်းနစ်ကစားသမား ဒယ်ပေါ်ထရိုက အဆင့် (၄) စသဖြင့် အသီးသီးရပ်တည်လျက်ရှိပါတယ်။ ရော်ဂျာဖက်ဒါရာဟာ လက်ရှိမှာ အသက်အရွယ်အားဖြင့် ၃၆ နှစ်ရှိပြီ ဖြစ်ပေမယ့် တင်းနစ်ကစားသမားဘဝမှာ ချန်ပီယံဆုဖလား အကြိမ် ၁၀၀ အထိ ရယူနိုင်ဖို့ ပစ်မှတ်ထားနေပါတယ်။

## ဘယ်လ်ဂျီယံနဲ့ ပနားမားပွဲစဉ်မှာ ဟာဇက်ညီအစ်ကို အတူပွဲထွက်ကစားခွင့်ရခဲ့

ကမ္ဘာ့ဖလားအုပ်စု(G)ရဲ့ အဖွင့်ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဘယ်လ်ဂျီယံအသင်းနဲ့ ပနားမားအသင်းတို့ပွဲစဉ်မှာ ဟာဇက်ညီအစ်ကိုနှစ်ဦးဖြစ်တဲ့ အေဒင်ဟာဇက်နဲ့ သော်ဂန်ဟာဇက်တို့ဟာ အတူတကွ ပွဲထွက်ကစားခွင့်ရရှိခဲ့ပါတယ်။ အဲဒီပွဲစဉ်မှာ အေဒင်ဟာဇက်ကို ပွဲထွက်လူစာရင်းတွင် ထည့်သွင်းကာ သော်ဂန်ဟာဇက်ကိုတော့ ပွဲပြီးဖို့ ခုနစ်မိနစ် အလိုမှာ လူစားဝင်ကစားသမားအဖြစ် ထည့်သွင်းကစားစေခဲ့တာပါ။ အဲဒီပွဲစဉ်မှာ ဘယ်လ်ဂျီယံအသင်းက သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာပါ။ ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက်မှာ အေဒင်ဟာဇက်နဲ့ သော်ဂန်ဟာဇက်တို့လို ညီအစ်ကိုနှစ်ဦးစလုံး ပါဝင်ကစားခွင့်ရရှိခဲ့သည့်အသင်းတွေရှိခဲ့ဖူးပြီး ၁၉၅၈ မှာ ဂျွန်ချားလက်နဲ့ မယ်ချားလက်(ဝေးလ်)၊ ၁၉၆၆ မှာ ဘော်ဘီချာတန်နဲ့ ဂျက်ချာတန်(အင်္ဂလန်)၊ ၁၉၉၀ မှာ ဖရန်ကိုအစ်နဲ့ အန်ဒရီ(ကင်မရွန်း)၊ အာဝင်နဲ့ ရော်နယ်ကိုးမန်း(ဟော်လန်)၊ ၁၉၉၄ နဲ့ ၁၉၉၈ မှာ ဖရန့်နဲ့ ရော်နယ်ဒီဘိုး(ဟော်လန်)၊ ၁၉၉၈ မှာ ဘရီယန်နဲ့ မိုက်ကယ်လောဒရပ်(ဒိန်းမတ်)၊တိုရီအန်ဒရီနဲ့ ဂျော့စတိန်းဖလို(နော်ဝေ)၊ ၂၀၀၂ မှာ နီကိုနဲ့ ရောဘတ်ကိုဗက်(ခရိုအေးရှား)၊ ၂၀၀၆ နဲ့ ၂၀၁၄ မှာ ကိုလိုတိုရေးနဲ့ ယာယာတိုရေး(အိုင်ဗရီကို့စ်) စတဲ့ ညီအစ်ကိုတွေအတူတကွ ပွဲထွက်ကစားခွင့် ရရှိခဲ့တာဖြစ်ပါတယ်။






## ကစားသမားတွေကို အပြင်းအထန်လေ့ကျင့်စေခဲ့တဲ့ ပြင်သစ်နည်းပြဒက်ချမ့်

ပြင်သစ်အသင်း နည်းပြဒက်ချမ့်ဟာ သူ့ရဲ့ကစားသမားတွေကို တနင်္လာနေ့ကပြုလုပ်ခဲ့တဲ့ လေ့ကျင့်ရေးအစီအစဉ်မှာ အပြင်းအထန်လေ့ကျင့်စေခဲ့ပါတယ်။ ပြင်သစ်အသင်းဟာ ကမ္ဘာ့ဖလားချန်ပီယံဖြစ်ဖို့ ရေပန်းစားနေတဲ့ အသင်းတွေထဲမှာ တစ်သင်းအပါအဝင်ဖြစ်ပြီး ကမ္ဘာ့ဖလားအုပ်စုအဆင့် အဖွင့်ပွဲစဉ်မှာ ဩစတြေးလျအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိထားတဲ့အသင်းလည်း ဖြစ်ပါတယ်။ ပြင်သစ်အသင်းဟာ အုပ်စု(C)မှာ အကောင်းဆုံး အသင်းဖြစ်ပြီး လာမယ့်ပွဲစဉ်အဖြစ် ပီရူးအသင်းနဲ့ ဇွန် ၂၁ ရက်မှာ ကစားရမှာဖြစ်ပါတယ်။ နည်းပြဒက်ချမ့်က ကစားသမားတွေကြံ့ခိုင်မှုပြည့်ဝစေဖို့ မော်စကိုမြို့ရဲ့ တောက်ပတဲ့ နေရောင်အောက်မှာ လေ့ကျင့်စေခဲ့သလို အဲဒီလိုလေ့ကျင့်မှုတွေနဲ့ အနားယူမှုတွေကို ပြင်သစ်ကစားသမားတွေက ဓာတ်ပုံရိုက်ပြီး ပြန်လည်ဖော်ပြခဲ့တာဖြစ်ပါတယ်။

## အလွန်ကြီးမားတဲ့ မွေးနေ့ကိတ်လက်ဆောင်ရလိုက်တဲ့ ဆာလာ

အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ သူ့ရဲ့မွေးနေ့မှာ အလွန်ကြီးမားတဲ့ မွေးနေ့ကိတ်တစ်ခု လက်ဆောင်ရခဲ့ပါတယ်။ အဲဒီလိုလက်ဆောင်ပေးခဲ့တာဟာလည်း မိုဟာမက်ဆာလာကို အံ့အားသင့်လောက် အောင်အပျော်တွေ ဖြစ်ပေါ်စေဖို့ ပေးခဲ့တာဖြစ်တယ်လို့လည်း မွေးနေ့ကိတ်ကို ဖန်တီးပေးခဲ့တဲ့ ချေချင်းညာက ပရိသတ်တစ်စုက ဆိုပါတယ်။ မိုဟာမက်ဆာလာဟာ အဲဒီမွေးနေ့ကိတ်ကို အီဂျစ်အသင်းနဲ့ ဥရုဂွေးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကမ္ဘာ့ဖလားအုပ်စုအဆင့်အဖွင့်ပွဲစဉ်အပြီးမှာ မိုဟာမက်ဆာလာ ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာတော့ မိုဟာမက်ဆာလာ ပါဝင်ကစားခဲ့ခြင်း မရှိခဲ့ပါဘူး။ အီဂျစ်အသင်းရဲ့ အုပ်စုအဆင့် ဒုတိယပွဲစဉ်ဖြစ်တဲ့ ရုရှားအသင်းနဲ့ပွဲမှာ မိုဟာမက်ဆာလာပါဝင်လာမှာဖြစ်ပါတယ်။ သူ့ရဲ့အသက် ၂၅ နှစ်ကနေ ၂၆ နှစ်ကို ကူးပြောင်းတဲ့နေ့မှာ အလွန်ကြီးမားတဲ့ မွေးနေ့ကိတ် လက်ဆောင်ရခဲ့တဲ့အပြင် အီဂျစ်အသင်း ကစားဖော်တွေရဲ့ မွေးနေ့မှာပျော်ရွှင်ပါစေဆိုတဲ့ သံပြိုင်ကောင်းချီးပေးမှုကိုလည်း ရရှိခဲ့ပါတယ်။ မိုဟာမက်ဆာလာရရှိခဲ့တဲ့ မွေးနေ့ကိတ်ရဲ့ ထူးခြားမှုကတော့ကိတ်ရဲ့ထိပ်မှာကြီးမားတဲ့ ရွှေဖိနပ်တစ်ခုပါဝင်နေခြင်းပါပဲ။



JUNE 30, 2018 (Sat)

NOVOTEL HOTEL, 9:00 a.m to 12:00 noon

ဆယ်တန်းအလွန် ရွေးချယ်စရာအနာဂါတ် ပညာရေးနှင့် အခွင့်အလမ်းများ

CROWN EDUCATION YOUR DOOR TO THE FUTURE

ROYAL ACADEMIC INSTITUTE

ACT Education Solutions LTD

◆ စင်ကာပူအစိုးရတက္ကသိုလ် (NUS - NTU - SMU) နှင့် ပိုလီတက်နစ်သိမှတ်ဖွယ်ရာများ
◆ နိုင်ငံတကာဆေးတက္ကသိုလ်တက်လိုသူများအတွက် သိထားသင့်သည့် အချက်အလက်များ
◆ ပြည်တွင်းပုဂ္ဂလိက / အစိုးရတက္ကသိုလ်တွေတက်မယ်ဆိုရင် အရွေးမမှားအောင် ဘယ်လိုရွေးမလဲ
◆ ပြည်ပမှာ ကျောင်းတက်ဖို့အတွက် IGCSE, GCE 'A', SAT, ACT တွေကို ဘယ်အချိန်မှာ ပြင်ဆင်သင့်သလဲ
◆ ပြည်တွင်းကုန်ကျစရိတ်အတိုင်း ပြည်ပတွင် သင်ယူနိုင်မည့်ကျောင်းနှင့် နိုင်ငံများအကြောင်း
◆ နိုင်ငံတကာပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ လျှောက်ထားခြင်းအတွက် ပြင်ဆင်သင့်သည့်အချက်များကို ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။



ဖုန်းနံပါတ် – ၀၁ ၅၂၇ ၈၃၈၊ ၀၉ ၄၄ ၅၅ ၆၆ ၇၀၁ ၊ ၀၉ ၄၄ ၅၅ ၆၆ ၇၀၂ ၊ ၀၉ ၄၅၀၀ ၅၆ ၃၀၀

မိမိတို့ ဗာဝါသနာပါတယ် ဘယ်လိုပညာရပ်တွေမှာ ထူးချွန်နိုင်တယ်ဆိုတာ သိရှိနိုင်တဲ့ Multiple Intelligences SELF - ASSESSMENT ကို အခမဲ့ စစ်ဆေးပေးမှာဖြစ်ပါတယ်။

စာစစ်မှူးချုပ်၊ စာစစ်တာဝန်များကို နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့ကြသော ပါမောက္ခကြီးများ၊ ကထိကဆရာကြီးများ၊ စာသင်သက်ရင့်ဆရာကြီးများကိုယ်တိုင်
၂၀၁၉ မေးခွန်းပုံစံနှင့်အညီ ကြိုတင်ပြင်ဆင်လေ့ကျင့်ရန် နည်းပေးလမ်းညွှန် ရေးသားပြုစုထားသော



တိုင်းကျော် ပြည်ကျော် ထင်ပေါ်ပညာ

MOTHERS LIGHT

၂၀၁၉ ရွှေလက်ရာ

KG တန်း မှ တက္ကသိုလ်ဝင်တန်းအထိ
(သင်ရိုးသစ်၊ သင်ရိုးကုန်)ဘာသာစုံ စာအုပ်များ
မူလတန်း ၊ အလယ်တန်း ၊ အထက်တန်း
အတန်းစုံ စာစီစာကုံးနှင့် မီးနင်းစာအုပ်များ

မေးခွန်းပုံစံသစ်နှင့်အညီ ပြင်ဆင်ပြည့်စွက်ရေးသားထားသော

တက္ကသိုလ်ဝင်တန်း
မေးခွန်းပုံစံအသစ်
သင်ရိုးကုန်ဘာသာစုံစာအုပ်များ
(တစ်ဘာသာတစ်အုပ်)

အခန်းတစ်ခုချင်းစီအလိုက်၊ မေးခွန်းနံပါတ်စဉ်အလိုက် စဉ်းစားတွေးခေါ် သင်ကြား သင်ယူမှုဆိုင်ရာ လေ့ကျင့်မေးခွန်းနှင့် အဖြေစုံ

၂၀၁၅ မှ ၂၀၁၈ ထိ စတုတ္ထတန်း
၄ နှစ်စာ မေးခွန်းဟောင်းနှင့်စံပြအဖြေများစုစည်းမှု
(တစ်ဘာသာတစ်အုပ်)

၂၀၁၅ မှ ၂၀၁၈ ထိ အဋ္ဌမတန်း
၄ နှစ်စာ မေးခွန်းဟောင်းနှင့်စံပြအဖြေများစုစည်းမှု
(တစ်ဘာသာတစ်အုပ်) ထွက်ပြီ

၂၀၁၈ အဋ္ဌမတန်း မေးခွန်းဟောင်း စံပြအဖြေများ အတွဲ(၁)၊ အတွဲ(၂)

၂၀၁၈ စတုတ္ထတန်း မေးခွန်းဟောင်း စံပြအဖြေများ (ဘာသာစုံ ပေါင်းချုပ်)

ဖြန့်ချိရေး ◆ အမှတ် - ၂၉၇- ၂၉၉၊ ပထမထပ်၊ လမ်း(၃၀)အထက်၊ ပန်းဘဲတန်းမြို့နယ်။ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၀၄၁၁၆၁၂၊ ၀၉ ၇၃၁၃၀၉၆၈၊ ၀၉ ၅၀၆၃၄၅၁။

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင်၊ နေပြည်တော်အုတ်စက်ရုံတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) VCB(Vacuum Circuit Breaker) (1 Set) (Frequency 50Hz, Voltage 12KV, Normal Current 630A,Short Circuit Breaking Current 25kA, Duration of Short Circuit 4 S, Operating Sequence 0.033-CO,180 S-CO,Operating Voltage DC 110V, Motor Voltage DC 110V, CT Ratio 20 50/5/5 A, PT Ratio $\frac{11000 \sqrt{3}}{110 \sqrt{3}}$ , Rated Closing Control Voltage 110 VDC,Rated Tripping Control Voltage 110 VDC, Over Current Relay-Digital, Energy Meter- MWH meter)

၂။ (က) တင်ဒါပုံစံထုတ်ပေးမည့်ရက် - ၂၀-၆-၂၀၁၈ ရက်
(ခ) တင်ဒါပိတ်မည့်ရက်/အချိန် - ၆-၇-၂၀၁၈ ရက်
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - နေပြည်တော်အုတ်စက်ရုံ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်-

- နေပြည်တော်အုတ်စက်ရုံ၊ ပျဉ်းမနား-တောင်ညိုကားလမ်း၊ မိုင်တိုင်(၁၆)မိုင်၊ (၄)ဖာလုံ၊ မင်းကုန်းကျေးရွာအနီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
- ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၉-၇၈၄၃၀၀၁၄၃၊ ၀၉-၇၉၁၄၇၇၂၈၈၊ ၀၉-၇၆၇၁၆၄၅၀၉

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

Diamond Sponsor by

ForEver Gems by ရွှေနန်းတော်

Biggest Wedding Fair Sales

Eternal Flame
Marry Wedding Day 2018 YANGON



SALE 2 DAYS ONLY Up to 60% OFF

23 & 24 June 2018
MELIÃ YANGON HOTEL
9:00am - 9:00pm

ကျပ်(၃)သောင်းမှ(၅)သိန်းတန်ဖိုးရှိ
ရွှေဆွဲသီးနှင့် ရွှေဆွဲကြိုးများသာပါဝင်သည့်ဗလာမပါကံစမ်းမဲ

မိတ်ဆွေ ! အင်္ဂလိပ် နှင့် မြန်မာ ဘာသာပြန် ဝန်ဆောင်မှု ရှာဖွေနေပါသလား ??

www.myanmayadanarconsulting.com သို့ ဝင်ရောက် ကြည့်ရှုလိုက်ပါ။ Phone 09791713462

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃)နှစ်ပြည့် မွေးနေ့အခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၁၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃)နှစ်ပြည့် မွေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လွှတ်တော်ဝင်းအတွင်းရှိ I-12 ဆောင်၌ ကျင်းပသည်။

မွေးနေ့ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး၊ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့်ဇနီး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ဇနီး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့်ဇနီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**မွေးနေ့ကိတ်လှီး**

မွေးနေ့ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား အခမ်းအနားသို့ တက်ရောက်လာကြသူများက မွေးနေ့သီချင်း သီဆိုဆုတောင်းပေးခဲ့ကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မွေးနေ့ကိတ်ကို လှီးဖြတ်ပေးသည်။ **(ယာပုံ)**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်မှ ဝန်ထမ်းများနှင့် မြေယာရှုခင်းအဖွဲ့မှ ဝန်ထမ်းများအား မွေးနေ့အထိမ်းအမှတ် စတုဒိသာအဖြစ် ကိတ်မုန့်၊ အအေးနှင့် ထမင်းဘူးများ ဝေငှပေးသည်။

**ငြိမ်းချမ်းရေး ချိုးဖြူငှက်များ လွှတ်ပေး**

ထို့နောက် မွေးနေ့အထိမ်းအမှတ်အဖြစ် I-12 ဆောင်ရှေ့တွင် ငြိမ်းချမ်းရေး ချိုးဖြူငှက်များ လွှတ်ပေးခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ **သတင်းစဉ်**



# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး အကြိုပြင်ဆင်ရေးအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့ ဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယ အစည်းအဝေး အကြိုပြင်ဆင်ရေးအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့ ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူးများဖြစ်ကြသည့် ဦးခင်ဇော်ဦး၊ ဦးလှမောင်ရွှေ၊ ဦးဇော်ဌေး၊ ဦးအောင်စိုးနှင့် ပူးတွဲကော်မတီဝင်များ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ အစိုးရအစုအဖွဲ့မှ ပါဝင်သင့် ပါဝင်ထိုက်သူများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အကျိုးဆောင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး ဦးခင်ဇော်ဦးက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေးကို ဇူလိုင်လ ဒုတိယပတ်တွင် ကျင်းပရန်လျာထားပါကြောင်း၊ ကဏ္ဍအသီးသီးတွင် ဒုတိယအကြိမ် အစည်းအဝေး၌ စုစည်းထားသည့် လက်ကျန်စုစည်းချက်များ ကျန်နေပါကြောင်း၊ နိုင်ငံရေးလုပ်ငန်းကော်မတီတွင် ဆွေးနွေးချက် ၁၉ ချက်ကျန်နေပါကြောင်း၊ စီးပွားရေး၊ လူမှုရေးနှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့**

